# မြန်မာ့အလင်း

၁၂၇၅ ခုနှစ်က တည်ထောင်သည်။ Established in 1914

**Myanma Alinn Daily**

၁၃၇၇ ခုနှစ်၊ တပို့တွဲလပြည့်ကျော် ၂ ရက်   ၂၀၁၆ ခုနှစ်၊ ဖေဖော်ဝါရီ ၂၅ ရက်၊ ကြာသပတေးနေ့၊   အတွဲ [၅၅]၊ အမှတ် [၁၄၈]


## နိုင်ငံတော်သမ္မတ ဦးသိန်းစိန် ကူဝိတ်နိုင်ငံအမျိုးသားနေ့ သဝဏ်လွှာများပေးပို့

**နေပြည်တော်  ဖေဖော်ဝါရီ  ၂၅**

၂၀၁၆ ခုနှစ် ဖေဖော်ဝါရီ ၂၅ ရက်တွင်ကျရောက်သော ကူဝိတ်နိုင်ငံ၏ အမျိုးသားနေ့တွင် ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတ ဦးသိန်းစိန်ထံမှ ကူဝိတ်နိုင်ငံဘုရင် ရှိတ်ခ် ဆာဘား အယ်လ် အာမက် အယ်လ် ဂျာဘား အယ်လ် ဆာဘား ထံသို့ ဝမ်းမြောက်ကြောင်း သဝဏ်လွှာပေးပို့သည်။

*စာမျက်နှာ ၈ ကော်လံ ၁* ✻

# (၈) ကြိမ်မြောက် အာရှ ပစိဖိတ်ဒေသ မျိုးဆက်ပွားကျန်းမာရေးနှင့် အခွင့်အရေးဆိုင်ရာ ညီလာခံဖွင့်ပွဲအခမ်းအနားကျင်းပ




**နေပြည်တော်  ဖေဖော်ဝါရီ  ၂၄**

(၈)ကြိမ်မြောက် အာရှ ပစိဖိတ်ဒေသ မျိုးဆက်ပွားကျန်းမာရေးနှင့် အခွင့်အရေးဆိုင်ရာ ညီလာခံဖွင့်ပွဲအခမ်းအနားကို ယနေ့ နံနက် ၉ နာရီတွင် နေပြည်တော်ရှိ မြန်မာအပြည်ပြည်ဆိုင်ရာကွန်ဗင်းရှင်းဗဟိုဌာန-၂ ၌ ကျင်းပရာ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ဒုတိယသမ္မတ ဒေါက်တာ စိုင်းမောက်ခမ်း တက်ရောက်အမှာစကားပြောကြားသည်။ **(အပေါ်ပုံ)**

*စာမျက်နှာ ၃ ကော်လံ ၁* ◆

## မူးယစ်ဆေးဝါးတိုက်ဖျက်ရေးတွင် ဟန့်တားနှောင့်ယှက်သူများ၏ အန္တရာယ်မှကာကွယ်ပေးရန် အရေးကြီး အဆိုတင်သွင်း

ပြည်သူ့လွှတ်တော်အစည်းအဝေး၊ စာ-၇

## အမျိုးသားလွှတ်တော်နှင့် ဗီယက်နမ်၊ လာအို၊ ထိုင်း၊ ဂျပန်၊ စင်ကာပူ လွှတ်တော်များနှင့် လွှတ်တော်ချင်း ချစ်ကြည်ရင်းနှီးရေးအသင်းများ ပြင်ဆင်ဖွဲ့စည်းခြင်းအတည်ပြု

အမျိုးသားလွှတ်တော်အစည်းအဝေး၊ စာ-၇




# မြန်မာ့အလင်း အယ်ဒီတာ့အာဘော်

## မြို့ပြလေထုနှင့်ကျန်းမာရေး

မြို့ကြီးပြကြီးများတွင် စက်ရုံ၊ အလုပ်ရုံများ တိုးပွားလာခြင်း၊ ဆောက်လုပ်ရေးလုပ်ငန်းများ တိုးတက်လာခြင်းနှင့် မော်တော်ကားအသုံးပြုမှု များပြားလာခြင်းတို့ကြောင့် ကျွန်ုပ်တို့ နေ့စဉ်ရှူရှိုက်နေရသော လေထုအခြေအနေမှာ တဖြည်းဖြည်း ညစ်ညမ်းလျက်ရှိပါသည်။ အန္တရာယ်ရှိသောလေကို နေ့စဉ် ရှူရှိုက်မိပါက ရေရှည်တွင်ကျန်းမာရေးပြဿနာများ ဖြစ်ပေါ် လာနိုင်ပါသည်။ ကောင်းမွန်သန့်ရှင်းလတ်ဆတ်သော လေကို ရှူရှိုက်ပါမှ ကျန်းမာရေးအတွက် အကျိုးရှိနိုင်ပါသည်။ လေထု သန့်ရှင်းရေးသည် လူသားတို့ကျန်းမာရေးအတွက် များစွာ အရေးကြီးလှပေသည်။

ယခုအခါ ရန်ကုန်မြို့ကြီးသည် လူဦးရေ ခုနစ်သန်းကျော် နေထိုင်သော မြို့ကြီးဖြစ်လာပါသည်။ စက်ရုံ၊ အလုပ်ရုံများလည်း တိုးပွားလာလျက်ရှိပါသည်။ မော်တော်ကားသုံးစွဲမှုမှာလည်း များပြားလာပါသည်။ တစ်ချိန်တည်းမှာပင် ဆောက်လုပ်ရေးလုပ်ငန်းများလည်း တိုးပွားလာလျက်ရှိပါသည်။ သို့အတွက် လေအခြေအနေမှာ မြို့ပြင်လေထုထက် ပို၍ပူနွေးခြင်းနှင့်ညစ်ညမ်းခြင်းတို့ စတင်ဖြစ်ပေါ်လျက်ရှိပါသည်။

ထို့ကြောင့်လည်း ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီက ၂၀၁၅ ခုနှစ် နှစ်ဆန်းပိုင်းမှစတင်ကာ လေထုအရည်အသွေးစစ်ဆေးရေးစက်များတပ်ဆင်ကာ သတ်မှတ်ထားသောနေရာ ၆၇ နေရာ အနက် ၄၇နေရာတွင် တိုင်းတာစစ်ဆေးမှုများပြုလုပ်ခဲ့ပါသည်။ လေထုအရည်အသွေးအညွှန်းကိန်း **(Air Quality Index)** ၅၀ ကျော်လျှင် လေထုညစ်ညမ်းမှု စတင်ဖြစ်ပွားသည်ဟု ပညာရှင်များက ဆိုပါသည်။

လေထုအရည်အသွေးတိုင်းတာရာတွင် ကမ္ဘာ့ကျန်းမာရေးအဖွဲ့ကြီးက သတ်မှတ်ထားသော စံသတ်မှတ်ချက်များနှင့်အညီ လေထုအတွင်း ဖုန်မှုန့်၊ ဆာလဖာဒိုင်အောက်ဆိုက်၊ ကာဗွန်ဒိုင်အောက်ဆိုက်နှင့် နိုက်ထရိုဂျင်အောက်ဆိုက်တို့ ပါဝင်မှုကို အခြေခံလျက် တိုင်းတာမှုများ ပြုလုပ်လျက်ရှိကြောင်း သိရသည်။ ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီက လေထုအရည်အသွေးကို ပထမဆုံးအကြိမ် တိုင်းတာမှုပြုလုပ်ခြင်းဖြစ်၍ မည်ရွေ့မည်မျှလေထုညစ်ညမ်းမှုရှိသည်ကို ထုတ်ပြန်နိုင်ခြင်းမရှိသေးသော်လည်း ဒုတိယအကြိမ်တိုင်းတာမှုပြုလုပ်သည့်အခါမှသာ လေထုညစ်ညမ်းမှုရှိ မရှိကို ထုတ်ပြန်နိုင်မည်ဖြစ်ကြောင်း သိရသည်။

ယခုအခါ ရန်ကုန်မြို့ပေါ်တွင် သီးခြားစက်မှုဇုန်များ ထူထောင်ထားပြီဖြစ်သော်လည်း မီးခိုးခေါင်းတိုင်တပ် စက်မှုလက်မှုလုပ်ငန်းများနှင့် ကားဘော်ဒီအလုပ်ရုံများမှာ လူနေရပ်ကွက်များအတွင်းရှိနေဆဲဖြစ်ပါသည်။ မီးခိုးထွက်ကားများကို တွေ့မြင် နေရဆဲဖြစ်ပါသည်။ မဆင်မခြင်မြေကြီးသယ်ကားများကြောင့်လည်း ညစ်ညမ်းလျက်ရှိပါသည်။ ရန်ကုန်မြို့တော်စည်ပင်သာယာရေး ကော်မတီက ထိထိရောက်ရောက် ကိုင်တွယ်ရန် လိုအပ်နေပါသည်။ သို့ဖြစ်၍ မြို့ပြလေထုညစ်ညမ်းလာခြင်းသည် အများပြည်သူများ၏ ကျန်းမာရေးကို ထိခိုက်နိုင်ပါသဖြင့် ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီအနေဖြင့် လေထုအရည်အသွေးကို တိုင်းတာစစ်ဆေးမှုများ ပြုလုပ်နေသကဲ့သို့ အခြားတစ်ဖက်တွင်လည်း လေထုညစ်ညမ်းမှုကို ဖြစ်စေနိုင်သောလုပ်ငန်းများကို ထိထိရောက်ရောက် ကိုင်တွယ်ဆောင်ရွက်သင့်ပါကြောင်း။ ။


မြန်မာ့အလင်း

၁၂၇၅ ခုနှစ်က တည်ထောင်သည်။

**Myanma Alinn Daily**

| | | |
|---|---|---|
| စာတည်းမှူးချုပ် | - | အောင်နိုင်ဦး |
| စာတည်းမှူး | - | ဝင်းရွှေ |
| စာတည်း | - | ထိန်လင်း၊ မြင့်စိုး၊ ကြည်ဝင်း၊ ဝင်းကျော် |
| သတင်းထောက်မှူး | - | မြင့်ဆွေ |
| ထုတ်ဝေခြင်းအမှတ် | - | (၀၁၀၉၃) |
| ပုံနှိပ်ခြင်းအမှတ် | - | (၀၀၈၇၇) |
| ကြော်ငြာ | - | ၀၁-၅၄၅၈၃၄ ၊ ၀၁- ၅၅၉၁၁၈<br>Fax ၀၁-၅၄၆၂၂၁၊ ၀၆၇-၃၆၁၄၈ |
| ဖြန့်ချိ | - | ၀၁-၅၄၄၃၁၇၊ Fax- ၀၁-၈၆၀၄၅၄၆ |


# လောကချမ်းသာအဘယလာဘမုနိကျောက်တော်ကြီးဘုရား ဗုဒ္ဓပူဇနိယပွဲတော်ကျင်းပ

**ရန်ကုန် ဖေဖော်ဝါရီ ၂၄**

လောကချမ်းသာအဘယလာဘမုနိရုပ်ပွားတော်မြတ်ကြီး(ကျောက်တော်ကြီးဘုရား)၏ (၁၅)ကြိမ်မြောက် ဗုဒ္ဓပူဇနိယပွဲတော်၊ ဗုဒ္ဓါဘိသေက အနေကဇာတင် မင်္ဂလာအခမ်းအနားနှင့် ဆွမ်းဆန်စိမ်းလောင်းလှူပွဲ အခမ်းအနားကို ရန်ကုန်တိုင်းဒေသကြီး အင်းစိန်မြို့နယ် မင်းဓမ္မကုန်းတော်ပေါ်၌ ကျင်းပရာ ဆရာတော် သံဃာတော်များက လောကချမ်းသာ အဘယလာဘမုနိရုပ်ပွားတော်မြတ်ကြီးအား ဗုဒ္ဓါဘိသေက အနေကဇာတင်တော်မူကြသည်။

ထို့နောက် နိုင်ငံတော်သြဝါဒါစရိယ သယ်န်းကျွန်းမြို့နယ် စစ်ကိုင်းစာသင်တိုက် ပဓာန နာယက အဂ္ဂမဟာပဏ္ဍိတဘဒ္ဒန္တဓမ္မာနန္ဒထံမှ ဧည့်ပရိသတ်တို့က ကိုးပါးသီလခံယူဆောက်တည်ကြကာ ဆရာတော် သံဃာတော်အရှင်သူမြတ်များက ပရိတ်တရားတော်များ ရွတ်ပွားသရဇ္ဈာယ်တော်မူကြသည်။

လောကချမ်းသာအဘယလာဘမုနိရုပ်ပွားတော်မြတ်ကြီး (ကျောက်တော်ကြီးဘုရား)၏ ဗုဒ္ဓပူဇနိယပွဲတော်တွင် မြန်မာ့ရိုးရာခြင်းအလှုခတ်ပူဇော်ခြင်း၊ တရားပွဲများကျင်းပခြင်း၊ နှမ်းမနဲများ လှူဒါန်းခြင်းနှင့်ဝတ်ရွတ်ပူဇော်ခြင်းများကို ထည့်သွင်းကျင်းပခဲ့ကြောင်း သိရသည်။ **(သတင်းစဉ်)**

# လမ်းတားတုံးဝါများ နေရာရွှေ့မှုကြောင့် ယာဉ်အန္တရာယ်ရှိနိုင်

**ထင်သာမြင်သာပြုပြင်စရာ**

လမ်းမတော်မြို့နယ်အတွင်း မဟာဗန္ဓုလလမ်း၏ လမ်းလယ်ကြောတွင် လမ်းတားတုံးများ စီတန်းအပြည့်ချထားသည်ကို ဖေဖော်ဝါရီ ၂၀ ရက်အထိ တွေ့ရသည်။

ယင်းကဲ့သို့ မဟာဗန္ဓုလလမ်းမှ ယာဉ်ဝင်၍ မရသော ၉ လမ်း၊ ၁၀ လမ်း၊ လှည်းတန်းလမ်းထိပ်တို့တွင် လမ်းတုံးများ စီတန်းချထားသဖြင့် ယာဉ်အန္တရာယ် ယခင်ကထက် ပိုမိုကင်းရှင်းသွားသည်ဟု ဈေးရောင်းချသူ ကိုသန့်ဇင်က ပြောသည်။

မဟာဗန္ဓုလလမ်းမှ ယာဉ်ဝင်၍ ရသောလမ်းသွယ်များဖြစ်သည့် ၁၁ လမ်းနှင့် ၁၂ လမ်းထိပ်တို့တွင်မူ ယာဉ်ကြောပြောင်းမောင်းနှင်၍ ရရန် နေရာချန်ထားပေးသည်ကို တွေ့ရသည်။




ဖေဖော်ဝါရီ ၂၃ ရက်တွင် မဟာဗန္ဓုလလမ်းမှ ယာဉ်ဝင်၍ မရသော လှည်းတန်းလမ်းထိပ် မဟာဗန္ဓုလလမ်းလယ်တုံး လေး တုံး နေရာကပ် ရွှေ့ထားပြီး ယာဉ်ငယ်တစ်စီးထောင့်မှန်ချိုး အနေအထားဖြင့် ဖြတ်ကွေ့ဝင်ရန် ပြုလုပ်ထားသည်ကို မြင်တွေ့နေရပြန်သည်။

ပြီးခဲ့သည့် ရက်ပိုင်းက ယာဉ်အန္တရာယ်ကင်းရှင်းစွာ သွားလာနေရမှုမှာ ယခုကဲ့သို့ လမ်းတုံးများ နေရာရွှေ့ပြောင်းကာ လမ်းဖြတ်ကူးမောင်းနှင်မှုများရှိနေသဖြင့် ယာဉ်ကြောရှုပ်ထွေးမှုများဖြစ်ကာ လမ်းဖြောင့်အတိုင်း အရှိန်ဖြင့် သွားလာနေသည့်ယာဉ်များအတွက် အနှောင့်အယှက်ဖြစ်ရသည့်အပြင် ယာဉ်အန္တရာယ်ဖြစ်နိုင်ခြေရှိနေသည်ကို တွေ့ရသည်။

ထို့ကြောင့် ယာဉ်အန္တရာယ်ကင်းရှင်းစေရေးအတွက် ယာဉ်ကြောရှင်းလင်းရေး ထိန်းသိမ်းမှုအဖွဲ့က ထားရှိမည့် လမ်းတားတုံးများကို ယခင်ရှိထားပြီးသား နေရာတွင် မူလအတိုင်း ပြန်လည်ချထားပေးစေလိုကြောင်း အဆိုပါလမ်းတွင် မောင်းနှင်သွားလာနေသည့် ယာဉ်မောင်းတစ်ဦးက ပြောသည်။

**ခင်ဆိုင်**

# နိုင်ငံသားစိစစ်ရေးကတ်ပြားများ နေ့ချင်းပြီး ဆောင်ရွက်ပေး

**တောင်ကြီး ဖေဖော်ဝါရီ ၂၄**

ရှမ်းပြည်နယ်တောင်ပိုင်း ရပ်စောက်မြို့နယ် ပင်ဖြစ်ကျေးရွာ အမှတ်(၂) မူလွန်ကျောင်း၌ လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန ပြည်နယ်ဦးစီးဌာနမှူး၏ ညွှန်ကြားချက်ဖြင့် မြို့နယ်ဦးစီးမှူး ဦးအောင်နိုင်ဦးနှင့်ဝန်ထမ်းများက ဖေဖော်ဝါရီ ၂၂ ရက်တွင် ၁၀ နှစ်ပြည့် ကျောင်းသားကျောင်းသူ ၄၉ ဦးတို့ကို နိုင်ငံသား စိစစ်ရေးကတ်ပြားများ တစ်ဦးချင်း အခမဲ့နေ့ချင်းပြီး ဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။

**မျိုးဇေယျာ**



## ရွှေ၊ ငွေ၊ စက်သုံးဆီနှင့် အခြေခံစားကုန်ဈေးနှုန်း ၂၄-၂-၂၀၁၆

**ရွှေဈေးနှုန်း(အောင်သမာဓိ)**

| | | | |
|---|---|---|---|
| ရန်ကုန် | ၁၆ ပဲရည် | တစ်ကျပ်သား | ကျပ် ၈၀၀၅၀၀ |
| ရန်ကုန် | ၁၅ ပဲရည် | တစ်ကျပ်သား | ကျပ် ၇၅၃၄၀၀ |
| မန္တလေး | ၁၆ ပဲရည် | တစ်ကျပ်သား | ကျပ် ၈၀၁၀၀၀ |

**စက်သုံးဆီဈေးနှုန်း(တစ်လီတာဈေး)**

ရန်ကုန်

| | |
|---|---|
| ဒီဇယ် | ၄၆၀/၄၈၀ ကျပ် |
| အောက်တိန်း ၉၂ | ၅၂၀/၅၅၀ ကျပ် |
| အောက်တိန်း ၉၅ | ၆၃၀/၇၆၀ ကျပ် |
| ပရီမီယံဒီဇယ် | ၅၁၀/၅၂၀ ကျပ် |

**စက်သုံးဆီဈေးနှုန်း(လက်ကားဈေး)**

| | |
|---|---|
| ဒီဇယ် | ၇၉၀၀၀/၈၂၀၀၀ ကျပ် |
| ပရီမီယံဒီဇယ် | ၈၈၀၀၀/ ၉၂၀၀၀ ကျပ် |

**သားငါးနှင့် ဟင်းချက်စရာဈေးနှုန်း(သား/ငါးဒိုင်များ)**

| | | | | |
|---|---|---|---|---|
| ၁။ ငါးကြင်း | တစ်ပိဿာ | ၄၅၀၀ | - | ၆၀၀၀ |
| ၂။ ငါးမြစ်ချင်း | တစ်ပိဿာ | ၃၅၀၀ | - | ၅၀၀၀ |
| ၃။ ငါးရံ့ | တစ်ပိဿာ | ၆၀၀၀ | - | ၈၀၀၀ |
| ၄။ ငါးဖယ် | တစ်ပိဿာ | ၆၅၀၀ | - | ၁၂၀၀၀ |
| ၅။ ပုစွန် (ကျော့) | တစ်ပိဿာ | ၇၀၀၀ | - | ၁၀၀၀၀ |
| ၆။ ပုစွန်တုပ် | တစ်ပိဿာ | ၁၀၀၀၀ | - | ၂၇၀၀၀ |
| ၇။ ငါးသလောက် | တစ်ပိဿာ | ၁၀၀၀၀ | - | ၁၈၀၀၀ |
| ၈။ ကြက် | တစ်ပိဿာ | ၅၀၀၀ | - | ၁၂၀၀၀ |
| ၉။ ဝက် | တစ်ပိဿာ | ၅၀၀၀ | - | ၉၀၀၀ |
| ၁၀။ အမဲ | တစ်ပိဿာ | ၇၀၀၀ | - | ၉၀၀၀ |
| ၁၁။ ဆိတ် | တစ်ပိဿာ | ၁၃၀၀၀ | - | ၁၇၀၀၀ |
| ၁၂။ ဘဲ | တစ်ပိဿာ | ၆၀၀၀ | - | ၁၃၀၀၀ |

**နိုင်ငံတကာသုံး ငွေကြေးပေါက်ဈေး (ဗဟိုဘဏ်)**

| | | |
|---|---|---|
| အမေရိကန် | တစ်ဒေါ်လာ | ၁၂၃၆.၀ |
| ဥရောပ | တစ်ယူရို | ၁၃၆၁.၆ |
| စင်ကာပူ | တစ်ဒေါ်လာ | ၈၇၈.၆၂ |
| ထိုင်း | တစ်ဘတ် | ၃၄.၅၆ |
| အိန္ဒိယ | တစ်ရူပီး | ၁၈.၀၁၅ |
| တရုတ် | တစ်ယွမ် | ၁၈၉.၃၆ |
| မလေးရှား | တစ်ရင်းဂစ် | ၂၉၂.၈၆ |

ခင်ရတနာ-စုစည်းသည်။



◆ **ရှေ့ဖုံးမှ**

ရှေးဦးစွာ အခမ်းအနားသို့ တက်ရောက်လာကြသူများက နိုင်ငံတော်အလံကို အလေးပြုကြပြီးယဉ်ကျေးမှု ဝန်ကြီးဌာနမှ အမျိုးသမီးငယ်များက မြန်မာ့ရိုးရာစောင်းဖြင့် တီးခတ်ဖျော်ဖြေပြီး အခမ်းအနားကို ဖွင့်လှစ်သည်။

ထို့နောက် ဒုတိယသမ္မတ ဒေါက်တာစိုင်းမောက်ခမ်းက အမှာစကားပြောကြားရာတွင် ယခုကဲ့သို့ အရေးပါသည့်ညီလာခံကို မြန်မာနိုင်ငံ၌ ပထမဆုံးကျင်းပခွင့်ရသည့်အတွက် ဂုဏ်ယူဝမ်းမြောက်မိပါကြောင်း၊ ညီလာခံ၏ ရည်ရွယ်ချက်တစ်ခုဖြစ်သည့် ပါဝင်ပတ်သက်သူများအားလုံးကို မူဝါဒလမ်းစဉ်တစ်ခုဖန်တီးပေးပြီး ထိုမူဝါဒမှ တစ်ဆင့် အောင်မြင်သော လုပ်ဆောင်ချက်များနှင့်ရရှိခဲ့သော အတွေ့အကြုံ သင်ခန်းစာများကို မျှဝေကြရန်ဖြစ်ပါကြောင်း၊ သို့မှသာ လိင်ပိုင်းဆိုင်ရာနှင့် မျိုးပွားမှုဆိုင်ရာ ကျန်းမာရေးနှင့် အခွင့်အရေးကို လက်လှမ်းမီနိုင်ရေးဟူသည့် ဘုံရည်မှန်းချက်သို့ တက်လှမ်းနိုင်မည် ဖြစ်ပါကြောင်း။

ထို့အပြင် တီထွင်ဆန်းသစ်မှု၊ နည်းပညာ၊ လုပ်ငန်းဝန်ဆောင်မှု၊ လူဦးရေဆိုင်ရာကိစ္စရပ်များနှင့် ပတ်သက်၍ အသိဉာဏ်ဖွံ့ဖြိုးတိုးတက်ရေးအတွက် သုတေသနတွေ့ရှိချက်များကို မျှဝေကြခြင်း၊ မူဝါဒ၊ ငွေကြေးကိစ္စ၊ အုပ်ချုပ်ရေး၊ တာဝန်ခံမှု၊ ထောက်ခံအားပေးမှု၊ လိင်ပိုင်းဆိုင်ရာနှင့် မျိုးပွားမှုဆိုင်ရာ ကျန်းမာရေး အခွင့်အရေးအစီအစဉ် ထည့်သွင်းမှုနှင့်ပတ်သက်သည့် အလေ့အကျင့်များကို မျှဝေကြခြင်းနှင့် အခွင့်အလမ်းအသစ်များ ပေါ်ထွန်းလာရေး ရည်မှန်းချက်မှတစ်ဆင့် ဒေသတွင်းနှင့် အခြားဒေသများ ပူးပေါင်းဆောင်ရွက်မှု ခိုင်မာလာစေခြင်းတို့ကို ဆောင်ရွက်နိုင်မည်ဖြစ်ပါကြောင်း။

လိင်ပိုင်းဆိုင်ရာနှင့် မျိုးပွားမှုဆိုင်ရာ ကျန်းမာရေးအခွင့်အရေးများသည် အသက်ကယ်ရေးအတွက်သာမက အမျိုးသမီးများသိက္ခာရှိရှိနှင့် အဆင့်အတန်းရှိရှိ နေနိုင်ရေးအတွက် မရှိမဖြစ်လိုအပ်ကြောင်း၊ မိသားစုစီမံကိန်းနှင့် မျိုးဆက်ပွားကျန်းမာရေးကြောင့် မလိုလားအပ်သော ကိုယ်ဝန်ဆောင်မှုနှင့် အန္တရာယ်များကို ကြိုတင်ကာကွယ်ခြင်းဖြင့် မိခင်သေဆုံးမှုကို သုံးပုံတစ်ပုံအထိ လျှော့ချနိုင်ခဲ့ကြောင်း၊ မလိုလားအပ်သည့် ကိုယ်ဝန်ဆောင်မှုများကို ရှောင်ရှားနိုင်ရန် အရည်အသွေးမြင့်မားသည့် ကျန်းမာရေးဝန်ဆောင်မှုများကို လူတိုင်းလက်လှမ်းမီရန် လိုအပ်ပါကြောင်း။

နိုင်ငံ၏ ကျန်းမာရေးကဏ္ဍများ၌ သိသာထင်ရှားသည့် တိုးတက်အောင်မြင်မှုများ ဆောင်ရွက်နိုင်ခဲ့ပါကြောင်း၊ ယခုညီလာခံကို မိခင်သေဆုံးမှုနှုန်းလျှော့ချရေးတွင် အရေးပါသော လိုအပ်ချက်တစ်ရပ်ဖြစ်သည့် အမြင်များနှင့် အသိပညာဗဟုသုတကျယ်ပြန့်လာစေရေး ခြေလှမ်းတစ်ရပ်အဖြစ်ရှုမြင်ပါကြောင်း၊ မြန်မာနိုင်ငံတွင် အမျိုးသမီးနှင့် မိန်းကလေးများ၏ အခွင့်အရေးကို ကမ္ဘာလုံးဆိုင်ရာ ပူးပေါင်းဆောင်ရွက်မှုဖြင့် ထောက်ပံ့ပေးသည့် မိသားစုစီမံကိန်း ၂၀၂၀ ကိုဆောင်ရွက်ရန် သန္နိဋ္ဌာန်ချမှတ်ထားပါကြောင်း ပြောကြားသည်။

ယင်းနောက် ကုလသမဂ္ဂလူဦးရေရန်ပုံငွေအဖွဲ့ အာရှပစိဖိတ်ဒေသဆိုင်ရာ ညွှန်ကြားရေးမှူး မစ္စ ယူရီကိုယာဆူကာဝါနှင့် Malaysia AIDS Council ဥက္ကဋ္ဌ ဒေါက်တာရပ်ချ်ကာရင်မ်တို့က ကြိုဆိုနှုတ်ခွန်းဆက်စကား ပြောကြားကြသည်။

ထို့နောက် ဒုတိယသမ္မတ ဒေါက်တာ စိုင်းမောက်ခမ်းသည် ညီလာခံစာတမ်းဖတ်ပွဲတွင် ဦးဆောင်ဆွေးနွေးမည့်သူများ၊ အမျိုးသားကျန်းမာရေးကော်မတီဝင်များ၊ နိုင်ငံတကာအဖွဲ့အစည်းများမှ ကိုယ်စားလှယ်များ၊ တာဝန်ရှိသူများနှင့် စုပေါင်း၍ မှတ်တမ်းတင်ဓာတ်ပုံရိုက်ကြသည်။ **(အပေါ်ပုံ)**



ဆက်လက်၍ ဒုတိယသမ္မတသည် ခင်းကျင်းပြသထားသည့် တိုင်းဒေသကြီးနှင့် ပြည်နယ်မိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်း၊ ကုလသမဂ္ဂဆိုင်ရာ အဖွဲ့အစည်းများနှင့် ကျန်းမာရေးဆိုင်ရာအဖွဲ့အစည်းများမှ ပြခန်းများအား လှည့်လည်ကြည့်ရှုသည်။ **(အပေါ်ပုံ)**

(၈)ကြိမ်မြောက် အာရှပစိဖိတ်ဒေသ မျိုးဆက်ပွားကျန်းမာရေးနှင့် အခွင့်အရေးဆိုင်ရာ ညီလာခံကို ဒေသတွင်းနိုင်ငံများ အချင်းချင်း မျိုးဆက်ပွားကျန်းမာရေးနှင့် အခွင့်အရေးဆိုင်ရာကိစ္စရပ်များကို အပြန်အလှန် ဆက်သွယ်ဆောင်ရွက်ခြင်းနှင့် အတွေ့အကြုံဖလှယ်ခြင်း၊ အစိုးရမဟုတ်သော ပြည်တွင်း/ပြည်ပ လူမှုအဖွဲ့အစည်းမှ ဦးဆောင်ကျင်းပရန်ရှိခြင်းနှင့် လတ်တလောဖြစ်ပေါ်နေသော နိုင်ငံအားလုံးခံစားနေရသည့် အခက်အခဲများ၊ စိန်ခေါ်မှုများ၊ ပတ်ဝန်းကျင်နှင့် စိုပြည်စိမ်းလန်းမှုဆိုင်ရာ၊ ရာသီဥတုပြောင်းလဲမှုဆိုင်ရာ၊ သက်ကြီးရွယ်အိုဆိုင်ရာများနှင့် မျိုးဆက်ပွားကျန်းမာရေးဆိုင်ရာပြဿနာများ ဆွေးနွေးအဖြေရှာရန် ရည်ရွယ်ကျင်းပကြောင်း သိရပြီး ပျို့ရွယ်သူမျိုးဆက်ပွားကျန်းမာရေးဆိုင်ရာ အသိပညာဖလှယ်ခြင်း၊ လူငယ်ညီလာခံကျင်းပခြင်း၊ နည်းပညာ၊ အတတ်ပညာဆိုင်ရာများ ဆွေးနွေးခြင်း၊ နိုင်ငံတကာမှ တင်သွင်းလာသည့် သိပ္ပံနှင့် သုတေသနစာတမ်းများ ရွေးချယ် ဖတ်ကြားဆွေးနွေးခြင်း၊ ညီလာခံနှင့် သက်ဆိုင်သည့် ပိုစတာများ ဖိတ်ခေါ်တင်ဆက်ပြသခြင်း၊ ဟောပြောပွဲများ ဆောင်ရွက်ခြင်းနှင့် နေပြည်တော်နယ်နိမိတ်အတွင်းရှိ အရပ်ဘက်လူမှုရေးအဖွဲ့အစည်းများ၏ မျိုးဆက်ပွားကျန်းမာရေးနှင့် အခွင့်အရေးဆိုင်ရာ လုပ်ငန်းများသို့ သွားရောက်လေ့လာကြမည်ဖြစ်သည်။

အာရှပစိဖိတ်ဒေသ မျိုးဆက်ပွားကျန်းမာရေးနှင့် အခွင့်အရေးဆိုင်ရာ ညီလာခံများကို ၂၀၀၁ ခုနှစ်တွင် ဖိလစ်ပိုင်နိုင်ငံ၊ ၂၀၀၃ ခုနှစ်တွင် ထိုင်းနိုင်ငံ၊ ၂၀၀၅ ခုနှစ်တွင် မလေးရှားနိုင်ငံ၊ ၂၀၀၇ ခုနှစ်တွင် အိန္ဒိယနိုင်ငံ၊ ၂၀၀၉ ခုနှစ်တွင် တရုတ်နိုင်ငံ၊ ၂၀၁၁ ခုနှစ်တွင် အင်ဒိုနီးရှားနိုင်ငံနှင့် ၂၀၁၄ ခုနှစ်တွင် ဖိလစ်ပိုင်နိုင်ငံတို့၌ ကျင်းပခဲ့ကြရာ ယခု (၈) ကြိမ်မြောက်ညီလာခံကို မြန်မာနိုင်ငံက အိမ်ရှင်နိုင်ငံအဖြစ် လက်ခံကျင်းပခြင်း ဖြစ်သည်။

အဆိုပါ ညီလာခံကို မြန်မာနိုင်ငံ မိခင်နှင့် ကလေးစောင့်ရှောက်ရေးအသင်းက ကြီးမှူးကျင်းပခြင်းဖြစ်ပြီး ဖေဖော်ဝါရီ ၂၃ ရက်မှ ၂၆ ရက်ထိ ကျင်းပမည်ဖြစ်သည်။

(၈)ကြိမ်မြောက် အာရှပစိဖိတ်ဒေသ မျိုးဆက်ပွားကျန်းမာရေးနှင့် အခွင့်အရေးဆိုင်ရာ ညီလာခံဖွင့်ပွဲ အခမ်းအနားသို့ ပြည်ထောင်စုဝန်ကြီးများ၊ ဒုတိယဝန်ကြီးများ၊ မြန်မာနိုင်ငံ မိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်း ဂုဏ်ထူးဆောင်နာယကများ၊ ပြည်တွင်းပြည်ပအစိုးရမဟုတ်သော အဖွဲ့အစည်းများ၊ ကုလသမဂ္ဂဆိုင်ရာ အဖွဲ့အစည်းများ၊ အာရှပစိဖိတ်ဒေသနိုင်ငံများမှ ကိုယ်စားလှယ်များနှင့် ဖိတ်ကြားထားသူများ တက်ရောက်ကြသည်။

**(သတင်းစဉ်)**

# မြန်မာ့အသံနှင့်ရုပ်မြင်သံကြားသို့ ခေတ်ဟောင်းတေးဓာတ်ပြားအချပ် ၅၀ လှူဒါန်း



**နေပြည်တော် ဖေဖော်ဝါရီ ၂၄**

မြန်မာ့အသံနှင့် ရုပ်မြင်သံကြားနှစ်(၇၀)ပြည့်မြောက်ခြင်းအား ဂုဏ်ပြုသည့်အနေဖြင့် အလုပ်သမား၊ အလုပ်အကိုင်နှင့် လူမှုဖူလုံရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးထင်အောင်က မိသားစုအစဉ်အဆက်ထိန်းသိမ်းလာခဲ့သည့် ခေတ်ဟောင်းတေး ဓာတ်ပြားအချပ် ၅၀ အား မြန်မာ့အသံနှင့် ရုပ်မြင်သံကြားသို့ ပေးအပ်လှူဒါန်းခြင်း အခမ်းအနားကို ယနေ့မွန်းလွဲ ၁နာရီက အလုပ်သမား၊ အလုပ်အကိုင်နှင့် လူမှုဖူလုံရေးဝန်ကြီးဌာန အစည်းအဝေးခန်းမ၌ ကျင်းပရာ အခမ်းအနားတွင် ဒုတိယဝန်ကြီး ဦးထင်အောင်က ဓာတ်ပြားအချပ် ၅၀ ကို ပေးအပ်လှူဒါန်းရာ မြန်မာ့အသံနှင့် ရုပ်မြင်သံကြား ညွှန်ကြားရေးမှူးချုပ်(ကိုယ်စား) ဒုတိယညွှန်ကြားရေးမှူး(အသံလွှင့်) ဦးသန်းလွင်က လက်ခံရယူခဲ့ကြောင်း သိရသည်။ **(သတင်းစဉ်)**

# မီးဘေးသင့်ပြည်သူများအတွက် အစားအသောက်နှင့် အိမ်ဆောက်ပစ္စည်းများလှူဒါန်း

**လပွတ္တာ ဖေဖော်ဝါရီ ၂၄**

ဧရာဝတီတိုင်းဒေသကြီး လပွတ္တာခရိုင် လပွတ္တာမြို့တွင် မီးလောင်မှုဖြစ်ပွားခဲ့ပြီးနောက် မီးဘေးသင့်ပြည်သူများအား စေတနာရှင် အလှူရှင်များ၊ အဖွဲ့အစည်းများမှ အစားအစာ၊ ဆေးဝါး၊ အဝတ်အထည်၊ အသုံးအဆောင်၊ အိမ်ဆောက်ပစ္စည်းနှင့် အလှူငွေများကို စဉ်ဆက်မပြတ်လှူဒါန်းလျက်ရှိသည်။ ဖေဖော်ဝါရီ ၂၄ ရက်က ရဲတံခွန်အားကစားခန်းမ သိုလှောင်ရုံ၌ MYINT & ASSOCIATES Co.Ltd မိသားစုဝင် ဝန်ထမ်းများက မီးဘေးသင့်ပြည်သူများအတွက် သွပ်အချပ် ၅၀၀၊ တန်ဖိုးငွေကျပ် ၁၃၀၆၂၀၀ရှိ အိမ်မိုးသွပ်များကို လပွတ္တာမြို့ မီးဘေးကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးကော်မတီသို့ ပေးအပ်လှူဒါန်းရာ ကော်မတီဥက္ကဋ္ဌ ဦးတင်ဦးနှင့် အဖွဲ့ဝင်များက လက်ခံခဲ့ကြောင်း သိရသည်။ **(ခရိုင် ပြန်/ဆက်)**

# နီပေါ၌ လေယာဉ်ငယ်တစ်စင်းပျက်ကျပြီး ခရီးသည်များသေဆုံး

**ခတ္တမန္ဒူ ဖေဖော်ဝါရီ ၂၄**

နီပေါနိုင်ငံ ပိုကာရာမြို့မှ ဂျွန်ဆန်မြို့သို့ ဦးတည်ပျံသန်းလာသော တာရာ လေကြောင်းပိုင် တွင်အော်တာအမျိုးအစား လေယာဉ်တစ်စင်း ယနေ့ ပျက်ကျခဲ့ရာ လေယာဉ်ပေါ် လိုက်ပါလာသူ ခရီးသည် ၂၃ ဦးစလုံး အသက်ဆုံးရှုံးခဲ့ကြောင်း ရဲအရာရှိတစ်ဦး၏ ပြောကြားချက်အရ သိရသည်။

"လေယာဉ်က တစ်စစီဖြစ်သွားပြီး အသက်ရှင်ကျန်ရစ်သူတစ်ယောက်မှ မရှိပါဘူး။ သေဆုံးသူတွေထဲမှာ တရုတ်နိုင်ငံသားတစ်ဦးနဲ့ကူဝိတ်နိုင်ငံသားတစ်ဦးတို့ပါဝင်ပါတယ်"ဟု ရဲအရာရှိ ဘီရှဝါရာဂျီကာကာက အခင်းဖြစ်ပွားသည့် အရပ်နှင့် အနီးဆုံးမြို့ဖြစ်သော အန်ရာဒီမြို့မှ ရိုက်တာသတင်းဌာနသို့ ဖုန်းဖြင့် သတင်းပေးခဲ့သည်။ တာဝန်ရှိသူများ၏ပြောကြားချက်အရ ဂျွန်ဆန်မြို့တည်ရှိရာ မက်စ်တန်ဒေသတွင် ဆီးနှင်းများထူထပ်စွာ ကျရောက်နေကြောင်းသိရသည်။

အနာပူရာတောင်တည်ရှိသော အဆိုပါမက်စ်တန်ဒေသသည် နာမည်ကျော်တောင်တက် အပန်းဖြေပြုလုပ်ရာ ဒေသဖြစ်သည်။ ၂၀၁၄ ခုနှစ်အတွင်းကလည်း နီပေါနိုင်ငံအနောက်ပိုင်းတွင် လေယာဉ်ငယ်တစ်စင်း ပျက်ကျခဲ့ရာ ခရီးသည် ၁၈ ဦး သေဆုံးခဲ့သည်။ **(ရိုက်တာ)**



တွင်အော်တာ အမျိုးအစား လေယာဉ်တစ်စင်း ဂျွန်ဆန်လေဆိပ်၌ ရပ်နားနေသည်ကို တွေ့ရစဉ်။


ဖေဖော်ဝါရီ ၂၃ ရက်က လေဆင်နှာမောင်းတိုက်ခတ်မှုကြောင့် ပြိုကျပျက်စီးခဲ့သည့် ရေစင်ကို တွေ့ရစဉ်။

## မစ္စစ္စပီဒေသ လေဆင်နှာမောင်းတိုက်ခတ်၍ သုံးဦးသေဆုံး၊ ဒဏ်ရာအများအပြားရရှိ

**ဘာတွန်ရု ဖေဖော်ဝါရီ ၂၄**

လူဝီစီယားနားတောင်ပိုင်းနှင့် မစ္စစ္စပီဒေသတို့တွင် အင်္ဂါနေ့က လေဆင်နှာမောင်းများ တိုက်ခတ်ခဲ့ပြီး လူသုံးဦး သေဆုံးကာ ၃၀ ဒဏ်ရာရရှိခဲ့သည်။ လေဆင်နှာမောင်းတိုက်ခတ်မှုကြောင့် လူနေအိမ်များနှင့် လုပ်ငန်းအဆောက်အအုံများစွာ ပျက်စီးခဲ့ပြီး ရေစင်တစ်ခုပြိုလဲကျခဲ့ကြောင်း အရေးပေါ်မိုးလေဝသဌာနမှ ထုတ်ပြန်ကြေညာသည်။

လေဆင်နှာမောင်းတိုက်ခတ်ပြီးနောက် လူဝီစီယားနားတွင် ပျက်စီးမှုအများဆုံးဖြစ်ခဲ့သည့် နေရာမှာ မစ္စစ္စပီမြစ်ဝှမ်းရှိ ကွန်ဗင့်ရွာငယ်ဖြစ်ပြီး Sugar Hill ခြံမြေရှိ ခန့်မှန်းရွှေ့ပြောင်းအိမ်ခြေ ၁၆၀ ပြိုကျပျက်စီးခဲ့ကြောင်း ဒေသရဲမှူး ကာနယ် မိုက်အက်ဒမွန်ဆန်က သတင်းစာရှင်းလင်းပွဲ၌ ပြောကြားခဲ့သည်။ ကွန်ဗင့်ရှိခြံမြေအတွင်း လူနှစ်ဦးသေဆုံးခဲ့ပြီး အပျက်အစီးပုံများကြားတွင် ပိတ်မိနေသူများရှိ၊ မရှိကို ကယ်ဆယ်ရေးတပ်ဖွဲ့ဝင်များက ခွေးများဖြင့် ပိုက်စိပ်တိုက် ရှာဖွေလျက်ရှိကြောင်း အုပ်ချုပ်ရေးမှူး ဂျွန်ဘဲလ်အက်ဝါ့တ်က ပြောသည်။

ပျောက်ဆုံးနေသူများကို ဆေးရုံဧရိယာတစ်ဝိုက်တွင် ပြန်တွေ့ရန် မျှော်လင့်ကြောင်းနှင့် နယူးအော်လင်း အနောက်ပိုင်းမှ မိုင် ၆၀ ခန့်အကွာရှိ ကွန်ဗင့်ရွာငယ်၌ အသက်ရှင်လွတ်မြောက်သူများထဲတွင် ပြန်တွေ့နိုင်ရန် မျှော်လင့်ကြောင်း အာဏာပိုင်များက ပြောသည်။ **(ရိုက်တာ)**

## ဟောင်ကောင်ပဋိပက္ခရှိရင်းစွဲ စီးပွားရေး အခြေအနေကို ပိုမိုဆိုးရွားမှုဖြစ်စေ

**ဟောင်ကောင် ဖေဖော်ဝါရီ ၂၄**

ဟောင်ကောင်တွင် လက်ရှိဖြစ်ပေါ်နေသော လူမှုရေး ပဋိပက္ခများက ရှိရင်းစွဲယိမ်းယိုင်နေသော စီးပွားရေးအခြေအနေများကို ပိုမိုဆိုးရွားစေကြောင်း ဟောင်ကောင် ဘဏ္ဍာရေးဆိုင်ရာ အတွင်းရေးမှူး ဂျွန်ဆန်က ဖေဖော်ဝါရီ ၂၄ ရက်က ပြောကြားသည်။

တရုတ်နှစ်သစ်ကူးချိန်တွင် ဖြစ်ပွားခဲ့သော မောင်ကွတ်ပဋိပက္ခတွင် လူအနည်းငယ်က ရဲအရာရှိများနှင့် သတင်းထောက်များကို တိုက်ခိုက်ခဲ့သောကြောင့် လူဒါဇင်ပေါင်းများစွာ ဒဏ်ရာရရှိခဲ့ကြောင်း ဆန်က ၎င်း၏ ဘဏ္ဍာငွေရှင်းတမ်းဆိုင်ရာ မိန့်ခွန်းဟောပြောချိန်တွင် ထည့်သွင်းပြောကြားခဲ့သည်။

နိုင်ငံရေးနှင့် စီးပွားရေးသည် နီးကပ်စွာ ဆက်သွယ်နေကြောင်း ၎င်းကပြောခဲ့သည်။ နိုင်ငံရေးမတည်ငြိမ်မှုသည် စီးပွားရေးပေါ်တွင် ရှောင်လွှဲမရသော အကျိုးသက်ရောက်မှုကို ဖြစ်ပေါ်စေကြောင်း ၎င်းကဆက်လက်ပြောကြားခဲ့သည်။ **(ဆင်ဟွာ)**

## ဂျပန် တိုက်လေယာဉ်ရွှေ့ပြေးပုံစံ စမ်းသပ်

**တိုကျို ဖေဖော်ဝါရီ ၂၄**

ဂျပန်ကာကွယ်ရေးဝန်ကြီးဌာနသည် တိုက်လေယာဉ် ရွှေ့ပြေးပုံစံ စမ်းသပ်မှုတစ်ခုကို ပြုလုပ်နေကြောင်း သိရသည်။ ယင်းစမ်းသပ်မှုကို ဂျပန်နိုင်ငံအလယ်ပိုင်း အိုက်ချီစီရင်စု နာဂိုရာလေဆိပ်တွင် ဖေဖော်ဝါရီ ၂၄ ရက်က ပြုလုပ်ခဲ့သည်။

ဂျပန်တိုက်လေယာဉ်များဖွံ့ဖြိုးတိုးတက်ရန်နှင့် လေကြောင်းကဏ္ဍတွင် နည်းပညာဆိုင်ရာဆန်းသစ်မှုများ စဉ်ဆက်မပြတ်ဖြစ်ပေါ်စေရေးအတွက် မျှော်လင့်ထားကြောင်း ကာကွယ်ရေးဝန်ကြီး ဗိုလ်ချုပ်ကြီး နာဂါတာနီက ပြောခဲ့သည်။ ဂျပန်ကုမ္ပဏီ ၂၀၀ ကျော်သည် တိုက်လေယာဉ်ရွှေ့ပြေးပုံစံစမ်းသပ်မှုတွင် ခုနစ်နှစ်ကျော် ပါဝင်ခဲ့ကြသည်။ လေယာဉ်ကိုယ်ထည်နှင့် သတ္တုအမျိုးအစားများကို ရေဒါတွင် ဖမ်းမမိစေရန် ရည်ရွယ်ပြုလုပ်ထားကြောင်း သိရသည်။ **(အင်န်အိတ်ချ်ကေ)**

# အမေရိကန်နှင့် တောင်ကိုရီးယားနိုင်ငံတို့ ပူးတွဲစစ်ဆင်ရေး လေ့ကျင့်လျှင် ပစ်မှတ်ထားတိုက်ခိုက်မည်ဟု မြောက်ကိုရီးယားပြော

**ဆိုးလ် ဖေဖော်ဝါရီ ၂၄**

မြောက်ကိုရီးယား၏ နျူကလီးယားစမ်းသပ်မှုနှင့် ဒုံးပျံပစ်လွှတ်ခဲ့ပြီး တင်းမာမှုများဖြစ်ပေါ်နေချိန်တွင် လာမည့်လ ပူးတွဲစစ်ရေးလေ့ကျင့်မှုနှစ်ပတ်လည်ပြုလုပ်ရန် စီစဉ်နေသော တောင်ကိုရီးယားနှင့် ယင်း၏ မဟာမိတ် အမေရိကန်တို့အား မြောက်ကိုရီးယားက အင်္ဂါနေ့တွင် သတိပေးလိုက်သည်။

အဆိုပါ နှစ်ပတ်လည်ပူးတွဲစစ်ရေးလေ့ကျင့်မှုသည် စစ်ပွဲနှင့် လက်တုံ့ပြန်မှုကို ဦးတည်နေကြောင်း မြောက်ကိုရီးယားက သတိပေးလိုက်သည်။

မိမိတို့၏ မဟာဗျူဟာနှင့် နည်းဗျူဟာကြွယ်ဝသော တပ်ဖွဲ့ဝင်များအနေဖြင့် ရန်သူကိုလက်တုံ့ပြန်ရန် အသင့်ပြင်ဆင်ထားကြောင်း ကိုရီးယားပြည်သူ့တပ်မတော် အကြီးအကဲ၏ ကြေညာချက်ကို နိုင်ငံပိုင် မီဒီယာက ဖော်ပြသည်။

အမေရိကန်နှင့်တောင်ကိုရီးယား နိုင်ငံတို့အနေဖြင့် ပူးတွဲစစ်ရေး လေ့ကျင့်မှုပြုလုပ်လာပါက တောင်ကိုရီးယား သမ္မတအိမ်တော်(Blue House)သည် ပထမပစ်မှတ်ဖြစ်ပြီး တောင်ကို ရီးယားတွင် အမေရိကန်တပ်ဖွဲ့ဝင် ၂၈၅၀၀ အခြေ စိုက်သည့် အမေရိကန်၏ အာရှအခြေစိုက်စခန်းများသည် ဒုတိယပစ်မှတ်ဖြစ်ကြောင်း ယင်းကြေညာချက်တွင် ဖော်ပြသည်။



**အမေရိကန်နှင့် ပူးတွဲစစ်ရေးလေ့ကျင့်မှုအတွင်း ကမ်းကပ်ရပ်နားထားသည့် တောင်ကိုရီးယား K-1 တင့်ကား**

လွန်ခဲ့သော သီတင်းပတ်က တောင်ကိုရီးယားသမ္မတ ပတ်ဂွန်ဟေးက မြောက်ကိုရီးယား၏ နျူကလီးယားနှင့် တာဝေးပစ်ဒုံးပျံစမ်းသပ်မှုကို တုံ့ပြန်ရန်အတွက် အစီအမံများ ဆောင်ရွက်ထားရန် သတိပေးလိုက်သည်။ **(ရိုက်တာ)**

## အမေရိကန်ရေတပ်မှ သင်္ဘောတစ်စင်း ဂျပန်ကိုယ်ပိုင်ကာကွယ်ရေး တပ်မတော်(ရေ)မှ သင်္ဘောတစ်စင်းကို လောင်စာဆီဖြည့်ပေး

**တိုကျို ဖေဖော်ဝါရီ ၂၄**

တနင်္ဂနွေနေ့က တောင်တရုတ်ပင်လယ်၌ကျင်းပသော ပူးတွဲစစ်ရေးလေ့ကျင့်မှုအရ အမေရိကန်ရေတပ်ထောက်ပံ့ရေးသင်္ဘောတစ်စင်းသည် ဂျပန်ကိုယ်ပိုင်ကာကွယ်ရေးတပ်မတော် (ရေ)မှ သင်္ဘောတစ်စင်းကို လောင်စာဆီဖြည့်ပေးခဲ့ကြောင်း ဂျပန်ကိုယ်ပိုင်ကာကွယ်ရေးတပ်မတော် (ရေ)မှ မကြာသေးမီက ထုတ်ဖော်ပြောကြားခဲ့သည်။

အမေရိကန်ရေတပ်ထောက်ပံ့ရေးသင်္ဘောက ဂျပန်ဖျက်သင်္ဘောမက်ဆုယူကီကို လောင်စာဆီဖြည့်ပေးနေသည့်ပုံကို ဂျပန်ကိုယ်ပိုင်ကာကွယ်ရေးတပ်မတော် (ရေ) ကအင်္ဂါနေ့တွင် ၎င်း၏ဖေ့စ်ဘုတ်ခ်စာမျက်နှာပေါ်တွင် လွှင့်တင်ခဲ့သည်။

ဂျပန်ဖျက်သင်္ဘောသည် အိန္ဒိယရေတပ်၏စီစဉ်မှုဖြင့် ဖေဖော်ဝါရီ ၆ ရက်က နိုင်ငံတကာရေတပ်အင်အားစုတွင် အင်အားဝင်ရောက်ပြသခဲ့ပြီး ဂျပန်နိုင်ငံသို့ပြန်လာစဉ် လောင်စာဆီပြတ်တောက်ခဲ့သဖြင့် အမေရိကန်ရေတပ်ထောက်ပံ့ရေးသင်္ဘောက လောင်စာဆီဖြည့်ပေးခဲ့ရခြင်းဖြစ်သည်။ **(အင်န်အိတ်ချ်ကေ)**

# စတုတ္ထအကြိမ် ပြည်ထောင်စုအဆင့် ပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေးဆိုင်ရာ ပူးတွဲစောင့်ကြည့်ရေးကော်မတီအစည်းအဝေးမှ တာဝန်ရှိသူတို့၏ဆွေးနွေးချက်နှင့် အမြင်များ



ရန်ကုန် ဖေဖော်ဝါရီ ၂၄

**ပြည်ထောင်စုအဆင့် ပစ်ခတ်တိုက်ခိုက်မှု ရပ်စဲရေးဆိုင်ရာ ပူးတွဲစောင့်ကြည့်ရေးကော်မတီ (JMC-U) ၏ စတုတ္ထအကြိမ်အစည်းအဝေး တတိယနေ့ဆွေးနွေးပွဲကို ယနေ့ နံနက် ၈ နာရီက ရန်ကုန်မြို့ ရွှေလီလမ်းရှိ မြန်မာနိုင်ငံငြိမ်းချမ်းရေး ပြန်လည်ထူထောင်ရေးလုပ်ငန်းဗဟိုဌာန (MPC) ၌ ဆက်လက်ကျင်းပရာ** (အပေါ်ပုံ) **ညနေ ၃ နာရီတွင် ပြီးဆုံးခဲ့သည်။**

အစည်းအဝေးအပြီးတွင် JMC-U အဖွဲ့ဝင်များနှင့် နိုင်ငံတကာမှအလှူရှင်များသည် ပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေးဆိုင်ရာ ပူးတွဲစောင့်ကြည့်ရေးကော်မတီ JMC အတွက် ထောက်ပံ့အကူအညီပေးရေးအတွက် ဆွေးနွေးခဲ့ကြသည်။

JMC-U ၏ စတုတ္ထအကြိမ် အစည်းအဝေးတွင် သတင်းထုတ်ပြန်ချက်တစ်စောင် ထုတ်ပြန်နိုင်ခဲ့ပြီး အစည်းအဝေးအပြီး JMC-U ၏ အတွင်းရေးမှူးများဖြစ်ကြသော ဒေါက်တာ ရွှေခါးရိန်နှင့် ဗိုလ်မှူးကြီးဝဏ္ဏအောင်တို့က သတင်းမီဒီယာများနှင့်တွေ့ဆုံ၍ သတင်းစာရှင်းလင်းပွဲပြုလုပ်ခဲ့သည်။

မြန်မာ့သတင်းစဉ်က JMC-U ဒုတိယ ဥက္ကဋ္ဌ(၁) စောအိုင်းဇက်ဖိုးနှင့် တွေ့ဆုံမေးမြန်းခဲ့ပြီး ဒေါက်တာ ရွှေခါးရိန်နှင့် ဗိုလ်မှူးကြီးဝဏ္ဏအောင်တို့၏ သတင်းစာရှင်းလင်းပွဲမှ ပြောကြားချက်များအား ကောက်နုတ်ဖော်ပြအပ်ပါသည်။

■ တွေ့ဆုံမေးမြန်း - ရဲခေါင်ညွန့်၊ ဓာတ်ပုံ - ဖိုးထောင် ■

**စောအိုင်းဇက်ဖိုး ဒုတိယဥက္ကဋ္ဌ(၁)**
**ပြည်ထောင်စုအဆင့် ပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေးဆိုင်ရာ ပူးတွဲစောင့်ကြည့်ရေးကော်မတီ**

ကျွန်တော်တို့ JMC ရဲ့ တာဝန်နဲ့ လုပ်ပိုင်ခွင့်က အတိုင်းအတာ တစ်ခုအထိတော့ရှိပါတယ်။ အပြင်မှာ ကျွန်တော်တို့ လုပ်လို့မရတာတွေဘဲ အပေါ်ရောက်သွားတာပါ။ JMC နဲ့ပတ်သက်တဲ့ လုပ်ငန်းအားလုံးတောင် မစတင်နိုင်သေးဘူးလေ။ တိုင်းဒေသကြီး၊ ပြည်နယ်အဆင့် JMC-S ဆို ရှမ်းပြည်တစ်ခုပဲ ဖွဲ့ရသေးတာ။ ရှမ်းပြည်မှာRCSS/SSA-S အဖွဲ့ JMC-S ကော်မတီက ထွက်သွားဖို့ပြောတာကို မထွက်ဘူးဆိုတာက မဟုတ်ပါဘူး။ ကိုလည်း ဆွေးနွေးတယ်။ NCA လက်မှတ်ရေးထိုးပြီးနောက်ပိုင်း ဖြစ်နေတဲ့ဖြစ်စဉ်တွေကို ဆွေးနွေးတာလည်း ရှိတယ်။ တိုင်းဒေသကြီး၊ ပြည်နယ်အဆင့် ကော်မတီဖွဲ့ဖို့ ဆွေးနွေးတာရှိတယ်။ လုပ်ငန်းမြန်မြန်ဆန်ဆန် ဆောင်ရွက်ဖို့ ဒီနေ့မှာအလုပ်အဖွဲ့ကို ဖွဲ့ပါတယ်။ ၁၂ ယောက်နဲ့ပါ။ မတ်လအထိဆောင်ရွက်မှာပါ။ စတုတ္ထအကြိမ်အစည်းအဝေးနဲ့ပတ်သက်ပြီး ထုတ်ပြန်ကြေညာချက်တစ်ခုလုပ်နိုင်ပါတယ်။

ကျွန်တော်တို့ JMC မှာကတော့ အားလုံးသိတဲ့အတိုင်း တစ်နိုင်ငံလုံးပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေးစာချုပ် NCA လက်မှတ်ရေးထိုးထားတဲ့ အဖွဲ့တွေနဲ့ပဲ သက်ဆိုင်မှုရှိပါတယ်။ ကျွန်တော်တို့ အပစ်ရပ်စဲရေးစာချုပ် Code of Conduct ထဲမှာ ပါတာက ပြည်သူတွေရဲ့ အသက်အိုးအိမ် စည်းစိမ်တွေကို ကာကွယ်ဖို့အတွက်လည်း ပါပါတယ်။ ဒါကြောင့် ဒီကိစ္စနဲ့ပတ်သက်ပြီး ပြည်သူတွေကို ထိခိုက်နစ်နာမှုမရှိအောင် ဘယ်လိုလုပ်မလဲဆိုတာ ကျွန်တော်တို့ သုံးပွင့်ဆိုင်ဆွေးနွေးဖြစ်တယ်။ အစိုးရဘက်ကရော၊ ကျွန်တော်တို့ တိုင်းရင်းသားလက်နက်ကိုင်တွေဘက်ကပါ ပြည်သူတွေကို မထိခိုက် နစ်နာမှုမရှိဖို့ ဆောင်ရွက်မယ်ဆိုပြီး သဘောတူထားတာရှိပါတယ်။ ကျွန်တော်တို့ ဒီနေ့သတင်းကြားတာကတော့ ပြင်းပြင်းထန်ထန်ဖြစ်နေတဲ့ နေရာတွေကနေ RCSS က ရှောင်ပေးလိုက်ကြတယ်လို့ ကြားရပါတယ်။



စောအိုင်းဇက်ဖိုး



ဒေါက်တာရွှေခါးရိန်




ဗိုလ်မှူးကြီးဝဏ္ဏအောင်

RCSS/SSA-S ဘက်က သူတို့ရဲ့နယ်မြေ သူတို့လူတွေရှိတယ်ဆိုပြီးတင်ပြတာပေ့ါ။ ပထမစာချုပ်ချုပ်တုန်းက နည်းနည်းလေး အယူအဆတွေ မတူတာလေးတွေရှိတယ်။ ပြန်ပြီးညှိနှိုင်းတော့ ညှိနှိုင်းတာပေ့ါ။ နောက်တပ်မတော်အနေနဲ့ ရှင်းလင်းသွားမယ်ဆိုတာ မဟုတ်ပါဘူး။ နားလည်မှုနဲ့ ညှိနှိုင်းမှာပါ။ RCSS/SSA-S က NCA လက်မှတ်ထိုးထားတဲ့အခြေအနေပါ။ အချိန်အတိုင်းအတာလေးပေးပြီး S-Level မှာ နားလည်မှုယူရင် ပြီးသွားမယ့်အခြေအနေပါ။ အခြေအနေအကန့်အသတ် ခဏစောင့်ပေးဖို့ပါ။

အခု ပဲခူး၊ ကရင်နဲ့ ရှမ်းတွေမှာ ဖြစ်တဲ့ကိစ္စတွေကို JMC အနေနဲ့ အရေးယူမလားမေးရင် အရေးယူလို့ရနိုင်တဲ့ အနေအထားလေးတွေတော့ မရှိသေးဘူးပေ့ါ။ ကျွန်တော်တို့ JMC က အတိအကျဖွဲ့စည်းလို့ မရသေးဘူးပေ့ါ။ နောက်ကျွန်တော်တို့ အောက်ခြေတွေကို ချပြဖို့နဲ့ သူတို့နားလည်ဖို့ကလည်း အရေးကြီးနေတယ်။ တိုင်းဒေသကြီး၊ ပြည်နယ်အဆင့် JMC-S တနင်္သာရီမှာ ဆက်ဖွဲ့မယ်။ လိုအပ်ချက်တွေရှိရင်လည်း ဒါတွေအပေါ်မှာ ပြန်ပြီးတော့ သုံးသပ်ရမှာပေ့ါ။

ကရင်မှာဖြစ်တဲ့ကိစ္စက လောလောဆယ် ကျွန်တော်တို့ဘက်မှာ အရင်ကတည်းက ကိုယ့်နယ်မြေနဲ့ ကိုယ်ရှိခဲ့တာဆိုတော့ အခုအချိန်မှာ နယ်မြေကအတိအကျခွဲခြားလို့မရသေးဘူး။ ကျွန်တော်တို့လည်း ကိုယ့်အုပ်ချုပ်ရေးနဲ့ ကိုယ် ရှိတယ်လေ။ ဖြစ်တဲ့ပုံက သစ်လာခိုးတဲ့ကိစ္စပါ။ သစ်အမှုထမ်းတွေက ပိတ်ပင်ပြီးတာကိုဖမ်းတာ။ တစ်ဖက်ကကြည့်ရင် ဖမ်းတဲ့ပုံထင်ရပေမယ့် ရွာလူကြီးက ထောက်ခံစာနဲ့ ပြန်လွှတ်ပေးတာတော့ရှိတာပေ့ါ။ ကိုယ့်ရဲ့ဥပဒေနဲ့ ကိုယ် အုပ်ချုပ်မှုနဲ့ဆိုတော့ နားလည်မှုလွဲတာတော့ရှိနိုင်တယ်။ ချက်ချင်းကြီးပြောင်းဖို့ကတော့ မလွယ်သေးဘူး။ ဒါတွေကိုလည်း ညှိနှိုင်းစရာရှိ ညှိနှိုင်းမယ်။ JMC အနေနဲ့ အကောင်အထည်ဖော်မယ်။

**ဒေါက်တာရွှေခါးရိန်(အတွင်းရေးမှူး-၁)**
**ပြည်ထောင်စုအဆင့် ပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေးဆိုင်ရာ ပူးတွဲစောင့်ကြည့်ရေးကော်မတီ**

စတုတ္ထအကြိမ် JMC-U အစည်းအဝေးကို ကျွန်တော်တို့ သုံးရက်တာလုပ်ခဲ့ပါတယ်။ ဒီတစ်ခေါက် ဆွေးနွေးတဲ့ကိစ္စက JMC ကော်မတီအဆင့်ဆင့်ကို အထောက်အကူပြုမယ့်ရုံးအဖွဲ့တွေရဲ့တာဝန်နဲ့ လုပ်ပိုင်ခွင့်ကို ဆွေးနွေးတယ်။ ရုံးမှာတာဝန်ထမ်းဆောင်မယ့် အကြီးအကဲကဏ္ဍကိုလည်း ဆွေးနွေးတယ်။ [...]

ပစ်ခတ်တိုက်ခိုက်မှု ရပ်စဲရေးဆိုင်ရာ ပူးတွဲစောင့်ကြည့်ရေး ကော်မတီ(JMC-U) အနေနဲ့က ချိုးဖောက်မှုခံရတယ်။ တိုင်ကြားတယ်ဆိုရင် စုံစမ်းစစ်ဆေးရေးအဖွဲ့ကို စေလွှတ်ပြီးအတည်ပြုမယ်။ သူတို့ရဲ့ တွေ့ရှိချက်ကို အစီရင်ခံစာပို့မယ်။ အဆင့်သုံးမျိုး သတ်မှတ်ခွဲခြားထားတယ်။ သာမန်ကနေ ထူးခြားချက်အခြေအနေအထိပေ့ါ။ အဲ့ဒီအပေါ်မှာ စိစစ်အတည်ပြုပြီး အရေးယူမယ်။ လက်ရှိတိုင်ကြားထားတာတော့ မရှိသေးဘူး။ ချိုးဖောက်မှု သွားပြီးစစ်ဆေးတာထက် ပုံမှန်စောင့်ကြည့်ဖို့လိုတယ်။ ကော်မတီအဆင့်ဆင့်မှာ စောင့်ကြည့်တာမျိုး လုပ်ရမယ်ဆိုတဲ့အရာကို JMC ကော်မတီအသီးသီးမှာ လုပ်ဖို့ထည့်ထားပါတယ်။

**ဗိုလ်မှူးကြီးဝဏ္ဏအောင် (အတွင်းရေးမှူး-၂)**
**ပြည်ထောင်စုအဆင့် ပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေးဆိုင်ရာ ပူးတွဲစောင့်ကြည့်ရေးကော်မတီ**

ရှမ်းပြည်မြောက်ပိုင်းဖြစ်စဉ်က အခု JMC-U အစည်းအဝေးမှာပဲ အားလုံးစုပြီး ဆွေးနွေးကြတယ်။ ဆွေးနွေးတာကတော့ RCSS/SSA-S ပေ့ါ၊ TNLA နဲ့ ထိတွေ့မှုလေးတွေ ဖြစ်တာရှိပါတယ်။ တပ်မတော်နဲ့ ထိတွေ့မှုမရှိပါဘူး။ ဘာပဲဖြစ်ဖြစ် ကျွန်တော်တို့ကတော့ အကုန်တိုင်းရင်းသားတွေဆိုတော့ TNLA အဖွဲ့ကိုလည်း ပလောင်အုပ်ချုပ်ခွင့်ရဒေသ ပေးထားပြီးဖြစ်ပါတယ်။ အဲ့ဒီတော့ သူတို့အနေနဲ့ အုပ်ချုပ်ခွင့်ရဒေသမှာပဲနေဖို့၊ နယ်မြေတွေကျော်ပြီး လှုပ်ရှားတာတွေ သွားလာတဲ့အတွက် တိုက်ပွဲတွေဖြစ်တာတွေရှိပါတယ်ဆိုတာ ဆွေးနွေးပါတယ်။ RCSS အဖွဲ့အနေနဲ့လည်း ထွက်သွားဖို့ ပြောကြားပါတယ်။ တိုက်ပွဲမဖြစ်ပါဘူး။ ပြည်သူကို မထိခိုက်စေဖို့ ထိခိုက်မှာစိုးလို့ ထွက်သွားပေးဖို့ ပြောတာပါ။

JMC-S ကို ရှမ်းပြည်မှာဖွဲ့ပြီးတော့ ထိတွေ့မှုမရှိတော့အောင် ထိန်းနိုင်ပါတယ်။ နောက်အဲ့ဒီမှာ တစ်လတစ်ကြိမ် အစည်းအဝေးတွေ အကောင်အထည်ဖော်ဆောင်နေပါတယ်။ မြေပြင်တပ်မှူးချင်း ထိတွေ့မှုတွေများလာတဲ့အတွက် ငြိမ်းချမ်းရေးအတွက် တိုးတက်မှုရှိလာတာတွေ သိရပါတယ်။ မနက်ဖြန် ဖေဖော်ဝါရီ ၂၅ ရက်နေ့မှာ တနင်္သာရီကိုသွားပြီး JMC-S ဖွဲ့မယ်။ နောက် မော်လမြိုင်မှာဖွဲ့မယ်။ သူကတော့ ဧပြီလောက်မှ ဖြစ်မယ်။

## ပြည်ထောင်စုအဆင့် ပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေးဆိုင်ရာ ပူးတွဲစောင့်ကြည့်ရေးကော်မတီ(JMC-U)၏ စတုတ္ထအကြိမ်အစည်းအဝေးအပြီး သတင်းထုတ်ပြန်ချက်

**ရန်ကုန် ဖေဖော်ဝါရီ ၂၄**

ပြည်ထောင်စုအဆင့် ပစ်ခတ်တိုက်ခိုက်မှု ရပ်စဲရေးဆိုင်ရာပူးတွဲစောင့်ကြည့်ရေးကော်မတီ (JMC-U)၏ စတုတ္ထအကြိမ်အစည်းအဝေး တတိယနေ့ ဆွေးနွေးပွဲကို ယနေ့နံနက် ၈ နာရီက ရန်ကုန်မြို့ ရွှေလီလမ်းရှိ မြန်မာနိုင်ငံငြိမ်းချမ်းရေး ပြန်လည်ထူထောင်ရေးလုပ်ငန်းဗဟိုဌာန (MPC) ၌ ဆက်လက်ကျင်းပခဲ့သည်။

ဖေဖော်ဝါရီ ၂၂ ရက်မှ ၂၄ ရက်အထိ ကျင်းပခဲ့သည့် ပြည်ထောင်စုအဆင့် ပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေးဆိုင်ရာ ပူးတွဲစောင့်ကြည့်ရေးကော်မတီ(JMC-U)၏ စတုတ္ထအကြိမ် တတိယနေ့ အစည်းအဝေးသည် ယနေ့ ညနေ ၃ နာရီတွင် ပြီးဆုံးခဲ့သည်။

အစိုးရအဖွဲ့ကိုယ်စားလှယ်များ၊ NCA လက်မှတ်ရေးထိုးထားသည့် တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့အစည်းရှစ်ဖွဲ့မှ ကိုယ်စားလှယ်များနှင့် အရပ်ဘက်လူမှုအဖွဲ့မှ ကိုယ်စားလှယ်များပါဝင်သည့် JMC-U ၏ စတုတ္ထအကြိမ် အစည်းအဝေးအပြီးတွင် အစည်းအဝေးဆုံးဖြတ်ချက်နှင့် သဘောတူညီချက်များရရှိ၍ ထုတ်ပြန်ချက်တစ်စောင် ထုတ်ပြန်နိုင်ခဲ့သည်။

ပြည်ထောင်စုအဆင့်ပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေးဆိုင်ရာ ပူးတွဲစောင့်ကြည့်ရေးကော်မတီ (JMC-U)၏ သတင်းထုတ်ပြန်ချက်မှာ အောက်ပါအတိုင်းဖြစ်ပါသည်-

### ပြည်ထောင်စုအဆင့် ပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေးဆိုင်ရာ ပူးတွဲစောင့်ကြည့်ရေးကော်မတီ စတုတ္ထအကြိမ်အစည်းအဝေး သတင်းထုတ်ပြန်ချက်

၁။ တစ်နိုင်ငံလုံး ပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေး သဘောတူစာချုပ် (NCA) လက်မှတ်ရေးထိုးပြီးနောက်ပိုင်း ဖြစ်ပွားခဲ့သောဖြစ်စဉ်များနှင့် စပ်လျဉ်းပြီး မတော်တဆ ထိတွေ့မှုဖြစ်စဉ်များ ထပ်မံမဖြစ်ပွားစေရေးအတွက် ညှိနှိုင်းဆွေးနွေးဆုံးဖြတ်ခဲ့ပါသည်။

၂။ တစ်နိုင်ငံလုံး ပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေး သဘောတူစာချုပ် (NCA) လက်မှတ်ရေးထိုးထားသော နိုင်ငံတော်အစိုးရနှင့် တိုင်းရင်းသားလက်နက်ကိုင် အဖွဲ့အစည်းများအနေဖြင့် နယ်မြေဒေသများအတွင်းရှိ ပြည်သူလူထု၏ အသက်၊ အိုးအိမ်နှင့် စည်းစိမ်များအား ထိခိုက်နစ်နာမှုများမရှိစေရန် အောက်ခြေအဆင့်အထိ သိရှိအောင် ဆွေးနွေးရှင်းလင်းခြင်းနှင့် ဖြစ်ပွားလာပါကလည်း တစ်နိုင်ငံလုံးပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေး သဘောတူ စာချုပ် (NCA) ၏ ပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေးဆိုင်ရာ ပူးတွဲစောင့်ကြည့်ရေးကော်မတီ (JMC) သဘောတူညီချက်များအတိုင်း ထိရောက်စွာအရေးယူ အပြစ်ပေးခြင်းများ ဆောင်ရွက်သွားရန်ဆုံးဖြတ်ခဲ့ပါသည်။

၃။ ရေရှည်တည်တံ့ခိုင်မြဲသော ထာဝရငြိမ်းချမ်းရေးရရှိရန် တည်ဆောက်ဆဲကာလဖြစ်သည့်အတွက် သဘောတူထားသော ငြိမ်းချမ်းရေးဆိုင်ရာလုပ်ငန်းစဉ်များမှ မသွေဖည်ဘဲ အရှိန်အဟုန်မပျက် ဆက်လက်အကောင်အထည်ဖော် ဆောင်ရွက်သွားမည်ဖြစ်ကြောင်း သတင်းထုတ်ပြန်အပ်ပါသည်။


**နေရာ၊ ရန်ကုန်မြို့။**
**ရက်စွဲ၊ ၂၀၁၆ ခုနှစ်၊ ဖေဖော်ဝါရီလ (၂၄) ရက်။**


# အယ်နီညိုရိုက်ခတ်မှုကြောင့် အပူချိန်မြင့်မားမှုနှင့် ဖြစ်ပေါ်လာမည့်နောက်ဆက်တွဲရောဂါများကို ကြိုတင်ကာကွယ်တားဆီးနိုင်ရန်လိုအပ်

**အယ်နီညိုဖြစ်စဉ်ရဲ့ နောက်ဆက်တွဲအနေနဲ့ အပူချိန်မြင့်မားမှုကြောင့် ခြင်ပေါက်ပွားမှု ပိုမိုမြန်ဆန်လာနိုင်၊ ခြင်မှတစ်ဆင့် ကူးစက်တတ်သည့်ရောဂါများဖြစ်သည့် ငှက်ဖျားရောဂါ၊ သွေးလွန်တုပ်ကွေးရောဂါအပါအဝင် အခြားရောဂါများ ပိုမိုဖြစ်ပွားလာနိုင်**

**ဒေါက်တာစိုးလွင်ငြိမ်း၊ ညွှန်ကြားရေးမှူးချုပ်**

၂၀၁၆ ခုနှစ်အတွင်း အားအကောင်းဆုံး အယ်နီညိုရာသီဥတုဖြစ်ပေါ်နိုင်ကြောင်း ကမ္ဘာ့မိုးလေဝသ ပညာရှင်များက သုံးသပ်ခန့်မှန်းထားကြသည်။ မြန်မာနိုင်ငံအတွင်း ၂၀၁၆ ခုနှစ် ဖေဖော်ဝါရီလတွင် အယ်နီညိုမှာ အားကောင်းသောအနေအထားသို့




ရောက်ရှိနေပြီဖြစ်ကြောင်းသိရှိရပြီး လာမည့် မတ်လ၊ ဧပြီလနှင့် မေလတို့တွင် ပုံမှန်အပူချိန်ထက် စံချိန်တင်နိုင်သည့် အပူချိန်များဖြစ်ပေါ်လာနိုင်ကြောင်း သိရသည်။

လက်ရှိအချိန်တွင် မြန်မာနိုင်ငံအနေဖြင့်လည်း အယ်နီညို၏ ရိုက်ခတ်မှုများကို ခံစားနေရပြီဖြစ်သည်။ အယ်နီညိုရိုက်ခတ်မှုကြောင့် ထင်ရှားသည့်သဘာဝဘေးဒဏ်တစ်ခုကို ပြောရမည်ဆိုလျှင် ၂၀၁၅ ခုနှစ်အတွင်း ဇွန်လနှင့် ဇူလိုင်လတို့တွင် မြန်မာနိုင်ငံအတွင်း၌ မှတ်တမ်းတင်ရမည့် ရေကြီးရေလျှံမှုများ စံချိန်တင်ဖြစ်ပွားခဲ့ပြီး ဖြစ်သည်။

အယ်နီညိုဖြစ်စဉ်မှာ သဘာဝဘေးအန္တရာယ်ဖြစ်သည့်အတွက် တားဆီး၍မရနိုင်သော်လည်း ထိခိုက်မှုအနည်းဆုံးဖြစ်အောင် သက်ဆိုင်ရာဌာနများမှ တာဝန်ရှိသူများက ပူးပေါင်းဆောင်ရွက်လျက်ရှိပြီး ပြည်သူများ လိုက်နာသိရှိနိုင်ရန်အတွက်လည်း နှိုးဆော်ချက်များကို အချိန်နှင့်တစ်ပြေးညီ ထုတ်ပြန်ပေးလျက်ရှိသည်။

ရာသီဥတုပူပြင်းမှုကြောင့် ဖြစ်ပေါ်လာမည့် နောက်ဆက်တွဲရောဂါများကို ကြိုတင်ကာကွယ်တားဆီးနိုင်ရန်အတွက် ဆောင်ရန်၊ ရှောင်ရန်များကို လိုက်နာရမည်ဖြစ်သည်။ သို့ဖြစ်၍ လိုက်နာဆောင်ရွက်ရမည့် ကျန်းမာရေးကိစ္စများနှင့်စပ်လျဉ်းပြီး ပြည်သူများသိရှိနိုင်ရန် ကျန်းမာရေးဝန်ကြီးဌာန ပြည်သူ့ကျန်းမာရေးဝန်ကြီးဌာန ညွှန်ကြားရေးမှူးချုပ် ဒေါက်တာ စိုးလွင်ငြိမ်းနှင့် တွေ့ဆုံမေးမြန်းမှုများအား ဖော်ပြအပ်ပါသည်-

**မေး။ El Nino ဖြစ်စဉ်ကြောင့် (၂၀၁၅-၂၀၁၆) ခုနှစ်တွေမှာ ရာသီဥတုပူပြင်းမှုနှင့် အခြားရာသီဥတုဖောက်ပြန်မှုတွေဖြစ်ပေါ်လာလိမ့်မယ်လို့ မိုးလေဝသပညာရှင်များက ခန့်မှန်းချက်တွေ ရှိနေပါတယ်။ ဒီလို El Nino ဖြစ်စဉ်တွေနဲ့ပတ်သက်ပြီး ရှင်းပြပေးပါဆရာ။**

ဖြေ။ (၂၀၁၅-၂၀၁၆)ခုနှစ်အတွင်းမှာ El Nino ဖြစ်စဉ်တွေဖြစ်ပေါ်လာပြီး ရာသီဥတုပူပြင်းမှုတွေကို မြန်မာနိုင်ငံကလည်း ခံစားရနိုင်တယ်လို့ သုံးသပ်ထားရှိမှုတွေရှိနေပါတယ်။ ရာသီဥတုပူပြင်းမှုတွေအပြင် မိုးခေါင်ရေရှားမှုတွေ၊ မုန်တိုင်းတွေ၊ ရေကြီး ရေလျှံမှုတွေစတဲ့ သဘာဝဘေးအန္တရာယ်တွေလည်း ကြုံတွေ့ရနိုင်ပါတယ်။ ၂၀၁၀ ပြည့်နှစ် El Nino ဖြစ်စဉ်မှာ အပူဒဏ်အန္တရာယ်ကြောင့် ရောဂါခံစားရမှုတွေ၊ သေဆုံးမှုတွေရှိခဲ့ပါတယ်။ ယခုနှစ်အတွင်းမှာလည်း ကျန်းမာရေးနဲ့ပတ်သက်တဲ့ပြဿနာတွေ ဖြစ်ပွားလာနိုင်ပါတယ်။ အပူချိန်ကြောင့် တိုက်ရိုက်ဖြစ်ပွားစေတဲ့ အပူအန္တရာယ်တွေဖြစ်တဲ့ Heat Exhaustion နဲ့ Heat Stroke ရောဂါတွေအပြင် ရာသီဥတုအပူချိန်မြင့်တက်လာခြင်းရဲ့ နောက်ဆက်တွဲအနေနဲ့ ဆက်စပ်ဖြစ်ပွားတတ်တဲ့ ကူးစက်ရောဂါတွေနဲ့ အခြားကျန်းမာရေးပြဿနာတွေလည်း ဖြစ်ပွားစေနိုင်ပါတယ်။

**မေး။** ဆရာပြောသွားသလို ၂၀၁၀ ပြည့်နှစ်တုန်းက အပူလျှပ်ရောဂါတွေဖြစ်ပွားတာကို ကျွန်တော်ကိုယ်တိုင် မြင်တွေ့ခဲ့ရပါတယ်။ အဲ့ဒါကြောင့် အပူလျှပ်ရောဂါအကြောင်းကို အနည်းငယ် ရှင်းပြပေးစေလိုပါတယ်။

ဖြေ။ ၂၀၁၀ ပြည့်နှစ် El Nino ဖြစ်စဉ်မှာ အမြင့်ဆုံးစံချိန်တင်အပူချိန်အနေဖြင့် မြင်းမူမြို့မှာ ၄၇ ဒသမ၂ ဒီဂရီ စင်တီဂရိတ်၊ မြင်းခြံမြို့မှာ ၄၆ ဒသမ ၅ ဒီဂရီ စင်တီဂရိတ်နဲ့ အခြားမြို့ကြီးများမှာ ၄၅ ဒီဂရီ စင်တီဂရိတ်အထက်အထိ မြင့်တက်ခဲ့ပြီး ၂၀၁၀ ပြည့်နှစ် ဧပြီလယ်မှ မေလလယ်ထိ တစ်လတာကာလအတွင်းမှာ အပူဒဏ်အန္တရာယ်ခံစားရသူစုစုပေါင်း ၆၀၀ ကျော်ရှိတဲ့အနက် ၁၂၀ ကျော် သေဆုံးခဲ့တဲ့အတွက် သေဆုံးနှုန်းမှာ အကြမ်းဖျင်းအားဖြင့် ၂၀ ရာခိုင်နှုန်းခန့်ဖြစ်တာကို တွေ့ရှိရပါတယ်။ ဒါ့ကြောင့် အပူဒဏ်အန္တရာယ်နဲ့ပတ်သက်လို့ ဖြစ်ပွားမှ ကုသမှုခံယူခြင်းထက် ကြိုတင်ကာကွယ်ရေးလုပ်ငန်းတွေကို ကြိုတင်ပြင်ဆင်ဆောင်ရွက်ထားရှိမှသာ ဖြစ်ပွား၊ သေဆုံးမှုနှုန်းကို လျှော့ချနိုင်မှာဖြစ်ပါတယ်။

အပူရှိန်မြင့်မားမှုကြောင့် ခန္ဓာကိုယ်အပူချိန်ထိန်းစနစ် ချို့ယွင်းပြီး ကိုယ်အပူချိန် ၉၉ မှ ၁၀၄ ဒီဂရီဖာရင်ဟိုက်ထိ မြင့်တက်လာကာ ခန္ဓာကိုယ်အတွင်း ရေနှင့်ဓာတ်ဆားဓာတ်များ ဆုံးရှုံးခြင်းကြောင့် ပင်ပန်းနွယ်နယ်ခြင်း၊ ခေါင်းကိုက်ခြင်း၊ မူးမော်ပျို့အန်ခြင်း၊ ကြွက်တက်ခြင်းစတဲ့ Heat Exhaustion လက္ခဏာများ ခံစားရနိုင်ပါတယ်။

ဒီအဆင့်မှာ လက်ဦးမှုရရှိအောင် အချိန်မီကာကွယ်ကုသမှုတွေမပြုလုပ်နိုင်ခဲ့ရင် Heat Stroke လို့ခေါ်တဲ့ အပူချိန် (၁၀၄ ဒီဂရီဖာရင်ဟိုက်)အထက် မြင့်တက်လာပြီး ချွေးလုံးဝမထွက်ခြင်း၊ အရေပြားခြောက်သွေ့ပူပြင်းခြင်း၊ သတိကောင်းစွာမရခြင်း၊ ကယောင်ချောက်ချားဖြစ်ခြင်း၊ တက်ခြင်း၊ သတိလုံးဝမေ့မြောခြင်းတို့ဖြစ်ပွားကာ စောစီးစွာ ဆေးကုသမှုမခံယူပါက အသက်ဆုံးရှုံးနိုင်ပါတယ်။

ဒီလိုအပူအန္တရာယ်တွေကို လူတိုင်းခံစားရနိုင်ပြီး သက်ကြီးရွယ်အိုတွေ၊ နှလုံးရောဂါ၊ ဆီးချိုရောဂါ၊ သိုင်းရွိုက်ရောဂါစတဲ့ရောဂါရှိသူတွေ၊ ကလေးသူငယ်တွေဟာ ပိုမိုခံစားရနိုင်ပါတယ်။ ဒါ့အပြင် နေရောင်အောက်မှာ၊ နေ့လယ်၊ နေ့ခင်းမှာ အလုပ်လုပ်နေကြသူတွေ၊ လယ်သမားတွေ၊ ယာဉ်မောင်းတွေ၊ ခရီးသွားတွေ၊ ဆောက်လုပ်ရေးလုပ်ငန်းနဲ့ လမ်းလုပ်ငန်းလုပ်ကိုင်သူတွေဟာလည်း အပူဒဏ်အန္တရာယ် ပိုမိုခံစားရနိုင်တဲ့ လူအုပ်စုတွေဖြစ်ပါတယ်။

ဒါ့အပြင် အရက်အလွန်အကျွံသောက်သုံးသူတွေဟာ အခြားသူတွေထက် အပူဒဏ်အန္တရာယ်ကို ပိုမိုခံစားလွယ်ပြီး ပိုမိုရောဂါဆိုးရွားစေတတ်တဲ့အတွက် အခုလို ပူပြင်းတဲ့အချိန်အခါမျိုးမှာ အရက်သောက်သုံးခြင်းကို ရှောင်ကြဉ်ကြဖို့ကိုလည်း အထူးလိုအပ်ပါတယ်။

**မေး။ ခုနကပြောခဲ့တဲ့ အပူဒဏ်အန္တရာယ်တွေ မဖြစ်ပွားအောင် ဘာတွေဆောင်ရွက်ထားရှိဖို့ လိုအပ်ပါသလဲ၊ ဘယ်လိုကြိုတင်ပြင်ဆင်ထားရှိမှုတွေ လိုအပ်ပါသလဲ သိပါရစေ။**

ဖြေ။ အပူဒဏ်အန္တရာယ်တွေဖြစ်တဲ့ Heat Exhaustion နဲ့ Heat Stroke တွေဖြစ်ပွားလာပါက အချိန်မီကုသပေးနိုင်ရင် အသက်ကယ်တင်နိုင်ပေမယ့် ရောဂါမဖြစ်ပွားအောင် ကြိုတင်ကာကွယ်နေထိုင်တတ်ဖို့က ပိုပြီးအရေးကြီးပါတယ်။

သက်ကြီး ရွယ်အိုတွေ၊ ရောဂါရှိသူတွေ၊ ကလေးငယ်တွေကို ပူပြင်းတဲ့နေ့လယ်၊ နေ့ခင်း၊ မွန်းလွဲအချိန်တွေမှာ အရိပ်ရပြီး အေးမြတဲ့နေရာမျိုးနဲ့ Aircon အအေးခန်းရှိတဲ့နေရာတွေမှာဆိုရင် အအေးခန်းတွေထဲမှာ နေထိုင်နိုင်ရန် စီစဉ်ပေးဖို့လိုအပ်ပါတယ်။ Aircon မရှိတဲ့နေရာတွေမှာလည်း ပန်ကာဖွင့်ထားခြင်း၊ ယပ်ခတ်ပေးခြင်းစတဲ့ ဂရုစိုက်မှုတွေနဲ့ ထားရှိဖို့လိုအပ်ပါတယ်။

ယခုလို ပူပြင်းတဲ့အချိန်တွေမှာ အရည်များများသောက်သုံးပေးဖို့၊ အကယ်၍ ချွေးထွက်များပါက ဓာတ်ဆားရည် သောက်သုံးပေးဖို့လည်း လိုအပ်ပါတယ်။

ရေဆိပ်တွေမှာ နေ့လယ်၊ နေ့ခင်း ရေဆင်းချိုးခြင်း၊ အဝတ်လျှော်ခြင်းစတဲ့ အလုပ်တွေမလုပ်စေဖို့နဲ့ အဲ့ဒီလိုမလုပ်စေရန် ပညာပေးဖို့၊ လိုအပ်ပါကတားဆီးနိုင်ရန် ကင်းချပြီး ဆောင်ရွက်ထားဖို့လိုအပ်ပါတယ်။

Heat Exhaustion လို့ခေါ်တဲ့ အပူချိန်မြင့်မားကာ ချွေးထွက်လွန်ပြီး ပင်ပန်းနွမ်းလျတဲ့ ရောဂါအဆင့်မှာတင် လူနာအသက်ကို ကယ်တင်နိုင်ဖို့ လက်ဦးမှုရယူပြီး အရေးပေါ်ရှေးဦးကုသပေးနိုင်ဖို့ အရေးကြီးပါတယ်။ လူနာကိုအေးမြတဲ့ နေရာမှာထားဖို့၊ အဝတ်အစားတွေကို ဖယ်ရှားပေးဖို့၊ ရေခဲရေ ဒါမှမဟုတ် ရေအေးအေးနဲ့ လည်ပင်း၊ နဖူး၊ ချိုင်းနှစ်ဖက်၊ ပေါင်ခြံနှစ်ဖက်စတဲ့ နေရာတွေကို ရေဖတ်သေချာတိုက်ပေးဖို့၊ ဓာတ်ဆားရည်တိုက်ပေးဖို့၊ ပန်ကာဖွင့်ပေးဖို့ ဒါမှမဟုတ် ယပ်ခတ်ပေးဖို့ စတာတွေကို ဦးစွာဆောင်ရွက်ပေးဖို့ လိုအပ်ပါတယ်။ ဒါ့အပြင် နီးစပ်ရာဆေးရုံ၊ ဆေးပေးခန်းကို လူနာလွှဲပြောင်းပေးဖို့ လိုအပ်လာခဲ့ရင်၊ လမ်းတစ်လျှောက်မှာလည်း အေးမြအောင် ရေဖတ်တိုက်ခြင်း၊

စာမျက်နှာ ၉ ကော်လံ ၁ သို့



ရာသီဥတုဖောက်ပြန်မှုကြောင့် အပူဒဏ်သင့် သက်ကြီးရွယ်အိုတစ်ဦးအား ရှေးဦးသူနာပြုစုပေးနေစဉ်။

ပြည်သူ့လွှတ်တော်အစည်းအဝေး

# မူးယစ်ဆေးဝါးတိုက်ဖျက်ရေးတွင် ဟန့်တားနှောင့်ယှက်သူများ၏အန္တရာယ်မှ ကာကွယ်ပေးရန် အရေးကြီးအဆိုတင်သွင်း



**နေပြည်တော် ဖေဖော်ဝါရီ ၂၄**

ဒုတိယအကြိမ် ပြည်သူ့လွှတ်တော် ပထမပုံမှန်အစည်းအဝေး ၁၁ ရက်မြောက်နေ့ကို ယနေ့နံနက် ၁၀ နာရီတွင် ကျင်းပရာ **(အပေါ်ပုံ)** အယ်နီညိုရာသီဥတုနှင့် ပတ်သက်၍ ဆက်လက်ဆွေးနွေးခြင်းနှင့် အတည်ပြုခြင်း၊ အရေးကြီးအဆို တင်သွင်းခြင်းကော်မတီနှစ်ခု ဖွဲ့စည်းခြင်းတို့အား လွှတ်တော်၏အတည်ပြုချက်ရယူခြင်းတို့ကို ဆောင်ရွက်ကြသည်။

အစည်းအဝေးတွင် မိတ္ထီလာမဲဆန္ဒနယ်မှ ဒေါက်တာမောင်သင်း တင်သွင်းထားသည့် **"ကမ္ဘာ့ရာသီဥတုပြောင်းလဲလာခြင်းနှင့် ၂၀၁၆ ခုနှစ်တွင် ဖြစ်ပေါ်လာမည့် အယ်နီညို (El Nino) အကျိုးသက်ရောက်မှုကြောင့် မြန်မာနိုင်ငံတစ်ဝန်း ဖြစ်ပေါ်လာနိုင်သော သဘာဝဘေးအန္တရာယ်များကို ကြိုတင်ကာကွယ်စီမံဆောင်ရွက်နိုင်ရေးနှင့် သက်ဆိုင်ရာ ဝန်ကြီးဌာနများက ပူးပေါင်းပါဝင်ဆောင်ရွက်ရေးကို ပြည်ထောင်စုအစိုးရအား တိုက်တွန်းကြောင်း"** အရေးကြီးအဆိုနှင့်စပ်လျဉ်း၍ လွှတ်တော်ကိုယ်စားလှယ် ဦးစိန်ဝင်း၊ ဒေါ်ဝင့်ဝါထွန်း၊ ဦးမြင့်ဦး၊ ဦးမင်းသိန်း၊ ဦးတင်ထွန်းနိုင်၊ ဦးသန်းစိုး၊ ဦးကိုကိုနိုင်၊ ဦးဦးလှစောတို့က ဆက်လက်ဆွေးနွေးခဲ့ကြသည်။

လွှတ်တော်ကိုယ်စားလှယ်များ၏ ဆွေးနွေးချက်များနှင့် စပ်လျဉ်း၍ ပို့ဆောင်ရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးဟံစိန်၊ လယ်ယာစိုက်ပျိုးရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးခင်ဇော်၊ ပြည်ထဲရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဗိုလ်မှူးချုပ် ကျော်ဇံမြင့်၊ ကျန်းမာရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဒေါက်တာဝင်းမြင့်၊ လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးဘုန်းဆွေတို့က အယ်နီညိုရာသီဥတု အကျိုးသက်ရောက်မှုများကြောင့် စိုက်ပျိုးရေနှင့် သောက်သုံးရေအခက်အခဲများ ကြုံတွေ့လာနိုင်သဖြင့် ရေပြတ်လပ်မှုမရှိစေရန် ဌာနအလိုက် အမျိုးသား ရေသိုလှောင်ရေး လှုပ်ရှားမှုနှင့် ဆက်နွှယ်သည့်လုပ်ငန်းများ ဆောင်ရွက်ပြီးစီးမှု၊ လျာထားဆောင်ရွက်လျက်ရှိသည့် လုပ်ငန်းများအခြေအနေ၊ ကျန်းမာရေးဝန်ကြီးဌာနအနေဖြင့် အယ်နီညိုကြောင့် ကျန်းမာရေးအကျိုးသက်ရောက်မှုအဖြစ် အပူဒဏ်ကာကွယ်ရေးလုပ်ငန်းများ ဦးစားပေးဆောင်ရွက်နေမှု၊ ပြည်သူလူထု၏ အပူဒဏ် ကာကွယ်ရေးလုပ်ငန်းများတွင် လိုအပ်သည်များ ထောက်ပံ့နိုင်ရန် ဆောင်ရွက်ထားရှိမှု၊ မြန်မာနိုင်ငံမီးသတ်တပ်ဖွဲ့အနေဖြင့် မီးဘေးကြိုတင်ကာကွယ်ရေး လုပ်ငန်းများနှင့် ပြည်သူများအား အသိပညာပေးရေးလုပ်ငန်းများအား ဆောင်ရွက်နေမှု၊ အမျိုးသား သဘာဝဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲမှုကော်မတီအနေဖြင့် ဘေးအန္တရာယ်ကြုံတွေ့ရသူများအား လတ်တလော သက်သာချောင်ချိမှုရှိစေရေးအတွက် အထောက်အပံ့ပေးရန်နှင့် သဘာဝဘေးအန္တရာယ်များကြောင့် လူ့အသက် အိုးအိမ်ပစ္စည်းများ ဆုံးရှုံးမှုလျော့နည်းအောင် ကြိုတင်စီမံ ဆောင်ရွက်ပေးနိုင်ရန် ကြိုတင်ပြင်ဆင်ထားရှိမှုတို့ကို အသေးစိတ် ရှင်းလင်းတင်ပြသည်။

ယင်းအဆိုနှင့် စပ်လျဉ်းပြီး လွှတ်တော်က အတည်ပြုခဲ့သည်။

ထို့နောက် ဝိုင်းမော်မဲဆန္ဒနယ်မှ ဦးလဂန်ဇယ်ဂျုံးက **"မူးယစ်ဆေးဝါးတိုက်ဖျက်နှိမ်နင်းရေးတွင် ပြည်သူလူထုပါဝင်လာမှုအပေါ် ကြိုဆိုထောက်ခံရန်နှင့် ဟန့်တားနှောင့်ယှက်သူများ၏အန္တရာယ်မှ ကာကွယ်ပေးရန် အပြင် ထိရောက်သောကူညီ ထောက်ပံ့မှုများ အမြန်ဆုံးဆောင်ရွက်ပေးရန် ပြည်ထောင်စုအစိုးရအဖွဲ့သို့ တိုက်တွန်းကြောင်း"** အရေးကြီးအဆိုကို တင်သွင်းရာ လွှတ်တော်က လက်ခံဆွေးနွေးရန် ဆုံးဖြတ်သည်။

ယင်းနောက် ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌက ရင်းနှီးမြှုပ်နှံမှုနှင့် စက်မှုလက်မှု ဖွံ့ဖြိုးတိုးတက်ရေးကော်မတီတွင် ဥက္ကဋ္ဌအဖြစ် ဆားလင်းကြီးမဲဆန္ဒနယ်မှ ဦးဝင်းသိန်းဇော်၊ အတွင်းရေးမှူးအဖြစ် မြင်းခြံမဲဆန္ဒနယ်မှ ဦးသက်လွင်(ခ)ဦးပေါခင်နှင့် လျှပ်စစ်နှင့် စွမ်းအင်ဖွံ့ဖြိုးတိုးတက်ရေးကော်မတီတွင် ဥက္ကဋ္ဌအဖြစ် ရေတာရှည်မဲဆန္ဒနယ်မှ ဦးကြည်မိုးနိုင်၊ အတွင်းရေးမှူးအဖြစ် အမရပူရမဲဆန္ဒနယ်မှ

*စာမျက်နှာ ၈ ကော်လံ ၁ သို့*

**ပြည်သူ့လွှတ်တော် ရင်းနှီးမြှုပ်နှံမှုနှင့် စက်မှုလက်မှုဖွံ့ဖြိုးတိုးတက်ရေးကော်မတီ အဖွဲ့ဝင်များစာရင်း (၂၄-၂-၂၀၁၆)**

| စဉ် | မဲဆန္ဒနယ် | အမည် | တာဝန် |
|---|---|---|---|
| ၁။ | ဆားလင်းကြီးမဲဆန္ဒနယ် | ဦးဝင်းသိန်းဇော် | ဥက္ကဋ္ဌ |
| ၂။ | ပေါင်းတည်မဲဆန္ဒနယ် | ဦးအေးမင်းအောင်(ခ) ဦးမင်းမင်း | အဖွဲ့ဝင် |
| ၃။ | မိုးညိုမဲဆန္ဒနယ် | ဦးကျော်မျိုးမင်း | ။ |
| ၄။ | သရက်ချောင်းမဲဆန္ဒနယ် | ဦးအောင်စိုး | ။ |
| ၅။ | ခန္တီးမဲဆန္ဒနယ် | ဦးအောင်သန်းစိန် | ။ |
| ၆။ | အလုံမဲဆန္ဒနယ် | ဦးရဲလွင် | ။ |
| ၇။ | သပိတ်ကျင်းမဲဆန္ဒနယ် | ဒေါက်တာဦးအောင်နိုင် | ။ |
| ၈။ | ညောင်တုန်းမဲဆန္ဒနယ် | ဦးအုန်းလွင် | ။ |
| ၉။ | ဖျာပုံမဲဆန္ဒနယ် | ဦးဝင်းထွဋ် | ။ |
| ၁၀။ | လှိုင်မဲဆန္ဒနယ် | ဦးအောင်ကျော်ကျော်ဦး | ။ |
| ၁၁။ | မြိုင်မဲဆန္ဒနယ် | ဦးအောင်ခင်ဝင်း | ။ |
| ၁၂။ | ဖယ်ခုံမဲဆန္ဒနယ် | ဦးဖိုးမောင် | ။ |
| ၁၃။ | ဟားခါးမဲဆန္ဒနယ် | ဦးနိုယာအုပ် | ။ |
| ၁၄။ | တပ်မတော်သား ကိုယ်စားလှယ် | ဒုတိယဗိုလ်မှူးကြီး ခင်မောင်ဆွေ | ။ |
| ၁၅။ | မြင်းခြံမဲဆန္ဒနယ် | ဦးသက်လွင်(ခ) ဦးပေါခင် | အတွင်းရေးမှူး |

အမျိုးသားလွှတ်တော်အစည်းအဝေး

# အမျိုးသားလွှတ်တော်နှင့် ဗီယက်နမ်၊ လာအို၊ ထိုင်း၊ ဂျပန်၊ စင်ကာပူလွှတ်တော်များနှင့် လွှတ်တော်ချင်း ချစ်ကြည်ရင်းနှီးရေးအသင်းများ ပြင်ဆင်ဖွဲ့စည်းခြင်းအတည်ပြု

**နေပြည်တော် ဖေဖော်ဝါရီ ၂၄**

ဒုတိယအကြိမ် အမျိုးသားလွှတ်တော် ပထမပုံမှန်အစည်းအဝေး ၁၁ ရက်မြောက်နေ့ကို ယနေ့ နံနက် ၁၀ နာရီတွင်ကျင်းပရာ **အမျိုးသားလွှတ်တော်နှင့် ဗီယက်နမ်၊ လာအို၊ ထိုင်း၊ ဂျပန်၊ စင်ကာပူလွှတ်တော်များနှင့် လွှတ်တော်ချင်းချစ်ကြည်ရင်းနှီးရေးအသင်းများ ပြင်ဆင်ဖွဲ့စည်းခြင်း**နှင့် **စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ရေလုပ်ငန်း ဖွံ့ဖြိုးတိုးတက်ရေးကော်မတီဖွဲ့စည်းခြင်း**တို့ကို အတည်ပြုဆောင်ရွက်ကြသည်။



အမျိုးသားလွှတ်တော်ဥက္ကဋ္ဌ မန်းဝင်းခိုင်သန်း

အစည်းအဝေးတွင် အမျိုးသားလွှတ်တော်ဥက္ကဋ္ဌ မန်းဝင်းခိုင်သန်းက **မြန်မာ-ဗီယက်နမ် လွှတ်တော်ချင်း ချစ်ကြည်ရင်းနှီးရေး အသင်း**ကို ကော်မတီဥက္ကဋ္ဌအဖြစ် စစ်ကိုင်းတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၆)မှ ဦးဇော်မင်း၊ အတွင်းရေးမှူးအဖြစ် ရန်ကုန်တိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၃)မှ ဒေါက်တာမြတ်ဉာဏစိုးတို့ဖြင့်လည်းကောင်း၊ **မြန်မာ-လာအို လွှတ်တော်ချင်း ချစ်ကြည်ရင်းနှီးရေး အသင်း**ကို ကော်မတီဥက္ကဋ္ဌအဖြစ် ကရင်ပြည်နယ် မဲဆန္ဒနယ်အမှတ်(၂)မှ ဦးစောသန်းထွဋ်၊ အတွင်းရေးမှူးအဖြစ် ရှမ်းပြည်နယ် မဲဆန္ဒနယ် အမှတ်(၆)မှ ဒေါက်တာစိုင်းဆိုင်ကျောက်ဆမ်တို့ဖြင့် လည်းကောင်း၊ **မြန်မာ-ထိုင်း လွှတ်တော်ချင်း ချစ်ကြည်ရင်းနှီးရေး အသင်း**ကို ကော်မတီဥက္ကဋ္ဌအဖြစ် ဧရာဝတီတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၁၀)မှ ဦးသိမ်းဆွေ၊ အတွင်းရေးမှူးအဖြစ် ရှမ်းပြည်နယ်မဲဆန္ဒနယ် အမှတ်(၁၁)မှ ဦးကျော်နီနိုင်တို့ဖြင့် လည်းကောင်း၊ **မြန်မာ-ဂျပန် လွှတ်တော်ချင်း ချစ်ကြည်ရင်းနှီးရေး အသင်း**ကို ကော်မတီဥက္ကဋ္ဌအဖြစ် ရန်ကုန်တိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၈)မှ ဦးကျော်ထွေး၊ အတွင်းရေးမှူးအဖြစ် ရှမ်းပြည်နယ် မဲဆန္ဒနယ်အမှတ်(၁)မှ ဦးဇော်မင်းလတ်(ခ)ဦးကိုလတ်တို့ဖြင့် လည်းကောင်း၊ **မြန်မာ-စင်ကာပူ လွှတ်တော်ချင်း ချစ်ကြည်ရင်းနှီးရေး အသင်း**ကို ကော်မတီဥက္ကဋ္ဌအဖြစ် ပဲခူးတိုင်းဒေသကြီး မဲဆန္ဒနယ် အမှတ်(၆)မှ ဦးမင်းဦး၊ အတွင်းရေးမှူးအဖြစ် စစ်ကိုင်းတိုင်းဒေသကြီး မဲဆန္ဒနယ် အမှတ်(၉)မှ ဦးမောင်မောင်လတ်တို့ဖြင့်လည်းကောင်း အဖွဲ့ဝင်ရှစ်ဦးစီဖြင့် ပြင်ဆင်ဖွဲ့စည်းခြင်းကို လွှတ်တော်က အတည်ပြုကြောင်း ကြေညာသည်။

ယင်းနောက် အမျိုးသားလွှတ်တော်ဥက္ကဋ္ဌက **စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ရေလုပ်ငန်း ဖွံ့ဖြိုးတိုးတက်ရေးကော်မတီ**၏ တာဝန်၊ လုပ်ပိုင်ခွင့်၊ ရပိုင်ခွင့်နှင့် သက်တမ်းတို့ကိုလည်းကောင်း၊ ကော်မတီဥက္ကဋ္ဌအဖြစ် ကချင်ပြည်နယ်မဲဆန္ဒနယ် အမှတ်(၁၁)မှ ဒေါက်တာ ခွန်ဝင်းသောင်း၊ အတွင်းရေးမှူးအဖြစ် ပဲခူးတိုင်းဒေသကြီး မဲဆန္ဒနယ် အမှတ်(၁၁)မှ ဒေါက်တာဝင်းမြင့်တို့ အပါအဝင် အဖွဲ့ဝင် ၁၅ ဦးဖြင့် လည်းကောင်း ဖွဲ့စည်းခြင်းကို လွှတ်တော်က အတည်ပြုကြောင်း ကြေညာသည်။

ဒုတိယအကြိမ် အမျိုးသားလွှတ်တော် ပထမပုံမှန်အစည်းအဝေး ၁၁ ရက်မြောက်နေ့ကို နံနက် ၁၀ နာရီ ၁၅ မိနစ်တွင် ရပ်နားလိုက်ပြီး ပုံမှန်အစည်းအဝေး (၁၂)ရက်မြောက်နေ့ကို ဖေဖော်ဝါရီ ၂၅ ရက်တွင် ဆက်လက်ကျင်းပသွားရန် လျာထားကြောင်း သိရှိရသည်။ **(သတင်းစဉ်)**

**အမျိုးသားလွှတ်တော် စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ရေလုပ်ငန်း ဖွံ့ဖြိုးတိုးတက်ရေးကော်မတီ အဖွဲ့ဝင်များစာရင်း (၂၄ - ၂ -၂၀၁၆)**

| စဉ် | မဲဆန္ဒနယ် | အမည် | တာဝန် |
|---|---|---|---|
| ၁။ | ကချင်ပြည်နယ် မဲဆန္ဒနယ်အမှတ်(၁၁) | ဒေါက်တာခွန်ဝင်းသောင်း | ဥက္ကဋ္ဌ |
| ၂။ | ကရင်ပြည်နယ် မဲဆန္ဒနယ်အမှတ်(၁၂) | ဦးစောယှားဖောင်အွာ | အဖွဲ့ဝင် |
| ၃။ | မကွေးတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၁) | ဦးလှဆန်း | ။ |
| ၄။ | မန္တလေးတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၅) | ဦးအောင်မျိုးလတ် | ။ |
| ၅။ | မကွေးတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၂) | ဦးခင်ဝင်း | ။ |
| ၆။ | ရန်ကုန်တိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၁၂) | ဦးကျော်နိုင် | ။ |
| ၇။ | စစ်ကိုင်းတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၁၀) | ဦးတင်မောင်ဝင်း | ။ |
| ၈။ | ဧရာဝတီတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၉) | မန်းတိုးရွှေ | ။ |
| ၉။ | မွန်ပြည်နယ် မဲဆန္ဒနယ်အမှတ်(၃) | ဦးခင်ဇော်ဦး | ။ |
| ၁၀။ | ရခိုင်ပြည်နယ် မဲဆန္ဒနယ်အမှတ်(၁၀) | ဦးကျော်သန်း | ။ |
| ၁၁။ | ချင်းပြည်နယ် မဲဆန္ဒနယ်အမှတ်(၆) | ဦးကျင့်ခန့်ပေါင် | ။ |
| ၁၂။ | တနင်္သာရီတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၁၂) | ဦးခင်မျိုးဝင်း | ။ |
| ၁၃။ | ရှမ်းပြည်နယ် မဲဆန္ဒနယ်အမှတ်(၈) | ဒေါ်မမလေး | ။ |
| ၁၄။ | တပ်မတော်သား ကိုယ်စားလှယ် | ဗိုလ်မှူးဝင်းသိန်း | ။ |
| ၁၅။ | ပဲခူးတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၁၁) | ဒေါက်တာဝင်းမြင့် | အတွင်းရေးမှူး |

* ရှေ့ဖုံးမှ

အလားတူ ၂၀၁၆ ခုနှစ် ဖေဖော်ဝါရီ ၂၅ ရက်တွင် ကျရောက်သော ကူဝိတ်နိုင်ငံ၏ အမျိုးသားနေ့တွင် ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတ ဦးသိန်းစိန်ထံမှ ကူဝိတ်နိုင်ငံဝန်ကြီးချုပ် ရှိတ်ခ် ဂျာဘား အယ်လ် မူဘာရက် အယ်လ်ဟာမက် အယ်လ် ဆာဘားထံသို့ ဝမ်းမြောက်ကြောင်း သဝဏ်လွှာပေးပို့သည်။

(သတင်းစဉ်)

# ပြည်ထောင်စုဝန်ကြီးဦးဝဏ္ဏမောင်လွင် ကူဝိတ်အမျိုးသားနေ့သဝဏ်လွှာပေးပို့

နေပြည်တော် ဖေဖော်ဝါရီ ၂၅

၂၀၁၆ ခုနှစ် ဖေဖော်ဝါရီ ၂၅ ရက်တွင် ကျရောက်သော ကူဝိတ်နိုင်ငံ၏ အမျိုးသားနေ့အတွက် ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော် နိုင်ငံခြားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးဝဏ္ဏမောင်လွင်ထံမှ ကူဝိတ်နိုင်ငံ ပထမ ဒုတိယဝန်ကြီးချုပ်နှင့် နိုင်ငံခြားရေးဝန်ကြီး ရှိတ်ခ် ဆာဘားခါလစ် အယ်လ်ဟာမက် အယ်လ်ဆာဘားထံသို့ ဝမ်းမြောက်ကြောင်း သဝဏ်လွှာပေးပို့သည်။ (သတင်းစဉ်)

# လွှတ်တော်ကိုယ်စားလှယ်များအတွက် ဘတ်ဂျက်လုပ်ငန်းများတွင် လွှတ်တော်၏ အခန်းကဏ္ဍမြှင့်တင်ရေးနှင့် စပ်လျဉ်း၍ ရှင်းလင်း

**နေပြည်တော် ဖေဖော်ဝါရီ ၂၄**

ပြည်ထောင်စုလွှတ်တော်၊ ဥပဒေကြမ်းပူးပေါင်းကော်မတီနှင့် ပြည်သူ့ငွေစာရင်း ပူးပေါင်းကော်မတီတို့မှ ဥက္ကဋ္ဌ၊ ဒုတိယဥက္ကဋ္ဌများ၊ အတွင်းရေးမှူးများနှင့် အဖွဲ့ဝင်များအား International Institute for Democracy and Electoral Assistance (IDEA)က လွှတ်တော်ကိုယ်စားလှယ်များအတွက် ဘတ်ဂျက်လုပ်ငန်းများတွင် လွှတ်တော်၏ အခန်းကဏ္ဍမြှင့်တင်ရေး၊ လွှတ်တော်ကိုယ်စားလှယ်များအတွက် သတင်းအချက်အလက်များ ထောက်ပံ့နိုင်ရေးနှင့် စပ်လျဉ်း၍ လာရောက်ရှင်းလင်းတင်ပြသည့် တွေ့ဆုံပွဲကို ယနေ့ မွန်းလွဲ ၁ နာရီတွင် ပြည်ထောင်စုလွှတ်တော် D ဆောင် ဒုတိယထပ် အစည်းအဝေးခန်းမ၌ ကျင်းပသည်။ **(ယာပုံ)**

အဆိုပါ အခမ်းအနားသို့ ပြည်ထောင်စုလွှတ်တော် ဒုတိယနာယက၊ ဥပဒေကြမ်း ပူးပေါင်းကော်မတီနှင့် ပြည်သူ့ငွေစာရင်းပူးပေါင်းကော်မတီ ဥက္ကဋ္ဌ ဦးအေးသာအောင်၊ ဥပဒေကြမ်းပူးပေါင်းကော်မတီနှင့် ပြည်သူ့ငွေစာရင်းပူးပေါင်းကော်မတီတို့မှ ဒုတိယဥက္ကဋ္ဌများ၊ အတွင်းရေးမှူးများ၊ တွဲဖက်အတွင်းရေးမှူးများ၊ အဖွဲ့ဝင်များ၊ ပြည်ထောင်စုလွှတ်တော်ရုံးမှ တာဝန်ရှိသူများနှင့် International IDEA မှ Mr. Paul Belisle နှင့် အဖွဲ့ဝင် ငါးဦးတို့ တက်ရောက်ခဲ့ကြသည်။ **(သတင်းစဉ်)**



# နိုင်ငံတော်အကြီးအကဲတာဝန်လွှဲပြောင်းမှု အထောက်အကူပြုကော်မတီနှင့် အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်ပါတီ၊ အသွင်ကူးပြောင်းရေးအဖွဲ့ ညှိနှိုင်းစည်းဝေး



**နေပြည်တော် ဖေဖော်ဝါရီ ၂၄**

ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော်အစိုးရ၊ နိုင်ငံတော်အကြီးအကဲတာဝန်လွှဲပြောင်းမှု အထောက်အကူပြုကော်မတီနှင့် အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်၊ အသွင်ကူးပြောင်းရေးအဖွဲ့အကြား တတိယအကြိမ် ညှိနှိုင်းအစည်းအဝေးကို ယနေ့ မွန်းလွဲ ၂ နာရီတွင် နေပြည်တော်ရှိ ရုံးအမှတ်(၁၈) အစည်းအဝေးခန်းမ၌ ကျင်းပသည်။ **(ဝဲပုံ)**

အစည်းအဝေးတွင် သမ္မတအိမ်တော်၌ ကျင်းပမည့် နိုင်ငံတော်အကြီးအကဲ တာဝန်လွှဲပြောင်းသည့်အခမ်းအနား အစီအစဉ်လျာထားချက်များကို အသေးစိတ်ရှင်းလင်းဆွေးနွေးကြပြီး စတုတ္ထအကြိမ် ညှိနှိုင်းအစည်းအဝေးကို လာမည့်မတ်လဆန်းအတွင်း နှစ်ဖက်ညှိနှိုင်းကျင်းပရန် သဘောတူညီကြသည်။

အစည်းအဝေးသို့ နိုင်ငံတော်အကြီးအကဲတာဝန်လွှဲပြောင်းမှု အထောက်အကူပြုကော်မတီဥက္ကဋ္ဌ ပြည်ထောင်စုဝန်ကြီး ဦးလှထွန်း၊ ကော်မတီဝင်များဖြစ်ကြသည့် ပြည်ထောင်စုဝန်ကြီး ဦးရဲထွဋ်၊ နိုင်ငံတော်သမ္မတရုံး ညွှန်ကြားရေးမှူးချုပ် ဦးလှထွန်း၊ ဆောက်လုပ်ရေးဝန်ကြီးဌာန ဒုတိယညွှန်ကြားရေးမှူးချုပ် ဦးမောင်မောင်အုန်းနှင့် နိုင်ငံတော်သမ္မတရုံး ဒုတိယညွှန်ကြားရေးမှူးချုပ် ဦးဇော်ဌေးတို့ တက်ရောက်ခဲ့ကြပြီး အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ် အသွင်ကူးပြောင်းရေးအဖွဲ့မှ အဖွဲ့ခေါင်းဆောင် ဗဟိုအလုပ်အမှုဆောင်အဖွဲ့ဝင် ဦးဝင်းထိန်၊ အဖွဲ့ဝင်များဖြစ်ကြသည့် ဒေါက်တာမျိုးအောင်နှင့် ဒေါက်တာအောင်သူတို့ တက်ရောက်ခဲ့ကြသည်။ **(သတင်းစဉ်)**

## ပြည်သူ့လွှတ်တော်မှ

ဦးစိုးမြင့်(ခ) ဦးအောင်ဇော်မြင့်တို့ ပါဝင်သည့် ၁၅ ဦးစီဖြင့် ဖွဲ့စည်းပြီး ကော်မတီ၏ တာဝန်၊ လုပ်ပိုင်ခွင့်၊ ရပိုင်ခွင့်နှင့် သက်တမ်းတို့ကို လွှတ်တော်က အတည်ပြုသည်။

ယနေ့အစည်းအဝေးကို မွန်းလွဲ ပိုင်းတွင်ရပ်နားလိုက်ပြီး အစည်းအဝေး ၁၂ ရက်မြောက်နေ့ကို ဖေဖော်ဝါရီ ၂၅ ရက်တွင် ဆက်လက်ကျင်းပရန် လျာထားကြောင်း သိရသည်။

(သတင်းစဉ်)

**ပြည်သူ့လွှတ်တော် လျှပ်စစ်နှင့် စွမ်းအင်ဖွံ့ဖြိုးတိုးတက်ရေးကော်မတီ**
**အဖွဲ့ဝင်များစာရင်း (၂၄-၂-၂၀၁၆)**

| စဉ် | မဲဆန္ဒနယ် | အမည် | တာဝန် |
|---|---|---|---|
| ၁။ | ရေတာရှည်မဲဆန္ဒနယ် | ဦးကြည်မိုးနိုင် | ဥက္ကဋ္ဌ |
| ၂။ | မြို့သစ်မဲဆန္ဒနယ် | ဦးသာအောင် | အဖွဲ့ဝင် |
| ၃။ | တာချီလိတ်မဲဆန္ဒနယ် | ဦးဌေးဝင်း | ״ |
| ၄။ | အင်္ဂပူမဲဆန္ဒနယ် | ဦးအေးဝင်း | ״ |
| ၅။ | စဉ့်ကူးမဲဆန္ဒနယ် | ဒေါက်တာဦးဇော်ဝင်းမြင့် | ״ |
| ၆။ | ဘုတလင်မဲဆန္ဒနယ် | ဦးမြင့်ဟန်ထွန်း | ״ |
| ၇။ | ကလေးဝမဲဆန္ဒနယ် | ဦးသန်းထွန်းမြင့် | ״ |
| ၈။ | မကွေးမဲဆန္ဒနယ် | ဦးမြင့်ဦး | ״ |
| ၉။ | ကုန်းကြမ်းမဲဆန္ဒနယ် | ဦးလီကျိန်းဖူ(ခ) ဦးမြင့်ဆွေ | ״ |
| ၁၀။ | သံဖြူဇရပ်မဲဆန္ဒနယ် | ဦးဉာဏ်ဟိန်း | ״ |
| ၁၁။ | ကျောက်တံတားမဲဆန္ဒနယ် | ဦးနေမျိုးထက် | ״ |
| ၁၂။ | မလှိုင်မဲဆန္ဒနယ် | ဦးလှထွန်းအောင် | ״ |
| ၁၃။ | အုတ်ဖိုမဲဆန္ဒနယ် | ဦးဇော်မင်း | ״ |
| ၁၄။ | တပ်မတော်သား ကိုယ်စားလှယ် | ဒုတိယဗိုလ်မှူးကြီးမြဦး | ״ |
| ၁၅။ | အမရပူရမဲဆန္ဒနယ် | ဦးစိုးမြင့်(ခ) ဦးအောင်ဇော်မြင့် | အတွင်းရေးမှူး |

# တရုတ်-မြန်မာ နှစ်နိုင်ငံကြား ချစ်ကြည်ရင်းနှီးမှု ပိုမိုခိုင်မာရေးနှင့် မြန်မာနိုင်ငံ၏ နိုင်ငံရေးအသွင်ကူးပြောင်းကာလတွင် လက်တွဲပူးပေါင်းဆောင်ရွက်နိုင်ရေးဆွေးနွေး

**နေပြည်တော် ဖေဖော်ဝါရီ ၂၄**

ပြည်သူ့လွှတ်တော် နိုင်ငံတကာဆက်ဆံရေးကော်မတီဥက္ကဋ္ဌ ဒေါ်စုစုလွင်သည် မြန်မာနိုင်ငံဆိုင်ရာ တရုတ်ပြည်သူ့သမ္မတနိုင်ငံ သံအမတ်ကြီး မစ္စတာ ဟုန်လျန်အား ယနေ့ နံနက် ၁၁ နာရီခွဲတွင် နေပြည်တော်ရှိ လွှတ်တော်အဆောက်အအုံရေးရာဆောင် အမှတ်(I-1)ဧည့်ခန်းမ၌ လက်ခံတွေ့ဆုံသည်။

ထိုသို့တွေ့ဆုံရာတွင် ပြည်သူ့လွှတ်တော် နိုင်ငံတကာဆက်ဆံရေးကော်မတီ အတွင်းရေးမှူးနှင့်အဖွဲ့ဝင်များ၊ ပြည်သူ့လွှတ်တော်ရုံးမှ တာဝန်ရှိသူများ တက်ရောက်ကြသည်။

တွေ့ဆုံစဉ် တရုတ်-မြန်မာ နှစ်နိုင်ငံကြား ချစ်ကြည်ရင်းနှီးမှု ပိုမိုခိုင်မာရေးနှင့် မြန်မာနိုင်ငံ၏ နိုင်ငံရေးအသွင်ကူးပြောင်းကာလတွင်လည်း အပြန်အလှန်နားလည်မှုရှိစွာဖြင့် လက်တွဲပူးပေါင်းဆောင်ရွက်သွားနိုင်ရေးဆိုင်ရာကိစ္စရပ်များနှင့်ပတ်သက်၍ ဆွေးနွေးကြသည်။

**(သတင်းစဉ်)**

# ရန်ကုန်တိုင်းဒေသကြီးတွင် တက္ကသိုလ်ဝင်စာမေးပွဲ ဝင်ခွင့်ကတ်ပြားများ ယနေ့စတင်ထုတ်ပေး

**ရန်ကုန် ဖေဖော်ဝါရီ ၂၄**

ရန်ကုန်တိုင်းဒေသကြီးအတွင်း၌ ၂၀၁၆ ခုနှစ် တက္ကသိုလ်ဝင်စာမေးပွဲ ဖြေဆိုခွင့်တင်ထားကြသော ကျောင်းသား ကျောင်းသူများကို ယနေ့မှ စတင်၍ စာမေးပွဲဖြေဆိုခွင့် ကတ်ပြားများကို သက်ဆိုင်ရာစာဖြေဌာနများတွင် ထုတ်ပေးလျက်ရှိကြောင်း မြန်မာနိုင်ငံ စာစစ်ဦးစီးဌာနမှ သိရသည်။

ထိုသို့ စာမေးပွဲဝင်ခွင့်ကတ်ပြားများ ထုတ်ပေးနေမှုနှင့်စပ်လျဉ်း၍ မရမ်းကုန်းမြို့နယ် အမှတ်(၁) အခြေခံပညာအထက်တန်းကျောင်း ကျောင်းအုပ်ဆရာကြီး ဦးခင်မောင်အေးက "မိမိ ဘယ်ကျောင်းမှာ ဖြေဆိုရမယ်ဆိုတာ သက်ဆိုင်ရာ မြို့နယ်ပညာရေးမှူးရုံးတွေမှာ ကပ်ထားတယ်။ သွားကြည့်ပြီး ပြင်ပဖြေဆိုသူတွေက မှတ်ပုံတင်၊ အိမ်ထောင်စုစာရင်း၊ ငွေသွင်းချလန်တွေ ယူသွားရမယ်။ ကျောင်းတက်ဖြေဆိုသူတွေက မိမိတို့ သက်ဆိုင်ရာကျောင်းတွေမှ စီစဉ်ပေးတယ်။ အခု ဆရာကြီးတို့ ကျောင်းမှာ ကျောင်းတက်ဖြေဆိုမယ့်သူ ၈၉၀၊ ပြင်ပဖြေဆိုသူ ၃၁၀ စုစုပေါင်း ၁၂၀၀ စာရင်းပေးထားတယ်။ အခု လက်ရှိအထိ ၅၁ ဦး လာရောက်ထုတ်ယူပြီးဖြစ်ပါတယ်" ဟု ပြောသည်။

အဆိုပါ တက္ကသိုလ်ဝင်စာမေးပွဲကို မတ် ၉ ရက်မှ ၁၈ ရက်အထိ ကျင်းပသွားမည်ဖြစ်ပြီး ရန်ကုန်တိုင်းဒေသကြီးတွင် ခရိုင် လေးခရိုင်၊ မြို့နယ် ၄၄ မြို့နယ်၌ စာစစ်ဌာန ၂၁၅ ခု ရှိရာ ကျောင်းတက်ဖြေဆိုသူ ၆၅၀၃၀၊ ပြင်ပဖြေဆိုသူ ၄၄၁၃၅ ဦး စုစုပေါင်းဖြေဆိုမည့်သူ ၁၀၉၁၆၅ ဦး ရှိရာ ယနေ့ ဖေဖော်ဝါရီ ၂၄ ရက်မှစ၍ တက္ကသိုလ်ဝင်စာမေးပွဲ ဖြေဆိုခွင့်တင်ထားကြသော ကျောင်းသား ကျောင်းသူများအား ဝင်ခွင့်ကတ်ပြားများကို သက်ဆိုင်ရာကျောင်းများ၌ ထုတ်ပေးလျက်ရှိသည်။

"ကျွန်တော်က အပြင်ဖြေဆိုတော့ မြို့နယ်ပညာရေးမှူးရုံးမှာ ချလန်ပြပြီး ချလန်ပေါ်မှာ ဖြေဆိုရမယ့်ကျောင်းနဲ့ ခုံနံပါတ်ကို ရေးပေးလိုက်တယ်၊ အဲဒီကျောင်းမှာ စာမေးပွဲဖြေဆိုခွင့်ကတ်ကို သွားထုတ်ရတယ်"ဟု စာမေးပွဲဖြေဆိုမည့်သူ မောင်အုပ်စိုးခန့်က ပြောသည်။

ထိုသို့ထုတ်ပေးရာတွင် ပြင်ပဖြေဆိုသူများအနေဖြင့် သက်ဆိုင်ရာ မြို့နယ်ပညာရေးမှူးရုံး၌ မှတ်ပုံတင်၊ အိမ်ထောင်စုစာရင်း၊ ငွေသွင်းချလန်ပြ၍ ငွေသွင်းချလန်တွင် ဖြေဆိုမည့်ကျောင်း၊ ခုံနံပါတ်ရေးသွင်းပြီး ဖြေဆိုရမည့် ကျောင်းများ၌ ဖြေဆိုခွင့်ကတ်ပြား ထုတ်ယူနိုင်ကြောင်း သိရသည်။

**ရီရီမြင့်၊ ဥမ္မာသန့်**

*စာမျက်နှာ ၆ မှ*

ယပ်ခတ်ပေးခြင်းများကို ဆက်လက်ဆောင်ရွက်ပြီး လူနာလွှဲပြောင်းပေးဖို့ လိုအပ်ပါတယ်။ ခုနကပြောခဲ့တဲ့ အချက်တွေကို စောစောစီးစီး ဆောင်ရွက်နိုင်လေလေ လူနာအသက်ကို ပိုမိုကယ်တင်နိုင်လေလေ ဖြစ်ပါတယ်။

**မေး။ El Nino ဖြစ်စဉ်ကြောင့် ဆက်စပ်ဖြစ်ပွားနိုင်တဲ့ အခြားကျန်းမာရေးပြဿနာများကိုလည်း သိပါရစေ။**


ဖြေ။ အပူချိန်မြင့်မားမှုနဲ့ ရာသီဥတုဖောက်ပြန်မှုတွေကြောင့် အပူဒဏ်အန္တရာယ်အပြင် ကူးစက်ရောဂါတွေ၊ နာတာရှည်ရောဂါတွေနဲ့ အခြားကျန်းမာရေးပြဿနာတွေလည်း ဆက်စပ်ဖြစ်ပွားတတ်ပါသေးတယ်။ El Nino ဖြစ်စဉ်ရဲ့ နောက်ဆက်တွဲအနေနဲ့ အပူချိန်မြင့်မားမှုကြောင့် ခြင်ပေါက်ပွားမှုဟာလည်း ပိုမိုမြန်ဆန်လာနိုင်တဲ့အတွက် ခြင်တွေအရင်ကထက် ပိုမိုများပြားလာပြီး ခြင်မှတစ်ဆင့် ကူးစက်တတ်တဲ့ရောဂါတွေဖြစ်တဲ့ ငှက်ဖျားရောဂါ၊ သွေးလွန်တုပ်ကွေးရောဂါ၊ ဆင်တုပ်ကွေးရောဂါလို့ခေါ်တဲ့ Chikungunya ရောဂါနဲ့ အခု ကမ္ဘာအချို့နိုင်ငံတွေမှာ ဖြစ်ပွားနေတဲ့ ဇီကာဗိုင်းရပ်စ်ရောဂါစတဲ့ ရောဂါတွေလည်း ပိုမိုဖြစ်ပွားလာနိုင်ပါတယ်။ ဒါ့အပြင် ရာသီဥတုပူလို့ လူတွေက အပူဒဏ်သက်သာဖို့ အင်္ကျီအဝတ်အစား ပြည့်ပြည့်စုံစုံ မဝတ်ဘဲ နေတတ်တာတွေ၊ အင်္ကျီတို၊ ဘောင်းဘီတိုစတာတွေ ဝတ်စားတာတွေကတစ်ဆင့် ခြင်တွေ ပိုမိုအကိုက်ခံရနိုင်ပြီး ခုနကပြောခဲ့တဲ့ ခြင်မှတစ်ဆင့် ကူးစက်တဲ့ရောဂါတွေ ပိုမိုဖြစ်ပွားနိုင်ပါတယ်။

ဒါ့အပြင် ယခင်က အေးလွန်းတဲ့ရာသီဥတုကြောင့် ခြင်မပေါက်ပွားနိုင်တဲ့ ချင်းပြည်နယ်လိုနေရာဒေသတွေဟာလည်း အပူချိန်မြင့်မားလာပြီး ခြင်တွေပေါက်ပွားလာနိုင်တဲ့အတွက် အဆိုပါရောဂါတွေ ဖြစ်ပွားလာနိုင်ပါသေးတယ်။

ရာသီဥတုပြောင်းလဲမှုကြောင့် ကြွက်တွေရဲ့နေထိုင်မှု ရွေ့လျားသွားလာမှုတွေ ပြောင်းလဲလာပြီး ကြွက်မှတစ်ဆင့် ကူးစက်တတ်တဲ့ ပလိပ်ရောဂါအပါအဝင် လက်ပတိုစပိုင် ရိုးစစ် စတဲ့ရောဂါတွေလည်း လူတွေဆီကို ကူးစက်လာ နိုင်ပါသေးတယ်။

ရေလမ်းကြောင်းပြောင်းလဲမှုတွေ၊ ရေထုအပူချိန်မြင့်မားလာမှုတွေကြောင့် ပင်လယ်မှာနေတဲ့ ပင်လယ်မြွေ (Sea Snake) တွေဟာလည်း နေရာပြောင်းရွှေ့လာပြီး လူတွေနဲ့နီးတဲ့နေရာတွေကို ရောက်ရှိလာပြီး လူတွေကို အန္တရာယ်ပေးနိုင်ပါသေးတယ်။

El Nino နဲ့ ဆက်စပ်ဖြစ်ပွားတဲ့ မိုးခေါင်ရေရှားမှုကြောင့် သောက်သုံးရေရှားပါးမှုနဲ့အတူ ရေမှတစ်ဆင့် ကူးစက်တတ်တဲ့ရောဂါတွေဖြစ်တဲ့ ဝမ်းပျက်ဝမ်းလျှောရောဂါ၊ ဝမ်းကိုက်ရောဂါ၊ ကာလဝမ်းရောဂါ အစရှိတဲ့ ရောဂါတွေလည်း ပိုမိုဖြစ်ပွားတတ်ပါတယ်။ ရေရှားပါးတဲ့အတွက် တစ်ကိုယ်ရေသန့်ရှင်းရေး အားနည်းရာမှတစ်ဆင့် အရေပြားကူးစက်ရောဂါတွေလည်း ဖြစ်ပွားနိုင်ပါသေးတယ်။




ဒါ့အပြင် အပူချိန်မြင့်မားမှုကြောင့် မီးဘေးအန္တရာယ်လည်း ပိုမိုဖြစ်ပွားစေနိုင်ပါတယ်။ မီးလောင်ကျွမ်းမှုတွေဟာ ယခုနှစ်စပိုင်းမှာ ပိုမိုဖြစ်ပွားလာတာကိုလည်း တွေ့နေရပါတယ်။ ဒါ့အပြင် တောမီးများ ပိုမိုလောင်ကျွမ်းနိုင်ပြီး ထိုကဲ့သို့ လောင်ကျွမ်းမှုကြောင့် ထွက်လာတဲ့ မီးခိုးငွေ့တွေကို ရှူမိတဲ့သူတွေမှာ အသက်ရှူလမ်းကြောင်းဆိုင်ရာ ရောဂါတွေ ပိုမိုဖြစ်ပွားစေနိုင်ပါတယ်။

ဒီလို El Nino ဖြစ်စဉ်နဲ့ ရာသီဥတုဖောက်ပြန်မှုတွေကြောင့် ခုနကပြောခဲ့တဲ့ ရောဂါဖြစ်ပွားမှုတွေ၊ သေဆုံးမှုတွေ၊ လူမှုရေးပြဿနာဖြစ်ပျက်မှုတွေကြောင့် လူတွေမှာ စိတ်ပိုင်းဆိုင်ရာ ထိခိုက်ခံစားရမှုတွေလည်း ဖြစ်ပွားစေနိုင်ပါတယ်။

**မေး။ El Nino ကြောင့် ခုနက ဆရာပြောခဲ့တဲ့ အပူဒဏ်အန္တရာယ်တွေအပြင် နောက်ဆက်တွဲ ဆက်စပ်ရောဂါတွေ၊ ကျန်းမာရေးပြဿနာတွေလည်း ဖြစ်ပွားနိုင်တယ်လို့ သိလိုက်ရပါတယ်။ အဲ့ဒါတွေအတွက်ရော ဘာတွေ ကြိုတင်ပြင်ဆင်ဖို့ လိုအပ်ပါသလဲ။ ကျန်းမာရေးဝန်ကြီးဌာနက ဘာတွေဆောင်ရွက်ထားရှိပါသလဲ သိပါရစေ။**

ဖြေ။ El Nino ကြောင့် ရာသီဥတုပူပြင်းမှုရဲ့ နောက်ဆက်တွဲဆိုးကျိုးတွေအဖြစ် ကူးစက်ရောဂါ၊ အာဟာရချို့တဲ့မှုပြဿနာတွေ၊ နာတာရှည်ရောဂါတွေ၊ စိတ်ပိုင်းဆိုင်ရာ ထိခိုက်ခံစားရမှုတွေ စတဲ့ ကျန်းမာရေးပြဿနာတွေ ဖြစ်နိုင်ပါတယ်။ ဒီလိုရောဂါတွေဖြစ်ပွားမှု ရှိ၊ မရှိကို ရပ်ကွက်၊ ကျေးရွာအောက်ခြေအထိ တာဝန်ထမ်းဆောင်နေကြတဲ့ ကျန်းမာရေးဝန်ကြီးဌာနမှ အခြေခံကျန်းမာရေးဝန်ထမ်းတွေက ရောဂါစောင့်ကြပ်ကြည့်ရှုခြင်းလုပ်ငန်းတွေ၊ အထက်အဆင့်ဆင့်သို့ အချိန်မီ သတင်းပေးပို့တင်ပြခြင်းနှင့် ရောဂါကာကွယ်ထိန်းချုပ်ရေးလုပ်ငန်းတွေကို ဆောင်ရွက်လျက်ရှိပါတယ်။

ကျန်းမာရေးဝန်ကြီးဌာနကလည်း ကျေးလက်ကျန်းမာရေးဌာနအထိ အပူဒဏ်အန္တရာယ်ကြိုတင်ကာကွယ်ရေး၊ ကြိုတင်ပြင်ဆင်ထားရေးနဲ့ ပတ်သက်တဲ့ ညွှန်ကြားချက်ထုတ်ပြန်မှုတွေ၊ လိုအပ်တဲ့ဆေးဝါးနဲ့ ဆေးပစ္စည်းကိရိယာ ဖြည့်ဆည်းပေးမှုတွေနဲ့ ရှေးဦးပြုစုခြင်းနှင့် အရေးပေါ်လူနာလွှဲပြောင်းပေးနိုင်ရေး စီစဉ်ဆောင်ရွက်ပေးမှု စတာတွေကို ဆောင်ရွက်ပေးလျက်ရှိပါတယ်။

ရောဂါဖြစ်ပွားမှုတွေ ရှိခဲ့ပါက ဗဟိုအဆင့်၊ တိုင်းဒေသကြီး၊ ပြည်နယ်အဆင့်၊ ခရိုင်၊ မြို့နယ်အဆင့် ဆရာဝန်ကြီးများရဲ့ကြီးကြပ်မှုတွေနဲ့ အခြေခံကျန်းမာရေးဝန်ထမ်းတွေက ရောဂါကာကွယ်ထိန်းချုပ်ရေးလုပ်ငန်းတွေကို ဆောင်ရွက်သွားမှာဖြစ်ပါတယ်။

**မေး။ ဆရာပြောခဲ့တဲ့ El Nino ကြောင့် ဖြစ်ပွားနိုင်တဲ့ ကျန်းမာရေးပြဿနာတွေ၊ ကြိုတင်ကာကွယ်ထိန်းချုပ်ရေးလုပ်ငန်းတွေကို အောင်အောင်မြင်မြင်ဆောင်ရွက်နိုင်ဖို့ ဘာတွေလိုအပ်မယ်လို့ ထင်မြင်ပါသလဲ သိပါရစေ။**

ဖြေ။ El Nino ကြောင့် ဖြစ်ပွားနိုင်တဲ့ အပူဒဏ်အန္တရာယ်တွေ၊ နောက်ဆက်တွဲ ကျန်းမာရေးပြဿနာတွေ၊ ကြိုတင်ကာကွယ်ရေးနဲ့ ထိန်းချုပ်ရေးလုပ်ငန်းတွေ အောင်အောင်မြင်မြင် ဆောင်ရွက်နိုင်ဖို့အတွက် ကျန်းမာရေးဝန်ကြီးဌာနမှ ကျန်းမာရေးဝန်ထမ်းတွေက ကျန်းမာရေးအသိပညာပေးခြင်းလုပ်ငန်းတွေ၊ ရောဂါစောင့်ကြပ်ကြည့်ရှုရေးလုပ်ငန်းတွေ၊ ရောဂါကုသနိုင်ရေးအတွက် ဆေးဝါးနှင့် ဆေးပစ္စည်းကိရိယာ ကြိုတင်စုဆောင်းထားရှိမှုတွေ၊ ရောဂါထိန်းချုပ်ရေး ဆောင်ရွက်နိုင်ဖို့ ဆောင်ရွက်သွားမှာဖြစ်ပါတယ်။

ဒီလိုဆောင်ရွက်ရာမှာ ဌာနဆိုင်ရာတွေ၊ လူမှုရေးအဖွဲ့အစည်းတွေနဲ့ ပြည်သူလူထုအားလုံးက ပူးပေါင်းပါဝင်ဆောင်ရွက်သွားကြပါမှ အောင်မြင်နိုင်မှာ ဖြစ်ပါတယ်။

ပြည်သူတွေအနေနဲ့ မိုးလေဝသနှင့် ဇလဗေဒညွှန်ကြားမှုဦးစီးဌာနက ထုတ်ပြန်တဲ့ မိုးလေဝသသတင်းနဲ့ သတိပေးမှုတွေကို အမြဲနားထောင်ပြီး လိုက်နာကြဖို့ ကျန်းမာရေးဝန်ကြီးဌာနက ထုတ်ပြန်တဲ့ ကျန်းမာရေးသတိပေးနှိုးဆော်ချက်တွေကိုလည်း လက်တွေ့လိုက်နာကျင့်သုံးဖို့နဲ့ အခြေခံကျန်းမာရေးဝန်ထမ်းတွေရဲ့ ကျန်းမာရေးအသိပညာပေးမှုလုပ်ငန်းတွေနဲ့ ဆေးကုသမှု၊ လူနာလွှဲပြောင်းပေးမှုလုပ်ငန်းတွေမှာ ပူးပေါင်းပါဝင်ကူညီကြဖို့ စတာတွေက အရေးကြီးပါတယ်။

ဒါ့အပြင် စောစောကပြောခဲ့တဲ့ အပူဒဏ်အန္တရာယ် ပိုမိုခံစားရနိုင်တဲ့ လူအုပ်စုတွေအနေနဲ့ အေးမြတဲ့နေရာတွေမှာ နေထိုင်နိုင်ဖို့အတွက် ဌာနဆိုင်ရာတွေ၊ အဖွဲ့အစည်းတွေက အထူးအလေးပေးပြီး ပူးပေါင်းကူညီကြဖို့ ဌာနဆိုင်ရာနဲ့ လုပ်ငန်းရှင်တွေက မိမိတို့ရဲ့ အလုပ်သမားဝန်ထမ်းတွေကို အပူချိန်မြင့်တဲ့ နေ့လယ်၊ နေ့ခင်း၊ မွန်းလွဲချိန်တွေမှာ ပင်ပန်းတဲ့ ချွေးထွက်များတဲ့ အလုပ်တွေ မခိုင်းကြဖို့ နေ့လယ်၊ နေ့ခင်း ရေဆိပ်တွေမှာ ရေချိုးတာတွေ မလုပ်ကြဖို့၊ အရက်သေစာသောက်သုံးမှုကို ရှောင်ကြဉ်ကြဖို့ စတာတွေမှာလည်း အားလုံး ပူးပေါင်းပါဝင်ဆောင်ရွက်ကြပါမှ အောင်မြင်နိုင်မှာဖြစ်ပါတယ်။

**မေး။ ဆရာ့အနေနဲ့ အခြား ဘာများဖြည့်စွက်ပြောကြားလိုပါသလဲ။**

ဖြေ။ ဌာနဆိုင်ရာတွေ၊ အဖွဲ့အစည်းတွေနဲ့ ပြည်သူလူထုအားလုံးက အပူဒဏ်အန္တရာယ် ကြိုတင်ကာကွယ်ရေးနှိုးဆော်ချက်တွေနဲ့ မိုးလေဝသ သတင်းတွေကို အမြဲနားထောင်ကြပြီး လက်တွေ့လိုက်နာကျင့်သုံးကြပါ၊ အပူဒဏ်အန္တရာယ် ကြိုတင်ကာကွယ်ရေးလုပ်ငန်းတွေမှာ အားလုံးပူးပေါင်း ပါဝင်ကူညီဆောင်ရွက်ကြပါလို့ တိုက်တွန်းလိုပါတယ်။

**မေး။ အခုလိုပြည့်ပြည့်စုံစုံဖြေကြားပေးတဲ့ ဆရာ့ကို ကျေးဇူးတင်ပါတယ်။**

ဖြေ။ အပူဒဏ်အန္တရာယ် ခံစားရနိုင်တဲ့ ပြည်သူတွေရဲ့အသက်ကို ကယ်တင်နိုင်ဖို့အတွက် အခုလိုပြောကြားခွင့်ရလို့ ကျွန်တော်ကလည်း ကျေးဇူးတင်ပါတယ်။

# ဒေးဒရဲမြို့၏ တောင်-အရှေ့တောင်ဘက် ၁၅ မိုင်ခန့်အကွာကို ဗဟိုပြု၍ အင်အားအနည်းငယ်ရှိ မြေငလျင်လှုပ်

**ရန်ကုန် ဖေဖော်ဝါရီ ၂၄**

ယနေ့ မြန်မာစံတော်ချိန် ၇ နာရီ ၄၂ မိနစ် စက္ကန့် ၂၀ အချိန်တွင် ကမ္ဘာအေး မြေငလျင်စခန်းမှ အနောက်တောင်ဘက် ၄၈ မိုင်ကွာဝေးသော မြန်မာနိုင်ငံ ပြည်တွင်း ဒေးဒရဲမြို့၏ တောင်-အရှေ့တောင်ဘက် ၁၅ မိုင်ခန့်အကွာကို ဗဟိုပြု၍ အင်အား ရစ်ချ်တာစကေး ၄ ဒသမ ၄ အဆင့်ရှိ အင်အားအနည်းငယ်ရှိသော မြေငလျင်တစ်ခု လှုပ်ခတ်သွားကြောင်း ကမ္ဘာအေးမြေငလျင်စခန်းမှ သိရသည်။

ရန်ကုန်မြို့ တာမွေမြို့နယ်နေ ဘကြီးအောင်က "ဘဘက သုံးလွှာမှာ နေတာ၊ မနက် ၇ နာရီလောက်က သိမ့်ခနဲ တစ်ချက်လှုပ်သွားတယ်။ ငလျင် လှုပ်တယ်ဆိုတာ သိလိုက်တယ်။ တိုက်ပေါ်ကနေ အပြင်လှမ်းကြည့်လိုက်တော့ ငလျင်လှုပ်သွားတယ်ဆိုတာ လမ်းပေါ်ရှိတဲ့လူတွေ ပြောနေတာကြားလိုက်ရတယ်" ဟု ပြောသည်။

"အခုလှုပ်သွားတဲ့ ငလျင်က ကမ်းရိုးတန်းအနီး ပင်လယ်ထဲကို ဗဟိုပြုပြီး လှုပ်ခတ်သွားတာ၊ အင်အား အနည်းငယ်ပဲရှိတယ်။ သိပ်မပြင်းဘူး" ဟု ကမ္ဘာအေး မြေငလျင်စခန်းမှ ဦးစီးအရာရှိ ဦးမျိုးနန္ဒအောင်က ပြောသည်။

ယနေ့ နံနက်ပိုင်းက ဒေးဒရဲမြို့ တောင်-အရှေ့တောင်ဘက်ကို ဗဟိုပြု၍ လှုပ်ခတ်ခဲ့သည့် ငလျင်သည် စစ်ကိုင်းပြတ်ရွေ့ကြောမှ ဆင်းလာပြီး ပင်လယ်ထဲသို့ ခွဲဖြာထွက်နေသည့် ငလျင်ကြောလေးများထဲမှ တစ်ခုဖြစ်ကြောင်း ကမ္ဘာအေးမြေငလျင်စခန်းမှ သိရသည်။

ဒေးဒရဲမြို့တွင် ၁၉၇၈ ခုနှစ်က အင်အားရစ်ချ်တာစကေး ၅ ဒသမ ၇ အဆင့်ရှိ အင်အားအသင့်အတင့်ရှိ ငလျင်လှုပ်ခဲ့ပြီး ဒေးဒရဲမြို့တွင်းရှိ အဆောက်အအုံအချို့နှင့် ဘုရားပုထိုးစေတီအဟောင်းများ ပြိုကျပျက်စီးကာ လူသုံးဦး သေဆုံးသွားကြောင်း ငလျင်မှတ်တမ်းများအရ သိရသည်။

ယခုနှစ် ဇန်နဝါရီ ၁၂ ရက် ည ၉ နာရီခန့်ကလည်း အင်အား ရစ်ချ်တာစကေး ၄ ဒသမ ၈ အဆင့်ရှိ အင်အားအနည်းငယ်ရှိသော မြေငလျင်တစ်ခုနှင့် နောက်ဆက်တွဲ မြေငလျင်ငယ် သုံးကြိမ်၊ ရန်ကုန်တိုင်းဒေသကြီး လက်ခုပ်ကုန်းအနီး ရန်ကုန်မြစ်ဝကို ဗဟိုပြု၍ လှုပ်ခတ်ခဲ့ကြောင်း ကမ္ဘာအေးမြေငလျင်စခန်းမှ သိရသည်။

**မင်းသစ်**

# ထူးခြားသည့် ညအပူချိန်များ

**နေပြည်တော် ဖေဖော်ဝါရီ ၂၄** မိုးလေဝသနှင့် ဇလဗေဒညွှန်ကြားမှုဦးစီးဌာန ထုတ်ပြန်ချက်အရ ယနေ့ ထူးခြားသည့်ညအပူချိန်များမှာ သီပေါမြို့၊ လွိုင်လင်မြို့ နှင့် ဟားခါးမြို့တို့တွင် ၉ ဒီဂရီစင်တီဂရိတ်စီတို့ ဖြစ်ကြသည်။ **(မြန်မာ့အလင်း)**



# ဧရာဝတီမြစ်ရေမြင့်တက်လာမှုကြောင့် သဲသောင်ခုံရှိ လူနေအိမ်များနှင့် လွန်းတင်သည့် ရုပ်ပြေးရေယာဉ်များ နစ်မြုပ်

**ဗန်းမော် ဖေဖော်ဝါရီ ၂၄**

ကချင်ပြည်နယ် ဗန်းမော်မြို့၌ ဧရာဝတီမြစ်ရေ ရုတ်တရက် မြင့်တက်လာခြင်းကြောင့် သဲသောင်ခုံတွင် နေထိုင်ကြသော လူနေအိမ်များနှင့် သဲသောင်ခုံတွင် လွန်းတင်လျက်ရှိသော ရုပ်ပြေးရေယာဉ်များ နစ်မြုပ်ခဲ့ကြောင်း သိရသည်။

ရေခဲတောင်အရည်ပျော်ချိန်တွင် အနောက်ဘက်က လာသည့် လေပွေလှိုင်းများသည် မြန်မာပြည်မြောက်ပိုင်းသို့ ဝင်ရောက်လာခဲ့ကြောင်း၊ လေပွေလှိုင်းများနှင့်အတူ မိုးတိမ်များပါလာသဖြင့် အချိန်အခါမဟုတ် မိုးရွာသွန်းခဲ့ခြင်းကြောင့် ဧရာဝတီမြစ်ရေ ရုတ်တရက်မြင့်တက်လာခဲ့ရကြောင်း၊ ဗန်းမော်ခရိုင် မိုးလေဝသနှင့်ဇလဗေဒဦးစီးဌာနမှ သိရသည်။ ဗန်းမော်မြို့၌ ဖေဖော်ဝါရီ ၂၂ ရက် ညနေပိုင်း တိုင်းထွာချက်အရ ဧရာဝတီမြစ်ရေသည် ၃၄၀ စင်တီမီတာရှိရာမှ ဖေဖော်ဝါရီ ၂၄ ရက် တိုင်းထွာချက်အရ နံနက် ၆ နာရီမှ မွန်းလွဲ ၁ နာရီအထိ ၅၈၃ စင်တီမီတာရှိကြောင်း၊ ဗန်းမော်မြို့၌ ဧရာဝတီမြစ်ရေသည် ရုတ်ပေခန့် မြင့်တက်လာခဲ့ကြောင်း ခရိုင်မိုးလေဝသနှင့် ဇလဗေဒဦးစီးဌာနမှ သိရသည်။

ဧရာဝတီမြစ်ရေမြင့်တက်လာခဲ့ခြင်းကြောင့် ဗန်းမော်မြို့ မြေနုဆိပ်ကမ်းရှိ လူနေအိမ်များနှင့် သဲသောင်ခုံတွင် လွန်းတင်လျက်ရှိသော ကြံတိုင်းအောင်နှင့် အောင်ငြိမ်းချမ်း ရုပ်ပြေးရေယာဉ်များ နစ်မြုပ်ခဲ့ကြောင်း သိရသည်။ **(အပေါ်ပုံ)**

**ဝါဝါ(ဗန်းမော်)**

● *ကျောဖုံးမှ*

"စီမံကိန်းလုပ်ငန်းအားလုံး ပြီးစီးတဲ့အတွက် ဖွင့်ပွဲအခမ်းအနားကို ဖေဖော်ဝါရီ ၂၇ ရက်မှာ ကျင်းပဖို့ စီစဉ်ထားပါတယ်။ နိုင်ငံတော် အကြီးအကဲတွေလည်း တက်ရောက်ဖို့ရှိပါတယ်။ ဖွင့်ပွဲအခမ်းအနားအတွက်လည်း အားလုံးပြင်ဆင်ထားပြီးသွားပါပြီ"ဟု လယ်ယာစိုက်ပျိုးရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန ဆည်မြောင်းဦးစီးဌာနမှ တာဝန်ရှိသူတစ်ဦးက ပြောသည်။

ရာဇဂြိုဟ် ရေလှောင်တမံဘက်စုံစီမံကိန်း၏ အဓိကရည်ရွယ်ချက်မှာ ကလေးမြို့နယ် မြစ်သာမြစ်ဝှမ်းဒေသ ဖွံ့ဖြိုးတိုးတက်ရေးအတွက် လယ်ယာမြေ ဧက ၈၅၀၀ ကို ရေပေးဝေနိုင်ရန်နှင့် ရေအားလျှပ်စစ်ဓာတ်အား လေးမဂ္ဂါဝပ်၊ နှစ်မဂ္ဂါဝပ်စက်နှစ်လုံးဖြင့် နှစ်စဉ်ပျမ်းမျှ လျှပ်စစ်ဓာတ်အား ကီလိုဝပ်နာရီ သန်းပေါင်း ၂၀ သန်း ထုတ်လွှတ်ရရှိနိုင်ရန်ဖြစ်ကြောင်း သိရသည်။

အဆိုပါ ရေလှောင်တမံဘက်စုံစီမံကိန်းသည် ၂၀၀၃ - ၂၀၀၄ ဘဏ္ဍာနှစ်တွင် ဆည်မြောင်းဦးစီးဌာန တည်ဆောက်ရေး (၄)က လုပ်ငန်းစတင်အကောင်အထည်ဖော်ဆောင်ရွက်ခဲ့ခြင်းဖြစ်ကြောင်း၊ တမံအမျိုးအစားမှာ မြေသားတမံအမျိုးအစားဖြစ်ပြီး တမံအလျား ၁၃၆၆၀ ပေ၊ အမြင့် ၁၆၅ ပေ၊ ကန်ရေပြည့် ရေလှောင်ပမာဏမှာ ဧကပေ ၅၂၀၀၀၊ ကန်ရေသေ ရေလှောင်ပမာဏ ဧကပေ ၈၀၀၀၊ ကန်ရေပြည့်ရေပြင်ဧရိယာမှာ ဧက ၉၈၀ နှင့် ပင်မတမံအလျား ၄၇၄၅ ပေ၊ ကုန်းကြောတမံသုံးခုတို့၏ အလျားမှာ ၈၉၁၅ ပေရှိပြီး ရာဇဂြိုဟ်ရေလှောင်တမံကြီး၏ ဆည်ရေသောက်တူးမြောင်းမကြီး အရှည်မှာ ကိုးမိုင်ရှိကာ လက်တံမြောင်း အရှည် ၈ ဒသမ ၂၅ မိုင် ဖောက်လုပ်ထားသည်။

ရာဇဂြိုဟ် ရေလှောင်တမံ၏ အမြင့်ကို ၁၀ ပေတိုးမြှင့်ခဲ့ခြင်းနှင့် ရေပိုလွှဲတွင် ငါးပေ Shutter တပ်ဆင်ခြင်းဖြင့် ရေလှောင်ပမာဏ ဧကပေ ၅၂၀၀၀ အထိ တိုးမြှင့်သိုလှောင်နိုင်မည်ဖြစ်၍ တိုးချဲ့လယ်မြေဧက ၂၀၀၀ အပါအဝင် စုစုပေါင်းလယ်မြေဧရိယာ ဧက ၈၅၀၀ ခန့်အထိ ရေအပြည့်အဝပေးနိုင်မည်ဖြစ်သည်။ မြစ်သာမြစ်ဝှမ်းဒေသရှိ တောင်သူများနှင့် ကလေးမြို့နယ်အတွင်းရှိ ပြည်သူလူထုတစ်ရပ်လုံး၏ မျှော်လင့်တောင့်တချက်များ ပြည့်စုံလာတော့မည်ဖြစ်ကြောင်း သိရသည်။

ရာဇဂြိုဟ် ရေလှောင်တမံဘက်စုံစီမံကိန်းကို တည်ဆောက်အကောင်အထည်ဖော် ဆောင်ရွက်ခြင်းဖြင့် ကလေးခရိုင် မြစ်သာမြစ်ဝှမ်းဒေသတွင် မိုးအခါ ရေလွှမ်းမှုအား အထိုက်အလျောက်သက်သာစေမည်ဖြစ်ပြီး နွေရာသီတွင် စပါးသီးနှံအပါအဝင် အခြားသီးနှံများကို ရေသွင်းစိုက်ပျိုးနိုင်မည်ဖြစ်သည့်အပြင် ဒေသဖွံ့ဖြိုးရေးကိုပါ များစွာ အထောက်အကူပြုမည့် လျှပ်စစ်ဓာတ်အားကိုလည်း ထုတ်လွှတ်ပေးနိုင်မည်ဖြစ်သည်။

# ကိုရီးယားဒီမိုကရက်တစ် ပြည်သူ့သမ္မတနိုင်ငံ သံအမတ်ကြီးအဖြစ် မစ္စတာ ဂျုံဟိုဘွန်အား သဘောတူညီပြီးဖြစ်

**နေပြည်တော် ဖေဖော်ဝါရီ ၂၅**

ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော်အစိုးရသည် မစ္စတာ ဂျုံဟိုဘွန်အား ရန်ကုန်မြို့တွင် အခြေစိုက်သည့် ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော်ဆိုင်ရာ ကိုရီးယားဒီမိုကရက်တစ် ပြည်သူ့သမ္မတနိုင်ငံ သံအမတ်ကြီးအဖြစ်ခန့်အပ်ရန် အဆိုပြုလာခြင်းကို သဘောတူညီပြီးဖြစ်သည်။

မစ္စတာ ဂျုံဟိုဘွန်ကို ၁၉၆၄ ခုနှစ် ဇူလိုင်လ ၃၀ ရက်နေ့တွင် မွေးဖွားခဲ့သည်။ ၎င်းသည် ကိုရီးယားဒီမိုကရက်တစ်ပြည်သူ့သမ္မတနိုင်ငံ၊ ကင်မ်အီလ်ဆွန်းတက္ကသိုလ်မှ ဒဿနိကဗေဒဘာသာရပ်ဖြင့် ၁၉၈၉ ခုနှစ် အောက်တိုဘာလတွင် ဘွဲ့ရရှိခဲ့သည်။ မစ္စတာ ဂျုံဟိုဘွန်သည် ၁၉၉၂ ခုနှစ်တွင် ကိုရီးယားဒီမိုကရက်တစ်ပြည်သူ့သမ္မတနိုင်ငံ နိုင်ငံခြားရေးဝန်ကြီးဌာနသို့ စတင်ဝင်ရောက်အမှုထမ်းခဲ့ပြီး ရာထူးအဆင့်ဆင့်ဖြင့် တာဝန်ထမ်းဆောင်ခဲ့သည်။ ၎င်းသည် ၂၀၁၄ ခုနှစ် ဇွန်လမှ ၂၀၁၅ ခုနှစ် ဒီဇင်ဘာလအထိ နိုင်ငံခြားရေးဝန်ကြီးဌာန၊ သံတမန်ရေးရာဦးစီးဌာန၏ ဒုတိယညွှန်ကြားရေးမှူးချုပ်အဖြစ် တာဝန်ထမ်းဆောင်ခဲ့သည်။

**(သတင်းစဉ်)**



**(၆၉)နှစ်မြောက် မွန်အမျိုးသားနေ့ကို ဖေဖော်ဝါရီ ၂၄ ရက် ညနေပိုင်းက ရန်ကုန်မြို့ပြည်သူ့ရင်ပြင်နှင့် ပြည်သူ့ဥယျာဉ်၌ စည်ကားသိုက်မြိုက်စွာကျင်းပရာ မွန်ရိုးရာအဆိုအကများဖြင့် ဖျော်ဖြေတင်ဆက်စဉ်။**

(အဆိုပါ အခမ်းအနားတွင် ရန်ကုန်တိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးမြင့်ဆွေ၊ ရန်ကုန်မြို့တော်ဝန် ဦးလှမြင့်၊ မွန်အမျိုးသားနေ့ ကျင်းပရေးကော်မတီဥက္ကဋ္ဌ နိုင်ဖေတင်၊ ဒုတိယဥက္ကဋ္ဌ မိကျွန်ချစ်ချစ်နှင့် ကျင်းပရေးကော်မတီ အတွင်းရေးမှူး နိုင်စိုးကြည်တို့က ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးခဲ့သည်။) **တင်စိုး(မြန်မာ့အလင်း)**

# စိုးလင်းဦး(မြန်မာ)က အက်တာ(စပိန်)အား အလဲထိုးအနိုင်ယူ

**ရေး ဖေဖော်ဝါရီ ၂၄**

မွန်ပြည်နယ် ရေးမြို့(၁၂၈)ကြိမ်မြောက် ရွှေဆံတော်စေတီနှင့် စကားတောင်စေတီတော် ဗုဒ္ဓပူဇနိယပွဲတော် မြန်မာ့ရိုးရာလက်ဝှေ့စိန်ခေါ်ပွဲများကို ဖေဖော်ဝါရီ ၂၄ ရက် ညနေပိုင်းက ယှဉ်ပြိုင်ထိုးခဲ့ကြကြောင်း သိရသည်။ မြန်မာ့ရိုးရာလက်ဝှေ့ ငါးချီအထူးစိန်ခေါ်ပွဲများဖြစ်သော ရာမာဉ် (ရေး) နှင့် မင်းမင်းထွန်း (ငြိမ်းချမ်းရေး) တို့ ယှဉ်ပြိုင်ထိုးရာတွင် ပူးတွဲသရေကျပြီး ဆက်လက်၍ ငါးချီစိန်ခေါ်ပွဲဖြစ်သော စိုးလင်းဦး (ဒို့ရိုးရာ)က အက်တာ (စပိန်)အား သုံးချီမြောက် ၂ မိနစ် ၅၃ စက္ကန့်ဖြင့် အလဲထိုး အနိုင်ရသွားသည်။

အဆိုပါ မြန်မာ့ရိုးရာ လက်ဝှေ့စိန်ခေါ်ပွဲများတွင် ကလပ်အသီးသီးမှ သုံးချီတွဲဆိုင်းငါးဆိုင်း အထူးစိန်ခေါ်ပွဲ သုံးချီပွဲတွင် အရိုင်းလေး(အဖြူရောင်)နှင့် ရဲမာန် (တောင်ကလေး)တို့ပွဲ ပထမအချီ၌ ရဲမာန် (တောင်ကလေး)က အရိုင်းလေး(အဖြူရောင်)ကို အလဲထိုးအနိုင်ရရှိသွားခဲ့ကြောင်း သိရသည်

**နေမျိုးထွဋ်(ရေး)**

# စစ်တွေမြို့၌ မြို့လုံးကျွတ် ရခိုင်ရိုးရာရထားဆွဲပွဲ အောင်မြင်စွာကျင်းပပြီးစီး

**စစ်တွေ ဖေဖော်ဝါရီ ၂၄**

ရခိုင်ပြည်နယ် မြို့တော်စစ်တွေ၌ ဖေဖော်ဝါရီ ၁၉ ရက်မှ ၂၃ ရက်အထိ ကျင်းပသော စစ်တွေမြို့လုံးကျွတ် ရခိုင်ရိုးရာရထားဆွဲပွဲတော်သည် ဖေဖော်ဝါရီ ၂၃ ရက် (တပို့တွဲလပြည့်နေ့) ညဥ့်သန်းခေါင်ယံမတိုင်မီ အောင်မြင်စွာ ပြီးဆုံးသွားကြောင်း သိရသည်။



ဖေဖော်ဝါရီ ၁၉ ရက် ညမှစ၍ ရထားဆွဲခြင်း၊ သံချပ်ပြိုင်ခြင်းများဖြင့် ကျင်းပလာရာ ယင်းနေ့များတွင် စစ်တွေမြို့တစ်ခုလုံး ရခိုင်တေးသီချင်းသံများ၊ ရခိုင်သံချပ်သံများ ဟိန်းကာစည်းကားလျက်ရှိခဲ့သည်။ ရထားဆွဲပွဲ အနိုင်အရှုံးစာရင်းများအရ ဖေဖော်ဝါရီ ၂၂ ရက် ပွဲစဉ်များတွင် တရားသီးစုရပ်ကွက်နှင့် အိုးတမ်းရပ်ကွက်တို့ဆွဲရာ၌ တရားသီးစုကလည်းကောင်း၊ ကျေးတောရွာမနှင့် ဧည့ဝတီဆွဲရာ၌ ကျေးတောရွာမကလည်းကောင်း၊ ကသဲနှင့် လမ်းသစ်ဆွဲရာ၌ ကသဲရပ်ကွက်က လည်းကောင်း အနိုင်ရရှိသွားကြသည်။

ဖေဖော်ဝါရီ ၂၃ ရက်က ရထားဆွဲပွဲ နောက်ဆုံးညပွဲစဉ်များတွင် ရွာကြီးတောင်ရပ်ကွက်နှင့် ဘောင်းဒွတ်သားစုရပ်ကွက်တို့ ဆင်နွဲရာ ရွာကြီးတောင်ရပ်ကွက်က လည်းကောင်း၊ ပြည်တော်သာရပ်ကွက်နှင့် မင်းဂံရပ်ကွက်တို့ ဆွဲရာ၌ မင်းဂံရပ်ကွက်က လည်းကောင်း အနိုင်ရရှိသွားကြောင်း သိရသည်။ ပွဲအစမှ အဆုံးထိ ပွဲစဉ်တိုင်းတွင် အနိုင်ရရှိသောအသင်းကို ဆုငွေကျပ် တစ်သိန်းနှင့် ရှုံးနိမ့်သော အသင်းကို ဆုငွေကျပ် ၈၀၀၀၀ စီ ချီးမြှင့်ကြောင်း သိရသည်။

ရခိုင်သံချပ်ပြိုင်ပွဲသို့ ၁၉ ရပ်ကွက်မှ ပါဝင်ယှဉ်ပြိုင်ကြပြီး ပထမဆုကို ဆင်ကူးလမ်းရပ်ကွက်၊ ဒုတိယဆုကို အိုးတမ်းရပ်ကွက်၊ တတိယဆုကို တရားသီးစုရပ်ကွက်တို့က ရရှိသွားကြပြီး ပထမဆု ငွေကျပ်နှစ်သိန်း၊ ဒုတိယဆု ငွေကျပ်တစ်သိန်းခွဲ၊ တတိယဆု ငွေကျပ်တစ်သိန်း ပေးအပ်ချီးမြှင့်ခဲ့ကြောင်း သိရသည်။

မြို့လုံးကျွတ်ရခိုင်ရိုးရာရထားဆွဲပွဲမှ ရထားကို ရခိုင်ယဉ်ကျေးမှုထုံးတမ်းစဉ်လာအရ ဖေဖော်ဝါရီ ၂၃ ရက်(တပို့တွဲလပြည့်ည) သန်းခေါင်ယံမတိုင်မီ မီးရှို့ဖျက်ဆီးကာ ရထားဆွဲပွဲပြီးဆုံးသွားကြောင်း သိရသည်။ ရထားဆွဲပွဲအပြီးတွင် အောင်မြင်ခြင်းအထိမ်းအမှတ်အဖြစ် ရခိုင်အဆိုတော်များက စင်တင်တေးဂီတများဖြင့် သီဆိုဖျော်ဖြေကြကြောင်း သိရသည်။

**သတင်း - ကိုကြီးစော**
**ဓာတ်ပုံ - ညေစော**

## ပြင်ဆင်ဖတ်ရှုပါရန်

ဖေဖော်ဝါရီလ ၂၃ ရက်နေ့ထုတ် မြန်မာ့အလင်းသတင်းစာ စာမျက်နှာ ၁၀ ပါ "လတပို့တွဲ ဆင်ယင်နွှဲ ရခိုင်ရိုးရာရထားဆွဲပွဲ ခြိမ့်ခြိမ့်သဲသဲ" သတင်းဆောင်းပါး၏ ကော်လံ ၄ စာကြောင်းရေ ၁၄ တွင် အနိုင်/အရှုံး ဖော်ပြရာ၌ ရွှေပြားနှင့် လမ်းမတော်မြောက် ပွဲတွင် လမ်းမတော်မြောက် ရပ်ကွက်က အနိုင်ရရှိသွားကြောင်း ပြင်ဆင်ဖတ်ရှုပါရန် မေတ္တာရပ်ခံအပ်ပါသည်။ **စာရေးသူ**

**မီး သတိပြု**

# အယ်နီညိုရာသီဥတုပြောင်းလဲမှုဆွေးနွေး

**စဉ့်ကူး ဖေဖော်ဝါရီ ၂၄**

စဉ့်ကူးမြို့နယ်၌ အယ်နီညိုရာသီဥတုပြောင်းလဲမှုဖြစ်ပေါ် အခြေအနေနှင့် ကြိုတင်ကာကွယ်စောင့်ရှောက်မှုများပြုလုပ်နိုင်ရေး အသိပညာပေးဆွေးနွေးပွဲကို ဖေဖော်ဝါရီ ၂၃ ရက်က မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန အစည်းအဝေးခန်းမ၌ ကျင်းပရာ မြို့နယ်စီမံခန့်ခွဲမှုကော်မတီဥက္ကဋ္ဌ လက်ထောက်ညွှန်ကြားရေးမှူး ဦးအောင်ကျော်သန်းက ၂၀၁၆ ခုနှစ်တွင် အယ်နီညိုဖြစ်ပေါ်လာနိုင်ခြင်းကြောင့် အပူချိန်မြင့်တက်မှုအပေါ် ရေရှားပါးမှုများ ဖြစ်ပေါ်လာနိုင်ကြောင်း၊ သောက်သုံးရေနှင့် စိုက်ပျိုးရေးတို့ကို အလေအလွင့်မရှိ စနစ်တကျသုံးစွဲနိုင်ရေး အဓိကထားဆောင်ရွက်သွားကြရန်နှင့် အယ်နီညိုကြောင့် ဖြစ်ပေါ်လာမည့်အခြားဖြစ်စဉ်များကို ပြည်သူများအားလုံးသိရှိစေရန် ထပ်ဆင့်အသိပေး ရှင်းလင်းသွားကြရန် ပြောကြားခဲ့ကြောင်း သိရသည်။ **ဝင်းမောင်**

## ရိုးပြတ်တောမီးလောင်ရာမှ အမျိုးသားနှစ်ဦးသေဆုံး

**ရေဦး ဖေဖော်ဝါရီ ၂၄**

ရေဦးမြို့နှင့် မိုင် ၃၀ ခန့်အကွာ၌ ရိုးပြတ်တောတစ်ခု ဖေဖော်ဝါရီ ၂၃ ရက် ညနေ ၃ နာရီက မီးလောင်ခဲ့ရာမှ ဦးအေး (၅၂ နှစ်) အောင်ကဲ့ဇင်ကျေးရွာနေ၊ ဦးချစ်ကြီး (၇၁နှစ်) အုတ်ဖိုကျေးရွာတို့သည် အခင်းဖြစ်နေရာ၌ သေဆုံးသွားကြောင်း သိရသည်။ အဆိုပါလူနှစ်ဦးသေဆုံးမှုနှင့်ပတ်သက်၍ ရေဦးမြို့မရဲစခန်းက အမှုမှန်ပေါ်ပေါက်ရေး စုံစမ်းစစ်ဆေးလျက်ရှိကြောင်းသိရသည်။ **သန်းထိုက်(ရေဦး)**

# ဟားခါးမြို့နယ်၌ မီးလောင်မှုဖြစ်ပွား

**ဟားခါး ဖေဖော်ဝါရီ ၂၄**

ဟားခါးမြို့မှ ခုနစ်မိုင်အကွာရှိ နီှာရ်လှော့န်းကျေးရွာ၌ ဖေဖော်ဝါရီ ၂၄ ရက် နံနက် ၀၀ နာရီ ၄၅ မိနစ်ခန့်က မီးလောင်မှုဖြစ်ပွားခဲ့ကြောင်း သိရသည်။

ဖြစ်စဉ်မှာ အိမ်ရှင်ဦးကျဲအိုအုပ်က ၎င်း၏ နေအိမ်ကို မီးရှို့ခဲ့ခြင်းဖြစ်ပြီး မီးလောင်မှုကြောင့် သွပ်မိုး၊ သွပ်ကာ၊ ပျဉ်ကာ၊ ပျဉ်ခင်းအိမ်တစ်လုံး မီးလောင်ဆုံးရှုံးခဲ့ကြောင်း သိရသည်။

အခင်းဖြစ်ပွားရာနေရာသို့ ခရိုင်နှင့်မြို့နယ်အုပ်ချုပ်ရေးမှူးများ၊ မြို့နယ်မီးသတ်တပ်ဖွဲ့မှူးနှင့် တာဝန်ရှိသူများ၊ မီးသတ်တပ်ဖွဲ့နှင့် ပြည်သူများက ဝိုင်းဝန်းမီးငြိမ်းသတ်ခဲ့ကြရာ နံနက် ၁ နာရီတွင် မီးညွန့်ကျိုးခဲ့ကြောင်း သိရသည်။

ဖြစ်စဉ်နှင့်ပတ်သက်၍ မီးရှို့ထွက်ပြေးသူအိမ်ရှင်ဦးကျဲအိုအုပ်အား ဥပဒေနှင့်အညီ အရေးယူနိုင်ရေးဆက်လက်ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

**(ခရိုင် ပြန်/ဆက်)**

# ညောင်တုန်းမြစ်ကမ်း နိမ့်ကျမှုနေရာတွင် ဘိုးပိုင် ၂၉ လုံးရိုက်ပြီးဖြစ်



**ညောင်တုန်း ဖေဖော်ဝါရီ ၂၄**

ညောင်တုန်းမြို့ပတ်ရေကာတာမှာ ဇန်နဝါရီ ၂ ရက်က ညောင်တုန်းမြို့ ၉ လမ်းမှ ၁၁ လမ်းကြား ရေကာတာတွင်ကွဲအက်နိမ့်ကျပျက်စီးခဲ့ပြီး ဖေဖော်ဝါရီ ၃ ရက်က ၉ လမ်းထိပ် ၈ လမ်းဘက်ခြမ်းတွင် မြစ်ကမ်းကွဲအက်နိမ့်ကျမှု ထပ်မံဖြစ်ပွားခဲ့သောနေရာတွင် ဆက်လက်၍ ကမ်းလျှောနိမ့်ကျမှုမျိုး ထပ်မံမဖြစ်ပေါ်စေရေးအတွက် (G.BBag) နှစ်မီတာရှိသော သဲအိတ် များချထားခြင်း၊ ကမ်းဆင်ခြေလျှောအတိုင်း (Tetra Pot) လေးမြှောင့် ကျောက်တိုင်တုံးများ ချထားခြင်း၊ ရေနက်အိုး၊ ရေစီးကြောင်းဆွဲအားကို ကြံ့ကြံ့ခံနိုင်စေရန် ပေ ၅၀ မြစ်ကြမ်းပြင်အောက် ပေ ၃၀ အမာကြောရောက်သည်အထိ ပေ ၈၀ ဘိုးပိုင်များ ရိုက်ခြင်းလုပ်ငန်းများကို ဆည်မြောင်းဦးစီးဌာန တည်ဆောက်ရေး (၉) က ဆောင်ရွက်လျက်ရှိသည်။

ရေနက်အိုးရေစီးကြောင်းဆွဲအားကြောင့် ကမ်းပြိုကမ်းလျှောမဖြစ်စေရေး အတွက် ဘိုးပိုင် များတူး၍ ပေ ၈၀ အနက်အထိ သံကူကွန်ကရစ်လောင်းကာ အခိုင်အမာ တည်ဆောက်လျက်ရှိရာ ဖေဖော်ဝါရီ ၂၂ ရက်အထိ ဘိုးပိုင် ၂၉ လုံးပြီးစီးပြီဖြစ်ကြောင်း သိရသည်။ မြစ်ကမ်းပြိုကျမှုမဖြစ်ပေါ်စေရေးအတွက် ဘိုးပိုင် ၁၂၅ လုံး အထိရိုက်ကာ အခိုင်အမာတည်ဆောက်သွားမည်ဖြစ်ကြောင်း သိရသည်။

မြစ်ကမ်းငြိမ်စေရန်အတွက် ကမ်းဆင်ခြေလျှောအတိုင်း (Tetra Pot) လေးမြှောင့်ကျောက်တိုင်တုံးများဖြင့် ကိုရီးယားနိုင်ငံတွင် မြစ်ကမ်းများ၌ အသုံးပြုသည့်ပုံစံအတိုင်း ပေ ၂၇၀ အထိ ချသွားမည်ဖြစ်ကြောင်းနှင့် ဆည်မြောင်း ဦးစီးဌာန၏ ပထမဆုံး စတင်အသုံးပြုသော နည်းစနစ်ဖြစ်ကြောင်း သိရသည်။

**နေလင်း(ညောင်တုန်း)**

# ကျောက်မဲဒေသစစ်ဘေးရှောင်ကျောင်းသားများအား စာကျက်ဝိုင်းအထောက်အကူပြုသင်ကြား

**သီပေါ ဖေဖော်ဝါရီ ၂၄**

ရှမ်းပြည်နယ် မြောက်ပိုင်း ကျောက်မဲခရိုင် မိုင်းလုံမြို့နယ် တော့ဆန်ဒေသ စစ်ဘေးရှောင် တိုင်းရင်းသားပြည်သူများအတွက် လှူသုံးကုန်ပစ္စည်းများ၊ ဆန်အိတ် ၃၀ နှင့် ထောက်ပံ့ငွေကျပ်သိန်း ၅၀ ပေးအပ်လှူဒါန်းပွဲကို ဖေဖော်ဝါရီ ၂၂ ရက်မွန်းလွဲ ၂ နာရီက ကျောက်မဲမြို့ စစ်ဘေးရှောင် ကူညီကယ်ဆယ်ရေး စခန်း၌ ကျင်းပရာ သီပေါမြို့နယ် စေတနာရှင် ပြည်သူများကိုယ်စား စစ်ဘေးရှောင် ကယ်ဆယ်ရေးဦးစီး ကော်မတီဥက္ကဋ္ဌ မြို့နယ်စိုက်ပျိုးရေး ဦးစီးဌာနမှူး ဦးမိုးကျော်စွာဝင်းနှင့် အဖွဲ့က ကျောက်မဲမြို့နယ် စီမံခန့်ခွဲမှု ကော်မတီဥက္ကဋ္ဌ မြို့နယ်အုပ်ချုပ်ရေးမှူးဦးအောင်လွင်ထံ ပေးအပ်လှူဒါန်းခဲ့သည်။

"ဒီနေ့အထိ ကျွန်တော်တို့ စစ်ဘေးရှောင်ကယ်ဆယ်ရေးစခန်း ၁၉ ခုမှာ လူဦးရေ ၃၉၇၂ ဦးရှိပြီး ဌာနေနဲ့ မိမိတို့အိမ်တွေကို ပြန်ကြတဲ့ စစ်ဘေးရှောင် တိုင်းရင်းသားပြည်သူ ၅၀၀ ခန့်ကို လူကြီး ကလေး မခွဲခြားဘဲ တစ်ဦးကို ထောက်ပံ့ငွေကျပ် တစ်သောင်းနဲ့ လူနှစ်ဦး ဆန်တစ်အိတ်နှုန်းနဲ့ လေးဦးကျော်ရင် ဆန်သုံးအိတ်တို့ကို လူဦးရေအလိုက် အချိုးညီညီ ပေးအပ်ခဲ့ပါတယ်။ စစ်ဘေးရှောင် ပြည်သူတွေရဲ့ ရင်သွေးငယ်တွေကို ပညာရေးမှာ ထိခိုက်မှုမရှိစေဖို့ စတုတ္ထတန်းနဲ့ အဋ္ဌမတန်းစာမေးပွဲကို ဝင်ရောက်ဖြေဆိုနိုင်ခဲ့ကြပြီး ကျန်ရှိနေသေးတဲ့ အတန်းစာမေးပွဲတွေနဲ့ တက္ကသိုလ်ဝင်တန်းစာမေးပွဲကိုလည်းဝင်ရောက်ဖြေဆိုဖို့၊ စာကျက်ဝိုင်းတွေနဲ့ ဘာသာရပ်ဆိုင်ရာ အထောက်အကူပြုသင်တန်းတွေကို တိလင်ဘုန်းတော်ကြီးကျောင်း ကယ်ဆယ်ရေးစခန်းမှာ စီစဉ်ဖွင့်လှစ်ထားပါတယ်"ဟု ကျောက်မဲမြို့နယ်စီမံခန့်ခွဲမှုကော်မတီဥက္ကဋ္ဌက ပြောသည်။



"စစ်ဘေးရှောင် ပြည်သူတွေရဲ့ ကျန်းမာရေးအတွက် မြို့နယ်ပြည်သူ့ကျန်းမာရေးဌာနက စခန်းအလိုက် ဆေးခန်းတွေဖွင့်လှစ်ပြီး ကျန်းမာရေး စောင့်ရှောက်မှုပေးလျက်ရှိကာ အသက် ငါးနှစ်အောက် ကလေးသူငယ် ၃၁၃ ဦးကိုလည်း ပိုလီယိုကာကွယ်ဆေးများ တိုက်ကျွေးနိုင်ခဲ့ပါကြောင်း၊ စစ်ဘေးရှောင်တိုင်းရင်းသားများအတွက် လိုအပ်ပါက အချိန်နဲ့တစ်ပြေးညီ ကူညီဆောင်ရွက်နိုင်ရန် အရန်အဖြစ် ဆန်အိတ် ၁၀၀ နဲ့ ငွေကျပ်သိန်း ၄၀၀ ကို အသင့်ထားရှိထားကြောင်း ၄င်းက ဆက်လက်ပြောသည်။

ကျောက်မဲဒေသစစ်ဘေးရှောင် တိုင်းရင်းသားသွေးချင်းများအတွက် အနယ်နယ်အရပ်ရပ်မှ စေတနာအလှူရှင်များ လာရောက်လှူဒါန်းမှုမှာ ဖေဖော်ဝါရီ ၂၃ ရက်အထိ ငွေကျပ် ၃၀၉၇ သိန်းရှိကြောင်း သိရသည်။

**စိုင်း(သီပေါ)**

# လိပ်သိုမြို့နယ်ရှိ ကျေးရွာများ ဖုန်းလိုင်းရ၍ ဝမ်းသာ

**လိပ်သို ဖေဖော်ဝါရီ ၂၄**

လိပ်သိုမြို့သည် တောင်ငူ-လိပ်သို-ယာဒို-ကယားပြည်နယ်ကို ဆက်သွယ်သွားလာနိုင်သော လမ်းမကြီးပေါ်တွင်ရှိပြီး ၂၀၀၈ ခုနှစ်တွင် မြို့နယ်ခွဲအဖြစ် သတ်မှတ်ခဲ့ချိန်မှစ၍ ကတ္တရာလမ်းများ အဆင့်တိုးမြှင့် ပေးနိုင်ခဲ့ပြီး ၂၄ နာရီမီးရရှိရေးဆောင်ရွက်နေရာ မကြာခင် မီးရရှိတော့မည်ဖြစ်သည်။

ထို့အပြင် ဖုန်းလိုင်းဆက်သွယ်မှုများရရှိသုံးစွဲနိုင်ရေးအတွက် ၂၀၁၅ ခုနှစ် ဒီဇင်ဘာလက MPT ဖုန်းလိုင်းကို စတင်စမ်းသပ်ထုတ်လွှင့်နိုင်ခဲ့ပြီး ဖေဖော်ဝါရီ ၁၉ ရက်က ကရင်ပြည်နယ် မြန်မာ့ဆက်သွယ်ရေးလုပ်ငန်းမှ တာဝန်ရှိသူများနှင့် Solo Kensetsu တည်ဆောက်ရေး အဖွဲ့မှ Final Acceplance အတွက် လာရောက်စမ်းသပ် စစ်ဆေးဆောင်ရွက်ခဲ့ပြီး MPT ဖုန်းလိုင်း 3G ကွန်ရက်မှာ ကောင်းမွန်စွာ အသုံးပြုနိုင်ပြီဖြစ်ကြောင်း သိရသည်။

**(မြို့နယ် ပြန်/ဆက်)**



# ၁၆ ခုတင်ဆံ့ မောင်းလျော် တိုက်နယ်ပြည်သူ့ဆေးရုံဖွင့်

**ကျွန်းစု ဖေဖော်ဝါရီ ၂၄**

ကျွန်းစုမြို့နယ် မောင်းလျော်ကျေးရွာ၌ ၁၆ ခုတင်ဆံ့ မောင်းလျော်တိုက်နယ်ပြည်သူ့ဆေးရုံကို ဖေဖော်ဝါရီ ၂၃ ရက်က တိုင်းဒေသကြီးဝန်ကြီးချုပ် ဦးမြတ်ကိုနှင့် တာဝန်ရှိသူများက ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးခဲ့သည်။

ယင်းနောက် ဝန်ကြီးချုပ်နှင့်အဖွဲ့များက ဆေးရုံအတွင်း လှည့်လည်ကြည့်ရှုကာ လူနာများအား အလှူငွေများနှင့်ထောက်ပံ့ပစ္စည်းများ ပေးအပ်လှူဒါန်းခဲ့သည်။ အဆိုပါဆေးရုံတွင် ကျန်းမာရေးဝန်ထမ်းများက မောင်းလျော်ကျေးရွာနှင့် အနီးအနားကျေးရွာအုပ်စု ခုနစ်အုပ်စုမှ ပြည်သူ ၃၀၀၀၀ ခန့်ကို ကျန်းမာရေးစောင့်ရှောက်မှုအပြည့်အဝပေးနိုင်တော့မည်ဖြစ်ကြောင်း သိရသည်။

**(မြို့နယ် ပြန်/ဆက်)**

# စိုက်ပျိုးရေးဆိုင်ရာ မဟာဗျူဟာစာအုပ် မိတ်ဆက်ပွဲကျင်းပ

**နေပြည်တော် ဖေဖော်ဝါရီ ၂၄**

မြန်မာနိုင်ငံ၏ ရာသီဥတုနှင့် သဟဇာတဖြစ်သော စိုက်ပျိုးရေးဆိုင်ရာ မဟာဗျူဟာ စာအုပ်မိတ်ဆက်ပွဲအခမ်းအနားကို ဖေဖော်ဝါရီလ တတိယပတ်က ရေဆင်းစိုက်ပျိုးရေး တက္ကသိုလ် စိန်ရတုခန်းမ၌ကျင်းပသည်။

အဆိုပါစာအုပ်ကို စိုက်ပျိုးရေးဆိုင်ရာ နယ်ပယ်အသီးသီးမှ ပညာရှင်များ၊ မူဝါဒ ချမှတ်ရေးဆွဲသူများ၊ အဓိကသက်ဆိုင်သူများ (Key Stakeholders) ပူးပေါင်း၍ ပြုစုထားခြင်းဖြစ်သည်။

မြန်မာနိုင်ငံ၏ စိုက်ပျိုးရေး ၊ စားနပ်ရိက္ခာဖူလုံရေးနှင့် အာဟာရပြည့်ဝရေးကဏ္ဍများအပေါ်တွင် ရာသီဥတုပြောင်းလဲခြင်း၏ စိန်ခေါ်မှုများ၊ မြန်မာနိုင်ငံ၏ရာသီဥတုနှင့် သဟဇာတဖြစ်သော စိုက်ပျိုးရေးဆိုင်ရာ မဟာဗျူဟာနှင့်ဦးစားပေးအစီအစဉ်များ၊ ချက်ချင်းနှင့် လက်ငင်းဆောင်ရွက်ရန် အစီအစဉ်များနှင့် ရေရှည်လုပ်ဆောင်ရမည့် အစီအစဉ်များကို ထည့်သွင်းပြုစုထားကြောင်း၊ ယင်းစာအုပ်ကို သက်ဆိုင်ရာဌာနများ၊ နိုင်ငံတကာ အဖွဲ့အစည်းများနှင့် အစိုးရ မဟုတ်သော အဖွဲ့အစည်းများအားဖြန့်ဝေပေးခဲ့ကြောင်းသိရသည်။

အခမ်းအနားတွင်ဌာနအသီးသီးမှ မြန်မာ့ရာသီဥတုနှင့် သဟဇာတဖြစ်သော စိုက်ပျိုးရေးဆိုင်ရာမဟာဗျူဟာ အကောင်အထည်ဖော်ဆောင်ရွက်နိုင်ရေးအတွက် ကနဦးအဆင့် ဆောင်ရွက်နေမှုများ၊ ဆက်လက် ဆောင်ရွက်ရမည့်လုပ်ငန်းစဉ်များနှင့်စပ်လျဉ်း၍ စာတမ်းခြောက်စောင်တင်သွင်း ဖတ်ကြားခဲ့ကြောင်း သိရသည်။

**မေမိုးသဲ**

# အင်ပင်ရွှေဂူစေတီတော်သို့ မြေသားလမ်းဖောက်လုပ်

**ရမည်းသင်း ဖေဖော်ဝါရီ ၂၄**

မန္တလေးတိုင်းဒေသကြီး ရမည်းသင်းမြို့နယ် ထီးလှိုင်ကျေးရွာအုပ်စု၌ တည်ထားကိုးကွယ်သော ရှေးဟောင်းသမိုင်းဝင် အင်ပင်ရွှေဂူစေတီတော်သို့ ဘုရားဖူးများအလွယ်တကူ သွားရောက်ဖူးမြော်နိုင်ရန်အတွက် ရန်ကုန်- မန္တလေးလမ်းဟောင်းမှ အင်ပင်ရွှေဂူစေတီတော်အထိ နှစ်မိုင်ကျော်ခရီးကို မြေသားလမ်းကောင်းမွန်စေရန် ပြုပြင်လျက်ရှိကြောင်း သိရသည်။

ယခုဖောက်လုပ်သောမြေသားလမ်းသည် ရန်ကုန်-မန္တလေးလမ်းဟောင်းမှ ရမည်းသင်းမြို့နယ် ထီးလှိုင်ကျေးရွာအုပ်စုအတွင်းရှိ ညောင်လေးပင်နှင့် ကုက္ကိုကုန်းကျေးရွာများကိုဖြတ်သန်းလျက် အင်ပင်ရွှေဂူစေတီသို့ သွားရာလှည်းလမ်းကြောင်းကို ပြုပြင်ခြင်းဖြစ်ကြောင်းသိရသည်။

**ကြီးမြင့်နိုင်(လှိုင်ကော်)**

# နွေရာသီသောက်သုံးရေရှားပါးပြတ်လပ်မှု မဖြစ်ပေါ်စေရေးအတွက် ကြိုတင်ဆောင်ရွက်



**သာစည်  ဖေဖော်ဝါရီ  ၂၄**

မန္တလေးတိုင်းဒေသကြီး မိတ္ထီလာခရိုင် သာစည်မြို့နယ်အတွင်းရှိ ကျေးရွာများအား အယ်နီညိုရာသီဥတုကြောင့် သောက်သုံးရေပြတ်လပ်မှုများမရှိစေရေးအတွက်သက်ဆိုင်ရာအဖွဲ့များနှင့်ပူးပေါင်း၍ ကြိုတင်ဆောင်ရွက်ထားရှိပြီဖြစ်ကြောင်း သိရသည်။

သာစည်မြို့နယ်တွင် ဖေဖော်ဝါရီ ၂၀ ရက်မှစတင်ပြီး နေ့အပူရှိန်များ မြင့်တက်လျက်ရှိသောကြောင့် မြို့နယ်အတွင်းရှိ ကျေးရွာအချို့တွင် စည်ပင်သာယာရေးအဖွဲ့နှင့် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနတို့က တူးဖော်ပေးထားသည့် မြေအောက် စက်ရေတွင်းများမှ ရေများသည် ယခင်ကလောက် ရေထွက်ရှိမှုမရှိတော့ဘဲ ရေထွက်အား ကျဆင်း နည်းပါးလာနေပြီဖြစ်ကြောင်း သိရသဖြင့် မြို့နယ်ကျေးလက်ဦးစီးဌာနမှ ဦးထွန်းညွန့်ဦး (လက်ထောက်ညွှန်ကြားရေးမှူး-နည်းပညာ)နှင့်အဖွဲ့သည် မဲတောကျေးရွာသို့သွားရောက်ပြီး အဆိုပါ ကျေးရွာရှိ စက်ရေတွင်းမှ ရေထွက်ရှိအခြေအနေများကို ကြည့်ရှုစစ်ဆေးခဲ့ကြကြောင်း သိရသည်။

**မောင်ကို(သာစည်)**

# သောက်သုံးရေ ပြတ်နေသည့် ကြာကန်ကျေးရွာသို့ ရေပေးဝေ

**မြစ်သား  ဖေဖော်ဝါရီ  ၂၄**

မန္တလေးတိုင်းဒေသကြီး မြစ်သားမြို့နယ် ပျော်ရွာအုပ်စု ကြာကန်ကျေးရွာတွင် ဖေဖော်ဝါရီ ၂၃ ရက်က ရေပြတ်လပ်မှုဖြစ်ပေါ်နေကြောင်း သိရှိရ၍ မြို့နယ်ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ဦးစီးမှူး ဦးကိုကိုအောင်နှင့်အဖွဲ့က ရေဂါလန် ၁၂၀၀ ဆံ့ ရေကားတစ်စီး သွားရောက်ဖြန့်ဝေပေးခဲ့ကြောင်း သိရသည်။

ကြာကန်ကျေးရွာသည် အိမ်ခြေ ၄၃ အိမ်နှင့် လူဦးရေ ၂၉၀ ရှိသောရွာဖြစ်ပြီး မိုးရေလှောင်ကန်မှာ ရေဝင်ရောက်မှုနည်းပါးခဲ့ရာ ရေတွင်းတစ်တွင်းကိုသာ အားထားသုံးစွဲနေရကြောင်း သိရသည်။

အဆိုပါကျေးရွာသို့ မြို့နယ်ကျေးလက်ဒေသ ဖွံ့ဖြိုးရေးဦးစီးဌာနက ရေပြတ်လပ်မှုမရှိစေရန် ဆက်လက်ဖြန့်ဝေသွားမည်ဖြစ်ပြီး မိုးရေလှောင်ကန်အတွင်း ရေများဖြည့်တင်းသွားရန် စီစဉ်ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

**ရဲဝင်းထွန်း(မြစ်သား)**

# မီးဘေးသင့် ပြည်သူများသို့ အလှူငွေထောက်ပံ့

**ကျောက်တန်း  ဖေဖော်ဝါရီ  ၂၄**

ရန်ကုန်တောင်ပိုင်းခရိုင် ကျောက်တန်းမြို့နယ်လုံးဆိုင်ရာ ဘေးအန္တရာယ်ကူညီရေးပရဟိတအဖွဲ့ ဩဝါဒါစရိယ ဆရာတော် အသောကာရာမပရိယတ္တိစာသင်တိုက် တိုက်အုပ်တာဝန်ခံစာချဆရာတော် ဘဒ္ဒန္တဝိလာသ(ဂန္ထဝါစကပဏ္ဍိတ) ဦးဆောင်သော ပရဟိတလူငယ်အဖွဲ့ဝင်များသည် ဖေဖော်ဝါရီလတတိယပတ်က ဧရာဝတီတိုင်းဒေသကြီး လပွတ္တာမြို့သို့သွားရောက်၍ အမှတ်(၁/၄/၅ ) ရပ်ကွက်တို့မှ မီးဘေးသင့်ပြည်သူများအတွက် အလှူငွေကျပ် ၃၆၅၀၀၀၀ နှင့် ငါးသေတ္တာဘူး ၁၀၀၀၊ ကလေးဝတ်စုံ ကျား-မ ၄၅၀ စုံ၊ ခြင်ထောင်စောင်ခေါင်းအုံးအစုံ ၂၀တို့ကို လှူဒါန်းခဲ့ကြသည်။

**စိုးဝင်း(ကျောက်တန်း)**

# ချောက်မြို့နယ်၌ ရေပေးဝေမှုပြုလုပ်



**ချောက်  ဖေဖော်ဝါရီ  ၂၄**

မကွေးတိုင်းဒေသကြီး ချောက်မြို့နယ်၌ နွေရာသီရေပြတ်လပ်မှုမရှိစေရန် မြို့နယ်ရေပေးဝေရေး ကြီးကြပ်မှုကော်မတီအဖွဲ့ဖြစ်သော မြို့နယ်အုပ်ချုပ်ရေးမှူး ဦးမောင်မောင်သက်၊ မြို့နယ်ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ ဦးခင်မောင်ကျော်၊ မြို့နယ်အထောက်အကူပြုကော်မတီဥက္ကဋ္ဌနှင့် တာဝန်ရှိသူများသည် ဇီးပွားအုပ်စု ဥယျာဉ်ကျေးရွာသို့ မြို့နယ်မီးသတ်ရေယာဉ်ဂါလန် ၁၆၀၀ ဆံ့ဖြင့် ဖေဖော်ဝါရီ ၂၃ ရက်က ရေပေးဝေမှုပြုလုပ်ခဲ့ကြောင်း သိရသည်။

အဆိုပါ ကျေးရွာမှာ ချောက်မြို့နှင့် မိုင် ၂၀ ကွာဝေး၍ အိမ်ထောင်စု ၂၇ စု၊ လူဦးရေ ၁၂၀နှင့် ကျွဲ၊ နွားကောင်ရေ ၁၀၀ ခန့်ရှိရာ နွေရာသီရေပြတ်လပ်မှုမရှိစေရေး မြို့နယ်အဆင့်ရေပေးဝေရေး ကြီးကြပ်မှုကော်မတီ၏ ဆောင်ရွက်ပေးမှုအပေါ် ဒေသခံများက အလွန်ဝမ်းမြောက်ပီတိဖြစ်လျက်ရှိကြောင်း သိရသည်။

**ဝင်းအိမွန်(ပြန်/ဆက်)**

# လှိုင်ကော်မြို့၌ သောက်သုံးရေရှားပါးသည့် ကျေးရွာများသို့ ရေလှူဒါန်း

**လှိုင်ကော်  ဖေဖော်ဝါရီ  ၂၄**

ကယားပြည်နယ် လှိုင်ကော်မြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ ဖေဖော်ဝါရီ ၂၄ ရက် နံနက် ၉ နာရီမှစ၍ လှိုင်ကော်မြို့နယ်အတွင်းရှိ သောက်သုံးရေရှားပါးရာ ကျေးရွာများဖြစ်သည့် လွယ်တမူ၊ လယ်ထွဲနှင့် ဒေါမူကလားကျေးရွာများသို့ သောက်သုံးရေများ လှူဒါန်းလျက်ရှိကြောင်း သိရသည်။

အဆိုပါ ရေလှူဒါန်းရာသို့ မြို့နယ်အုပ်ချုပ်ရေးမှူး ဒေါက်တာအောင်ဆွေနှင့် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ တာဝန်ရှိသူတို့က ကျေးရွာအတွင်း ရေလိုအပ်မှုအခြေအနေများကို ကွင်းဆင်းဆောင်ရွက်ခဲ့သည်။

ယင်းသောက်သုံးရေများ လှူဒါန်းရာတွင် မီးသတ်ဦးစီးဌာနမှ ရေသယ်ယာဉ်ဖြင့်လွယ်တမူကျေးရွာကို ဂါလန် ၈၀၀၊ လယ်ထွဲကျေးရွာကို ဂါလန် ၁၀၀၀ နှင့် ဒေါ်မူကလား ကျေးရွာကို ဂါလန် ၁၆၀၀ လှူဒါန်းခဲ့ကြောင်းသိရသည်။

**ကိုစိုင်း(လှိုင်ကော်)**




ဦးသန့်ဇော် B.Sc.IC.Q.DA, DMP, MBA, ACCA (pro)
LCCI I & II (၃)လပြတ်
1 Mar 2016 စမည် / June စာမေးပွဲ
Sec (E): Mon to Wed 3:30 - 5:30 pm
Sec (G): Mon to Wed 6:00 - 7:45 pm
(သင်တန်းကြေးအရစ်ကျ)
ဝါရင့်ဆရာ/ဆရာမကြီးများသင်မည်
စီးပွားရေးတက္ကသိုလ်
MBA/DMA ဝင်ခွင့်
GMAT, Reasoning & English သင်တန်းများ
Sec(A) Sat-Sun၊ (B) Weekdays စပြီ (MPA, MDevS အပါအဝင်)
■ မည်သည့်ဘွဲ့ရမဆို လျှောက်ထားနိုင်သည်။
ORION Business School ●●● အမှတ်-၂၆၇၊ ပ-ထပ်၊ ပြည်လမ်း၊ မြေနီကုန်း၊ စမ်းချောင်း (အုံ့စင်တာအနီး)။ 09 5115997

## တင်ဒါပယ်ဖျက်ကြောင်း ကြေညာခြင်း

၂၀-၂-၂၀၁၆ရက်ထုတ် မြန်မာ့အလင်းသတင်းစာတွင် ကြော်ငြာထည့်ထားသည့် မန္တလေးတိုင်းဒေသကြီးလွှတ်တော်ရုံး ပင်မအဆောက်အအုံ နောက်ဆက်တွဲလုပ်ငန်းများအတွက် တင်ဒါခေါ်ယူထားခြင်းအား ပယ်ဖျက်ကြောင်း ကြေညာအပ်ပါသည်။

**ကြီးကြပ်ရေးကော်မတီ**
**မန္တလေးတိုင်းဒေသကြီးလွှတ်တော်ရုံး**

အောင်ပြည့်စုံ
ဒဂုံမြို့သစ်မြောက်ပိုင်း၊ အရှေ့ပိုင်း၊ တောင်ပိုင်း၊ ဆိပ်ကမ်းမြို့နယ်များ
ဈေးကောင်းပေးဝယ်သည်။
09-5232770
09-5134770

Shining Star Age- 3 to 15
နွေရာသီ အင်္ဂလိပ်စာအထူးသင်တန်း
ကွန်ပျူတာ၊ ပန်းချီ နှင့်
ပထမတန်းမှ စတုတ္ထတန်းထိ အကြိုသင်တန်းများ
မတ်လ (၁)ရက် ဖွင့်ပြီ။
ကျောင်း (၁) - (၈)မိုင်ခွဲ၊ ဓမ္မာသီရိ လမ်းသွယ်၊ ပြည်လမ်း၊ မရမ်းကုန်း။
ကျောင်း (၂) - အမှတ်(၁၂)၊ နဝရတ်လမ်း၊ ရတနာကျွန်းရိပ်သာ၊ မြောက်ဥက္ကလာပ၊
Ph:09-73040370 ,09-5091571 , 09-250029698, 09-799919601

Lyric, Arrange & Copy Right A ကေကေ
Mask မျက်နှာဖုံး
Studio : Metal Zone, Esus 6
Mixing And Mastering : Myint Zaw
Harmory : Khin Myat Mon & Group
R ဇာနည်၊ လင်းလင်း၊ သအို၊ ဒီမွန်၊ စည်သူမင်း၊ ရဝေမိုး၊ A ကေကေ
ဖြူဖြူကျော်သိန်း၊ နေနေ၊ ချစ်သုဝေ၊ အိုင်ရင်းဇင်မာမြင့်၊ ရွှေရည်ဖြိုးမောင်၊ နဒီ
ထွက်ပြီ ထွက်ပြီ
VCD , KARAOKE

## တင်ဒါကြော်ငြာ(အဝယ်)

ကျန်းမာရေးဝန်ကြီးဌာန၊ ဆေးသုတေသနဦးစီးဌာန(ရုံးချုပ်)တွင် ၁-၄-၂၀၁၆ရက်မှ ၃၁- ၃-၂၀၁၇ရက်အထိ ကာလအတွင်း အောက်ဖော်ပြပါပစ္စည်းများကိုဝယ်ရန် လိုအပ်ပါသည်။

**တင်ဒါအမှတ် (၁/၂၀၁၆)**

| | | | |
|---|---|---|---|
| ၁။ | ငါးမှုန့် | ပိဿာ | ၁၉၈၀ |
| ၂။ | ပြောင်းမှုန့် | ။ | ၁၉၈၀ |
| ၃။ | ပဲဖတ်မှုန့် | ။ | ၁၆၅၆ |
| ၄။ | နှမ်းဖတ်မှုန့် | ။ | ၃၃၆ |
| ၅။ | ဂျုံဖွဲ | ။ | ၃၀၀၀ |
| ၆။ | ဖွဲနု | ။ | ၂၃၁၆ |
| ၇။ | ပဲမှုန့်စိမ်း | ။ | ၁၉၈၀ |
| ၈။ | ဆန်မှုန့်စိမ်း | ။ | ၁၉၈၀ |
| ၉။ | ဆန်ကွဲ | တင်း | ၂၄ |

**တင်ဒါအမှတ် (၂/၂၀၁၆)**

| | | | |
|---|---|---|---|
| ၁။ | ကန်စွန်းရွက် | ပိဿာ | ၂၉၂၀ |

**တင်ဒါအမှတ် (၃/၂၀၁၆)**

| | | | |
|---|---|---|---|
| ၁။ | ကောက်ရိုးအသစ် | ပေါင် | ၁၈၀၀ |
| ၂။ | စက်ထိုးရွှေဘော်စာ | ပိဿာ | ၁၈၀၀ |

တင်ဒါဈေးနှုန်းတင်သွင်းလိုသူများသည် တင်ဒါစည်းကမ်းများကို ရုံးချိန်အတွင်း ဆေးသုတေသနဦးစီးဌာန(ရုံးချုပ်)တွင် စုံစမ်းပြီး ငွေကျပ် ၃၀၀၀(ကျပ်သုံးထောင်)ဖြင့် ဝယ်ယူနိုင်ပါသည်။ တင်ဒါပိတ်ရက်မှာ ၇-၃-၂၀၁၆ရက် ဖြစ်ပါသည်။

**ဆေးသုတေသနဦးစီးဌာန**
**အမှတ် (၅)၊ ဇီဝကလမ်း၊ ဒဂုံမြို့နယ်၊ ရန်ကုန်မြို့။**

■ ကျော်ဖုံးမှ

နိုင်ပွဲရယူနိုင်ခဲ့သည့် ရန်ကုန်အသင်းမှာ တောင်တရုတ်အသင်းကို အိမ်ကွင်းတွင် နှစ်ကြိမ်ဆက် အနိုင်ယူနိုင်ခဲ့ခြင်း ဖြစ်သည်။

ရန်ကုန်အသင်းမှာ အမာခံကစားသမားများဖြစ်သည့် ဇော်မင်းထွန်း၊ ကျော်မင်းဦး၊ ယာမာရှီတာနှင့် သန်းထက်အောင်တို့ ပွဲပယ်နှင့်ဒဏ်ရာရနေသောကြောင့် မပါနိုင်သော်လည်း နိုင်ငံခြားသားကစားသမားသုံးဦးကို အမာခံထားကာ ကျော်ကိုကို၊ ကြည်လင်း၊ ခင်မောင်လွင်တို့ဖြင့် ပွဲထွက်ခဲ့သည်။ ပွဲစကတည်းက နှစ်သင်းစလုံး အပြန်အလှန်ဖိကစားကာ ဂိုးရနိုင်သည့် အခွင့်အရေးများ ရခဲ့သော်လည်း အသုံးမချနိုင်ခဲ့ပေ။ ၁၅ မိနစ်တွင် ရန်ကုန်အသင်း ပယ်နယ်တီပေးခဲ့ရပြီး ရိုင်ယန်ကန်သွင်းရာ ရန်ကုန်ဂိုးသမားကာကွယ်နိုင်ခဲ့သော်လည်း ၄င်းကပင် ထပ်မံပိတ်သွင်းယူခဲ့၍ တောင်တရုတ်အသင်း ဂိုးစတင်ရရှိခဲ့သည်။ တောင်တရုတ်အသင်း၏ ဦးဆောင်မှုမှာ အနည်းငယ်ကြာခဲ့ပြီး ၁၉ မိနစ်တွင် ကျော်ကိုကိုက ချေပဂိုးပြန်လည်သွင်းယူခဲ့သည်။ ဒုတိယပိုင်းတွင် ရန်ကုန်အသင်း အနိုင်ဂိုးရရန် တိုက်စစ်အားမြင့်လာခဲ့ပြီး ၄၈ မိနစ်တွင် မာဆယ်လိုက အနိုင်ဂိုးသွင်းယူခဲ့သည်။ ၅၃ မိနစ်တွင် ရန်ကုန်ကွင်းလယ်လူ ရန်အောင်ကျော် နှစ်ဝါတစ်နီဖြင့် အထုတ်ခံရ၍ ရန်ကုန်အသင်း တစ်ယောက်လျော့သွားခဲ့ပြီး လက်ကျန်မိနစ်များတွင် အနိုင်ရလဒ်ကို ခက်ခက်ခဲခဲ ထိန်းချုပ်ခဲ့ရသည်။

ရန်ကုန်အသင်းသည် အုပ်စုဒုတိယပွဲအဖြစ် မတ် ၉ ရက်တွင် မော်လ်ဒိုက်ကလပ် မာဇီယာအသင်းနှင့် အဝေးကွင်းပွဲစဉ် ကစားရမည်ဖြစ်သည်။

မလေးရှားနိုင်ငံတွင် ယနေ့ မြန်မာစံတော်ချိန် ည ၇ နာရီ ၁၅ မိနစ်က ကစားသောပွဲတွင် လက်ရှိချန်ပီယံ ဂျိုဟိုးဒါရူးလ် (မလေးရှား)က ဧရာဝတီအသင်းကို ရှစ်ဂိုး - တစ်ဂိုးဖြင့် အနိုင်ရခဲ့သည်။ ဧရာဝတီအသင်းမှာ ခံစစ်ပိုင်း အမှားအယွင်းများခဲ့၍ ပေးဂိုးများသွားခြင်းဖြစ်ပြီး ပထမပိုင်းတွင် သုံးဂိုး၊ ဒုတိယပိုင်းတွင် ငါးဂိုးပေးခဲ့ရခြင်းဖြစ်သည်။ ဧရာဝတီအတွက် ချေပဂိုးတစ်ဂိုးကို သီဟဇော်က ခုနစ်မိနစ်တွင် သွင်းယူခဲ့သည်။

# ၂၀၁၆ ခုနှစ် AFC Cup ဘောလုံးပြိုင်ပွဲအုပ်စုပွဲစဉ်များ တိုက်ရိုက်ထုတ်လွှင့်လျက်ရှိ

**နေပြည်တော် ဖေဖော်ဝါရီ ၂၄**

မြန်မာကလပ်အသင်းများ ဖြစ်သည့် ရန်ကုန်အသင်းနှင့် ဧရာဝတီအသင်းတို့ ဝင်ရောက်ယှဉ်ပြိုင်မည့် ၂၀၁၆ ခုနှစ် AFC Cup ပြိုင်ပွဲအုပ်စုပွဲစဉ်များကို ဖေဖော်ဝါရီ ၂၄ ရက်က စတင်ကျင်းပလျက်ရှိသည်။

AFC Cup ပြိုင်ပွဲကို ၃၂ သင်း ဝင်ရောက်ယှဉ်ပြိုင်မည်ဖြစ်ပြီး လေးသင်း ရှစ်အုပ်စုခွဲကာ အိမ်ကွင်း၊ အဝေးကွင်းပုံစံဖြင့် ကျင်းပမည်ဖြစ်သည်။ မတ် ၉ ရက်တွင် ဧရာဝတီယူနိုက်တက်အသင်းနှင့် လာအိုတိုယိုတာ(လာအို)အသင်း၊ မတ် ၁၆ ရက်တွင် ဧရာဝတီယူနိုက်တက်အသင်းနှင့် ဘင်ဂါလူရူး(အိန္ဒိယ)အသင်း၊ ဧပြီ ၁၃ ရက်တွင် ရန်ကုန်ယူနိုက်တက်အသင်းနှင့် မိုဟမ်ဘောဂန် (အိန္ဒိယ) အသင်း၊ ဧပြီ ၂၇ ရက်တွင် ဧရာဝတီယူနိုက်တက်အသင်းနှင့် မလေးရှားကလပ် ဂျိုဟိုဒါရူးလ်အသင်း၊ မေ ၁၁ ရက်တွင် ရန်ကုန်ယူနိုက်တက်အသင်းနှင့် မာဇီယာ (မော်လ်ဒိုက်) အသင်းတို့သည် ရန်ကုန်မြို့ သုဝဏ္ဏအားကစားကွင်း၌ ညနေ ၄ နာရီတွင် စတင်ယှဉ်ပြိုင်ကစားကြမည်ဖြစ်သည်။

မတ် ၉ ရက်တွင် မာဇီယာ (မော်လ်ဒိုက်)အသင်းနှင့် ရန်ကုန်ယူနိုက်တက်အသင်း၊ မတ် ၁၆ ရက်တွင် မိုဟမ်ဘောဂန်(အိန္ဒိယ) အသင်းနှင့် ရန်ကုန်ယူနိုက်တက်အသင်း၊ ဧပြီ ၁၃ ရက် ဒေသစံတော်ချိန် ည ၉ နာရီခွဲတွင် ဘင်ဂါလူရူး (အိန္ဒိယ)အသင်းနှင့် ဧရာဝတီယူနိုက်တက်အသင်း၊ ဧပြီ ၂၇ ရက်တွင် တောင်တရုတ် (ဟောင်ကောင်) အသင်းနှင့် ရန်ကုန်ယူနိုက်တက်အသင်း၊ မေ ၁၁ ရက်တွင် လာအိုတိုယိုတာ(လာအို)အသင်းနှင့် ဧရာဝတီယူနိုက်တက်အသင်းတို့သည် ယှဉ်ပြိုင်ကစားကြမည်ဖြစ်သည်။

အဆိုပါပွဲစဉ်များကို မြန်မာ့ရုပ်မြင်သံကြား News Channel နှင့် မြန်မာ့အသံ ရေဒီယိုအစီအစဉ်တို့မှ တိုက်ရိုက်ထုတ်လွှင့်ပေးသွားမည် ဖြစ်ကြောင်း သိရသည်။

**(သတင်းစဉ်)**

## AFC Cup 2016 ပွဲစဉ်ဇယား

| စဉ် | ပြသမည့် ရက် | ပြသမည့် အချိန် | ယှဉ်ပြိုင်မည့် အသင်းများ | ယှဉ်ပြိုင်မည့်ကစားကွင်း |
|---|---|---|---|---|
| ၁ | ၉-၃-၂၀၁၆ | 4:00 PM | Ayeyawady United vs Lao Toyota Fc | သုဝဏ္ဏအားကစားကွင်း |
| ၂ | ၁၆-၃-၂၀၁၆ | 4:00 PM | Ayeyawady United vs JSW Bengaluru | သုဝဏ္ဏအားကစားကွင်း |
| ၃ | ၁၃-၄-၂၀၁၆ | 4:00 PM | Yangon United vs Mohun Bagan AC | သုဝဏ္ဏအားကစားကွင်း |
| ၄ | ၂၇-၄-၂၀၁၆ | 4:00 PM | Ayeyawady United vs Johor Darul TA'ZIM | သုဝဏ္ဏအားကစားကွင်း |
| ၅ | ၁၁-၅-၂၀၁၆ | 4:00 PM | Yangon United vs Maziya Sports & RC | သုဝဏ္ဏအားကစားကွင်း |
| ၆ | ၉-၃-၂၀၁၆ | 5:30 PM | Maziya Sports &RC vs Yangon United | မော်လ်ဒိုက်နိုင်ငံ |
| ၇ | ၁၆-၃-၂၀၁၆ | 8:00 PM | Mohum Bagan AC vs Yangon United | အိန္ဒိယနိုင်ငံ |
| ၈ | ၁၃-၄-၂၀၁၆ | 8:00 PM | JSW Beljaluru vs Ayeyawady United | အိန္ဒိယနိုင်ငံ |
| ၉ | ၂၇-၄-၂၀၁၆ | 6:30 PM | South China vs Yangon United | ဟောင်ကောင်ဒေသ |
| ၁၀ | ၁၁-၅-၂၀၁၆ | 7:15 PM | Lao Toyota Fc vs Ayeyawady United | လာအိုနိုင်ငံ |

# ချန်ပီယံလိဂ် ၁၆ သင်းအဆင့် ပထမအကျော့ ဘာစီလိုနာအနိုင်ရ၊ ဂျူဗင်တပ်စ်နှင့် ဘိုင်ယန်မြူးနစ် သရေကျ

ယူအီးအက်ဖ်အေ ချန်ပီယံလိဂ် ၁၆ သင်းအဆင့် ပထမအကျော့ပွဲစဉ်များကို ဖေဖော်ဝါရီ ၂၄ ရက် ဗုဒ္ဓဟူးနေ့နံနက်ပိုင်းက ယှဉ်ပြိုင်ကစားခဲ့ရာ အီတလီကလပ် ဂျူဗင်တပ်စ်နှင့် ဂျာမန်ကလပ် ဘိုင်ယန်မြူးနစ်ပွဲတွင် တစ်ဖက်နှစ်ဂိုးစီ သရေရလဒ်ဖြင့်ပြီးဆုံးခဲ့ပြီး အင်္ဂလန်ကလပ် အာဆင်နယ်နှင့် စပိန်ကလပ် ဘာစီလိုနာတို့ပွဲတွင် ဘာစီလိုနာအသင်း အင်္ဂလန်မြေ၌ နှစ်ဂိုး-ဂိုးမရှိဖြင့် အနိုင်ရရှိခဲ့သည်။

အီတလီမြေတွင် ယှဉ်ပြိုင်ကစားခဲ့သည့် ဂျူဗင်တပ်စ်နှင့် ဘိုင်ယန်မြူးနစ်ပွဲတွင် ဂျူဗင်တပ်စ်အသင်း ၄-၄-၂ ကစားကွက်ဖြင့် ပွဲထွက်လာပြီး ဧည့်သည် ဘိုင်ယန်မြူးနစ်မှာ ၃-၃-၃-၁ ပုံစံဖြင့် ပွဲထွက်ခဲ့သည်။ ပထမပိုင်း ပွဲပြီးခါနီး ၄၃ မိနစ်တွင် သောမတ်စ်မူလာက ဘိုင်ယန်အတွက် ဦးဆောင်ဂိုး သွင်းယူခဲ့သည်။ ဒုတိယပိုင်း ၅၅ မိနစ်တွင် ဝါရင့်ကစားသမား အာဂျန်ရော်ဘင်က ဘိုင်ယန်အတွက် ဒုတိယဂိုးသွင်းယူခဲ့သည်။ **(အောက်ပုံ)** အိမ်ရှင် ဂျူဗင်တပ်စ်အသင်း ချေပဂိုးရရန် ပြန်လည်တိုက်စစ်ဆင်ခဲ့ရာ ပွဲချိန် ၆၃ မိနစ်တွင် မန်ဇူကစ်ဖန်တီးပေး၍ ဒိုင်ဘာလာက ချေပဂိုးတစ်ဂိုး သွင်းယူခဲ့သည်။ ပွဲချိန် ၇၆ မိနစ်တွင် လူစားဝင်လာသော စတူရာရိုက ဒုတိယမြောက် ချေပဂိုးသွင်းယူခဲ့သည်။

အခြားပွဲစဉ်အဖြစ် အင်္ဂလန်မြေ အမ်းမရိတ်ကွင်း၌ ယှဉ်ပြိုင်ကစားခဲ့သည့် အိမ်ရှင် အာဆင်နယ်အသင်းမှာ ၄-၂-၃-၁ ပုံစံဖြင့်လည်းကောင်း၊ ဘာစီလိုနာအသင်းမှာ ၄-၃-၃ ပုံစံဖြင့်လည်းကောင်း ပွဲထွက်ခဲ့ကြသည်။ ယင်းပွဲ၌ နှစ်သင်းစလုံး ပထမပိုင်းတွင် ဂိုးမသွင်းနိုင်ခဲ့ကြပေ။ ဒုတိယပိုင်း ၇၁ မိနစ်တွင် နေမာ ဖန်တီးပေးမှုဖြင့် တိုက်စစ်မှူး မက်ဆီက ဘာစီလိုနာအတွက် ဦးဆောင်ဂိုး သွင်းယူခဲ့သည်။ ပွဲချိန် ၈၄ မိနစ်တွင် ဘာစီလိုနာအသင်း ပယ်နယ်တီကန်ခွင့်ရကာ မက်ဆီက ဘာစီလိုနာအတွက် ဒုတိယမြောက်ဂိုး သွင်းယူခဲ့သည်။ ပွဲပြီးချိန်တွင် ဘာစီလိုနာအသင်း နှစ်ဂိုး-ဂိုးမရှိဖြင့် အဝေးကွင်းတွင် နိုင်ပွဲရရှိခဲ့သည်။ ယင်းပွဲတွင် ဘာစီလိုနာအသင်း ဘောလုံးပိုင်ဆိုင်မှုအသာစီးဖြင့် ဂိုးကန်သွင်းခွင့် ၁၀ ကြိမ်အနက် လေးကြိမ်သာ ဂိုးပေါက်တည့်ခဲ့သည်။ အာဆင်နယ်အသင်းမှာ သုံးကြိမ်သာ ကန်သွင်းခွင့်ရခဲ့ပြီး နှစ်ကြိမ်ဂိုးပေါက်တည့်ခဲ့သည်။

■ သီဟ




# မင်္ဂလာညှော်ခံပွဲ ကျေးဇူးတင်လွှာ

ပဲခူးတိုင်းဒေသကြီး၊ ဒိုက်ဦးမြို့နေ (ဦးမြင့်သိန်း)-ဒေါ်သန်းသန်း(ဖျုံညီနောင်ဆေးတိုက်)တို့၏ သားငယ်

**မောင်ဟိန်းသူမြင့်(ခ)စည်သူ**

**B.Sc(Construction Projects Management)Heriot Watt University(UK)**

**M.Eng(Engineering Management),University of South Australia**

**Project Engineer(Rotary Engineering Pte Ltd.,Singapore)**

နှင့်

ရန်ကုန်မြို့နေ ဦးစိုးတင့်-ပါမောက္ခချုပ်(ငြိမ်း)(ပြည်ထောင်စုတိုင်းရင်းသားလူမျိုးများဖွံ့ဖြိုးရေးတက္ကသိုလ်)-ဒေါ်ခင်ဝင်းကြည်တို့၏ သမီးကြီး

**မခင်မေအောင်(ခ)ကေဇင်စိုးတင့်**

**B.E(Civil)**

**M.Sc(System & Projects Management)Nanyang Technological University,Singapore**

**Executive Engineer(ECON Healthcare Pte Ltd.,Singapore)**

တို့၏၁၄-၂-၂၀၁၆ရက် Sule Shangri-La Hotel(Myanmar Ballroom)တွင် ကျင်းပသည့် မင်္ဂလာညှော်ခံပွဲတွင် မင်္ဂလာအောင် စံပယ်ပန်းကုံးချီးမြှင့်ပေးပါသော သမ္မတရုံးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး၊ နေပြည်တော်ကောင်စီဥက္ကဋ္ဌ၊ နေပြည်တော်မြို့တော်ဝန် ဦးသိန်းညွန့်နှင့်ဇနီး ဒေါ်ကျင်ခိုင်၊ အောင်မင်္ဂလာလက်စွပ်ချီးမြှင့်ပေးပါသော ဒုတိယဗိုလ်ချုပ်ကြီး သက်နိုင်ဝင်း(ငြိမ်း)နှင့်ဇနီး ဒေါ်မြင့်မြင့်စိုးတို့အားလည်းကောင်း၊ မင်္ဂလာအခမ်းအနားသို့ ကြွရောက်ချီးမြှင့်ပေးကြပါသော ပြည်ထောင်စုဝန်ကြီး(ငြိမ်း)ဗိုလ်ချုပ်စိုးနိုင်(ငြိမ်း)နှင့်ဇနီး ဒေါ်တင်တင်လတ်၊ ဒုတိယဗိုလ်ချုပ်ကြီး သူရမြင့်အောင်(ငြိမ်း)တို့အားလည်းကောင်း၊ ကိုယ်တိုင်မတက်ရောက်နိုင်သော်လည်း မင်္ဂလာလက်ဖွဲ့များ ပေးပို့ချီးမြှင့်ပေးကြပါသော တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်နှင့်ဇနီး ဒေါ်ကြူကြူလှ၊ ပြည်ထောင်စုဝန်ကြီးများနှင့်ဇနီးများ၊ ဧရာဝတီတိုင်းဒေသကြီး အစိုးရအဖွဲ့ဝန်ကြီးချုပ် ဦးသိန်းအောင်နှင့်ဇနီး ဒေါ်ခင်ဌေးမြင့်၊ ဒုတိယဝန်ကြီးများနှင့်ဇနီးများအားလည်းကောင်း၊ မင်္ဂလာအခမ်းအနားသို့ ကြွရောက်ချီးမြှင့်ပေးကြပါသော လူကြီးမင်းများနှင့် ဆွေမျိုးမိတ်သင်္ဂဟများအားလည်းကောင်း၊ စစ်တက္ကသိုလ်အမှတ်စဉ်(၁၉)မှသူငယ်ချင်း မိသားစုများအားလည်းကောင်း၊ နယ်စပ်ရေးရာဝန်ကြီးဌာန၊ ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနနှင့်(ယခင်)စည်ပင်သာယာရေးဦးစီးဌာနများမှ ဝန်ထမ်းမိသားစုများအားလည်းကောင်း၊ မင်္ဂလာအခမ်းအနားမှူးအဖြစ်ဆောင်ရွက်ပေးပါသော ဦးသန်းမြတ်စိုး၊ မင်္ဂလာအခါတော်ပေးသီဆိုပေးပါသော ပန်းအိဖြူ၊ မင်္ဂလာပန်းခြင်းကိုင်ဆောင်ပေးပါသော သားငယ်မြင့်မြတ်သုခနှင့် သမီးငယ် သြမြတ်ရတီခေတ်၊ မင်္ဂလာပန်းကြဲပေးပါသော နှင်းဝတ်ရည်စိုး၊ မင်္ဂလာအောင်စံပယ်ပန်းကုံးဗန်းနှင့် မင်္ဂလာလက်စွပ်ဗန်းကိုင်ဆောင်ပေးပါသော နှင်းအိရွှေရည်နှင့်မေသီရိဇော်၊ မင်္ဂလာသတို့သားအရံများဖြစ်သော မော်လ်ဒယ်၊ သရုပ်ဆောင် အိမ်စည်နှင့်သော်နေဇင်၊ မင်္ဂလာသတို့သမီးအရံများဖြစ်သော ဆုပြည့်သဒ္ဓါနှင့်အေးကြည်သာဆွေ၊ မင်္ဂလာဝတ်စုံဖန်တီးချုပ်လုပ်ပေးပါသော မိတ်ကပ်ခင်စန်းဝင်းနှင့်ရွှန်းလက်ပိုင်(Turning Point Design School)၊ မိတ်ကပ်ဆံပင်အလှဆင်ပေးပါသော မိတ်ကပ်မေဦးနှင့်အဖွဲ့၊ မင်္ဂလာတေးသံသာများဖြင့် သီဆိုဖျော်ဖြေပေးပါသောNightingale Band၊ ဓာတ်ပုံနှင့်ဗီဒီယိုမှတ်တမ်းတင်ပေးပါသော 7 Picture Photo Studio၊ မင်္ဂလာအခမ်းအနားပြင်ဆင်ပေးပါသော မြေးဦးခင်နှင့် နိုးနိုးအဖွဲ့၊ မင်္ဂလာဖိတ်စာဒီဇိုင်းဖန်တီး ပုံနှိပ်ပေးပါသော Unique၊ တည်းခင်းဧည့်ခံပေးပါသော Sule Shangri-La Hotel မှ မန်နေဂျာနှင့်ဝန်ထမ်းများ၊ ၁၄-၂-၂၀၁၆ ရက် Royal Green River Cruiseတွင် ကျင်းပပြုလုပ်သော မင်္ဂလာညစာစားပွဲ(Blue Night Party)အား ကြွရောက်ချီးမြှင့်ပေးပါသော လူကြီးမင်းများ၊ ဆွေမျိုးမိတ်သင်္ဂဟများနှင့် သူငယ်ချင်းများအားလည်းကောင်း၊ အခမ်းအနားမှူးနှင့် ပျော်ရွှင်ဖွယ် Games များ ဖန်တီးပေးပါသော ကိုမောင်မောင်အေး(Dream Boat)နှင့်အဖွဲ့၊ DJသော်သော်၊ တည်းခင်းဧည့်ခံပေးပါသောRoyal Green River Cruise မှ မန်နေဂျာနှင့်ဝန်ထမ်းများအားလည်းကောင်း၊ ၁-၁-၂၀၁၆ရက် စင်ကာပူနိုင်ငံ Marina Bay Sands Hotel တွင် ကျင်းပပြုလုပ်ခဲ့သည့် မင်္ဂလာလက်မှတ်ရေးထိုးပွဲတွင် အသိသက်သေအဖြစ် လက်မှတ်ရေးထိုးပေးပါသော စင်ကာပူနိုင်ငံဆိုင်ရာ မြန်မာသံအမတ်ကြီး ဦးဌေးအောင်နှင့်ဦးခင်မောင်မြင့်(Technical Director,Rotary Engineering Pte Ltd.)တို့ အားလည်းကောင်း၊ မင်္ဂလာညှော်ခံပွဲတွင် အခမ်းအနားမှူးအဖြစ် ဆောင်ရွက်ပေးကြပါသော Donနှင့် မခင်နှင်းဆီတို့အားလည်းကောင်း၊ အစစအရာရာဝိုင်းဝန်းကူညီဆောင်ရွက်ပေးကြပါသော သူငယ်ချင်းမိတ်ဆွေများအားလည်းကောင်း၊ တည်းခင်းဧည့်ခံပေးပါသော Marina Bay Sands Hotelမှ မန်နေဂျာနှင့် ဝန်ထမ်းများအားလည်းကောင်း၊ ၆-၂-၂၀၁၆ရက် ဒိုက်ဦးမြို့ မြို့ဦး စာသင်တိုက်တွင် ကျင်းပပြုလုပ်သည့် မင်္ဂလာဦးဆွမ်းကျွေးအခမ်းအနားတွင် ကြွရောက်ချီးမြှင့်ပေးကြပါသော လူကြီးမင်းများနှင့် ဆွေမျိုးမိတ်သင်္ဂဟများအားလည်းကောင်း၊ အဘက်ဘက်မှ ဝိုင်းဝန်းကူညီပေးကြသော နှစ်ဖက်ဆွေမျိုးမိတ်သင်္ဂဟအားလုံးနှင့် ကျေးဇူးတင်ထိုက်သည့် ပုဂ္ဂိုလ်များအားလည်းကောင်း လှိုက်လှဲစွာ ကျေးဇူးဥပကာရတင်ရှိပါကြောင်း။

**နှစ်ဖက်သော မိဘများနှင့်**

**မောင်ဟိန်းသူမြင့်(ခ)စည်သူ-မခင်မေအောင်(ခ)ကေဇင်စိုးတင့်**

# သက်ကြီးရွယ်အိုများနှင့်တက္ကသိုလ်ဝင်တန်းတွင် ထူးချွန်စွာအောင်မြင်သူများကို ချီးမြှင့်




**ပျဉ်းမနား ဖေဖော်ဝါရီ ၂၄**

ပျဉ်းမနားမြို့နယ်အသင်း (ရန်ကုန်)အား အမှူးထား၍ အသင်း၏နာယက သံအမတ်ကြီး ဒေါက်တာလှမောင်(ဒေါက်တာလှမောင် ဖောင်ဒေးရှင်း)က အသက် ၈၀ နှင့်အထက် ဘိုးဘွားများအား ဂုဏ်ပြုခြင်း အခမ်းအနားကို ဖေဖော်ဝါရီ ၂၁ ရက်က ပျဉ်းမနားမြို့ မင်္ဂလာကန်တော်ခန်းမ၌ ကျင်းပခဲ့သည်။

အခမ်းအနားတွင် ပျဉ်းမနားမြို့နယ် ဦးမှတ်ကြီးက အမှာစကားပြောကြား၍ သံအမတ်ကြီး(ငြိမ်း) ဒေါက်တာလှမောင်(ဒေါက်တာလှမောင်ဖောင်ဒေးရှင်း ဥက္ကဋ္ဌ)က ဂုဏ်ပြုပွဲကျင်းပရခြင်းရည်ရွယ်ချက်ကို ရှင်းလင်းပြောကြားခဲ့သည်။

ထို့နောက် အသက်(၈၀)နှင့်အထက် သက်ကြီးရွယ်အို ဘိုးဘွား ၉၈ ဦးကို ဂုဏ်ပြုကြသည်။ ဆက်လက်၍ ၂၀၁၄-၂၀၁၅ ပညာသင်နှစ် တက္ကသိုလ်ဝင်တန်း စာမေးပွဲတွင် ဂုဏ်ထူးများဖြင့် ထူးချွန်စွာအောင်မြင်ခဲ့ကြသော ကျောင်းသား ကျောင်းသူ ၃၄ ဦးကို တာဝန်ရှိသူများက ချီးမြှင့်ခဲ့ကြောင်း သိရသည်။

**မင်းမင်းလတ်(မန်းတက္ကသိုလ်)**

# ထွန်းဖောင်ဒေးရှင်းဘဏ်၏ Best Painting of the Year 2015 ပြိုင်ပွဲပြပွဲ အခမ်းအနားကျင်းပ

**ရန်ကုန် ဖေဖော်ဝါရီ ၂၄**

ထွန်းဖောင်ဒေးရှင်း ဘဏ်၏ သတ္တမအကြိမ်မြောက် Best Painting of the Year 2015 ပြိုင်ပွဲပြပွဲ အခမ်းအနားကို ဖေဖော်ဝါရီ ၂၁ ရက်က ရန်ကင်းမြို့နယ်ရှိ မြန်မာနိုင်ငံဘဏ်များအသင်း အဆောက်အအုံ၌ ကျင်းပသည်။

အခမ်းအနားတွင် ဘဏ်ဥက္ကဋ္ဌ ဦးသိန်းထွန်းက အမှာစကားပြောကြားပြီး ပြိုင်ပွဲပြပွဲ ကျင်းပရေးကော်မတီဥက္ကဋ္ဌ ပန်းချီကြည်ဝင်း (Today) နှင့် အတွင်းရေးမှူး ဦးပြည်ကျော်ဟန်တို့က ပြိုင်ပွဲနှင့်စပ်လျဉ်း၍ ရှင်းလင်းပြောကြားကြသည်။

ပြိုင်ပွဲပြပွဲတွင် မြန်မာနိုင်ငံတစ်နိုင်ငံလုံးမှ ခေတ်ပြိုင်ပန်းချီဆရာ ၂၀၀ ကျော်တို့၏ လက်ရာ ပန်းချီကား ၃၀၀ ကျော် ပါဝင်ပြသထားသည်။ ပန်းချီချစ်မြတ်နိုးသူများအနေဖြင့် ဝယ်ယူလိုပါကလည်း ဖေဖော်ဝါရီ ၂၈ ရက်အထိ ဝယ်ယူနိုင်ကြောင်း သိရသည်။

ပြိုင်ပွဲအကဲဖြတ် ဒိုင်များအဖြစ် ပြည်ပမှ ပန်းချီပညာရှင်များက ပါဝင်အကဲဖြတ်ပေးကြမည်ဖြစ်ပြီး ဆုချီးမြှင့်ပွဲအခမ်းအနားကို ဖေဖော်ဝါရီ ၂၈ ရက် နံနက် ၉ နာရီတွင် ယင်းအဆောက်အအုံ၌ ကျင်းပမည်ဖြစ်ကြောင်း သိရသည်။

**ရွှေတိုင်သား**

# ဂွေ့သရောက်မြို့နယ်၌ တပြားဆည်ရေဖြင့် စိုက်ပျိုးရေးလုပ်ငန်းများ အောင်မြင်ဖြစ်ထွန်း



**ဂွေ့သရောက် ဖေဖော်ဝါရီ ၂၄**

မန္တလေးတိုင်းဒေသကြီး ဂွေ့သရောက်မြို့ အမှတ်(၂)ရပ်ကွက်နေပြည်သူများသည် မိမိတို့ရပ်ကွက်အနီးရှိ တပြားဆည်ကြီးမှ စိုက်ပျိုးရေကို အမှီပြု၍ မိသားစုတစ်ပိုင်တစ်နိုင် စိုက်ပျိုးရေးလုပ်ငန်းများ ဆောင်ရွက်လုပ်ကိုင်လျက်ရှိကြောင်း သိရသည်။ ထိုသို့ မိသားစုတစ်ပိုင်တစ်နိုင် စိုက်ပျိုးရေးလုပ်ငန်းလုပ်ကိုင်ကြသူများတွင် ဘုရားပန်းစိုက်ပျိုးရောင်းချသူများမှာ အောင်မြင်ဖြစ်ထွန်း၍ နေ့စဉ်ဝင်ငွေ ရရှိနေကြောင်း သိရသည်။ (ဓာတ်ပုံ)

ဂွေ့သရောက်မြို့ အမှတ်(၂)ပျဉ်းပင်ရပ်ကွက်အနီးရှိ တပြားဆည်ကြီးကို ယခုနှစ်တွင် ညောင်ဦးမြို့နယ် လယ်ယာစိုက်ပျိုးရေးနှင့် ဆည်မြောင်းဝန်ကြီးဌာနမှ ၂၀၁၄-၂၀၁၅ ဘဏ္ဍာနှစ် ခွင့်ပြုရန်ပုံငွေဖြင့် ဂွေ့သရောက်မြို့နယ်အတွင်းရှိ ဒေသခံပြည်သူများကို သောက်သုံးရေနှင့် စိုက်ပျိုးရေလုံလောက်စွာ ရရှိနိုင်ရေးအတွက် အသစ် ပြန်လည်ပြုပြင်ပေးထားကြောင်း သိရသည်။

ထိုသို့ နိုင်ငံတော်မှ အသစ်ပြန်လည်ပြုပြင်ပေးမှုကြောင့် တပြားဆည်ကြီးတွင် ယခုအချိန်ထိ ရေများရှိနေကာ အမှတ်(၂)ပျဉ်းပင်ရပ်ကွက်မှပြည်သူများ မိသားစုတစ်ပိုင်တစ်နိုင်စိုက်ပျိုးရေးလုပ်ငန်းများ လုပ်ကိုင်ခွင့် ရရှိနေခြင်းဖြစ်ကြောင်း သိရသည်။ **ရဲဝင်းနိုင်(ညောင်ဦး)**

# မိုးရာသီကာလအတွက် နွားစာကောက်ရိုးများ ကြိုတင်စုဆောင်းသူများလာ

**ရေတာရှည် ဖေဖော်ဝါရီ ၂၄**

မိုးရာသီကာလတစ်လျှောက် ကျေးလက်တောင်သူများ၏ လယ်ယာလုပ်ငန်းခွင်သုံး ကျွဲ၊ နွားများအတွက် မရှိမဖြစ်လိုအပ်သည့် ကောက်ရိုးများကို မိုးစပါးရိတ်သိမ်းပြီးကာလမှစတင်ကာ ကြိုတင်စုဆောင်းလာကြသည်ကို တွေ့ရှိရသည်။

ပြောင်းလဲလာသော စိုက်ပျိုးရေးစနစ်များကြောင့် ကောက်ရိုးသန့်သန့် ရရှိနိုင်မှုအခက်အခဲအပြင် ပြောင်းလဲလာသည့် ရာသီဥတုကြောင့်လည်း နွားစာရှားပါလာခြင်းတို့ကို ကာမိစေရန် ကောက်ရိုးများကို စုဆောင်းရခြင်းဖြစ်ကြောင်း တောင်သူတစ်ဦးက ပြောသည်။

"စက်တွေနဲ့ ရိတ်သိမ်းတော့ ကောက်ရိုးကမရတော့ဘူး။ ရတဲ့ကောက်ရိုးကြတော့ ဆီစော်နံလို့ နွားတွေကမစားဘူး။ မိုးတွင်းမှာက ကျွဲ၊ နွားတွေအတွက် အစာကအရေးကြီးတော့ ကောက်ရိုးကို လိုက်ဝယ်တဲ့သူတွေများလာတယ်"ဟု ၄င်းကဆက်လက်ပြောပြသည်။ ကောက်ရိုးပုံများကို ကျေးရွာများအတွင်း၌ မီးဘေးအန္တရာယ်ကြောင့် ထားရှိခြင်းမပြုရဘဲ ရွာအပြင်ဘက်များတွင်သာ စနစ်တကျစုပုံထားကြရသည်ကို တွေ့ရသည်။

**ကိုလွင်(ဆွာ)**

# မီးဘေးသင့်အိမ်ထောင်စုများအတွက် နိုင်ငံသားစိစစ်ရေးကတ်ပြားနှင့် အိမ်ထောင်စုစာရင်း ကွင်းဆင်းဆောင်ရွက်

**လောင်းလုံး ဖေဖော်ဝါရီ ၂၄**

တနင်္သာရီတိုင်းဒေသကြီး လောင်းလုံးမြို့နယ် ကမျှောကြီးကျေးရွာ ဇကရီတောင်ခမ္မာရုံ၌ မီးဘေးသင့်ပြည်သူများ အိမ်ထောင်စုလူဦးရေစာရင်းရှစ်စုမှ နိုင်ငံသားစိစစ်ရေးကတ်ပြားပျောက်ဆုံးသူများကို ဖေဖော်ဝါရီ ၂၃ ရက်က NRC အဖွဲ့နှင့်အတူ One Stop Service ဖြင့် နေ့ချင်းပြီး(အခမဲ့)ကွင်းဆင်းဆောင်ရွက်ခဲ့ကြောင်း သိရသည်။

အိမ်ထောင်စုလူဦးရေစာရင်းနှင့် နိုင်ငံသားစိစစ်ရေးကတ်ပြားတို့ကို တိုင်းဒေသကြီးဦးစီးဌာနမှူး ဒုတိယညွှန်ကြားရေးမှူး ဦးစိုးလွင်၊ ထားဝယ်ခရိုင်ဦးစီးဌာနမှူး လက်ထောက်ညွှန်ကြားရေးမှူး ဦးထွန်းအောင်ကျော်၊ လောင်းလုံးမြို့နယ်ဦးစီးဌာနမှူး ဦးစီးအရာရှိ ဦးမောင်မောင်နှင့်ကျေးရွာအုပ်ချုပ်ရေးမှူး ဦးသက်လွင်တို့က ပေးအပ်ခဲ့ကြောင်း သိရသည်။

**(မြန်မာ့အလင်း)**

## သတင်းတိုများ

### ကျေးလက် ကျောက်ချောလမ်းခင်း

ဧရာဝတီတိုင်းဒေသကြီး ဟင်္သာတခရိုင် လေးမျက်နှာမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ လေးမျက်နှာမြို့နယ်အတွင်းရှိ လေးမျက်နှာ-ညောင်ဝိုင်း-ခမောက်စု ကျောက်ချောလမ်း(၁/၄ မိုင်)ကို ဖေဖော်ဝါရီ ၂၂ ရက်က မြို့နယ်ဦးစီးမှူး ဦးယဉ်မင်းဦးနှင့် ဦးသက်ပိုင်ဝင်း (အငယ်တန်းအင်ဂျင်နီယာ-၃)တို့မှ ကြီးကြပ်ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

အဆိုပါ ကျောက်ချောလမ်းပြီးစီးပါက လေးမျက်နှာ-ညောင်ဝိုင်း-ပိန်းအင်း-ခမောက်စုရှိ ကျေးရွာသူ ကျေးရွာသား ၁၇၅၈၉ ဦးတို့ အဆင်ပြေစွာ သွားလာနိုင်မည်ဖြစ်ကြောင်း သိရသည်။ **မောင်မောင်**

### မြေသားရေလှောင်ကန်ဖွင့်

ရခိုင်ပြည်နယ် ပေါက်တောမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ ပြည်ထောင်စုရန်ပုံငွေဖြင့် ဆောင်ရွက်ခဲ့သော ရွာချောင်းကြီးကျေးရွာ မြေသားရေလှောင်ကန်သစ် ဖွင့်ပွဲကို ဖေဖော်ဝါရီလ တတိယပတ်က ကျင်းပရာ မြို့နယ်အုပ်ချုပ်ရေးမှူး ဦးကျော်စိုးလွင်နှင့် တာဝန်ရှိသူတို့က ဖွင့်လှစ်ပေးခဲ့ကြောင်း သိရသည်။ **(၁၅၇)**

### ကြိမ်၊ ဝါးလက်မှုရက်လုပ်ခြင်းသင်တန်းဖွင့်

ကချင်ပြည်နယ် အသေးစားစက်မှုလက်မှုလုပ်ငန်း ဦးစီးဌာနမှ ဖွင့်လှစ်သည့် ကြိမ်၊ ဝါးလက်မှုရက်လုပ်ခြင်းသင်တန်းဖွင့်ပွဲအခမ်းအနားကို ဖေဖော်ဝါရီ ၂၂ ရက်က ရက်ကန်းနှင့် သက်မွေးပညာသင်တန်းကျောင်းခန်းမ၌ ကျင်းပသည်။

အဆိုပါအခမ်းအနားတွင် ပြည်နယ် စီမံကိန်းနှင့် စီးပွားရေးဝန်ကြီးဌာနဝန်ကြီး ဒေါက်တာ ခင်မောင်ထွန်းက အမှာစကားပြောကြားပြီး သင်တန်းတွင် နည်းပြ ဒေါ်ခင်မြတ်မွန်နှင့် အဖွဲ့ဝင်များက ဖေဖော်ဝါရီ ၂၂ ရက်မှ မတ် ၇ ရက်အထိ သင်တန်းသား သင်တန်းသူ ၂၀ တို့အား ဝါး၊ ကြိမ်တို့ဖြင့် ပြုလုပ်သော မီးခံပြား၊ဆန်ခါ၊ ဆန်ကော၊ ပန်းခြင်း၊ ပလိုင်း ရက်လုပ်နည်းများကို သင်ကြားပေးသွားမည်ဖြစ်ကြောင်း သိရသည်။

**မင်းရာဇာ(မြစ်ကြီးနား)**

### ပိုလီယိုကာကွယ်ဆေး အောင်မြင်စွာတိုက်ကျွေးပြီး

ကချင်ပြည်နယ် တနိုင်းမြို့နယ်တွင် အမျိုးသားကာကွယ်ဆေးတိုက်နေ့များ အထိမ်းအမှတ်အနေဖြင့် မြို့ပေါ်ရပ်ကွက်ခြောက်ခု၊ တပ်ရင်းတပ်ဆွယ်၊ ရပ်ကွက်အုပ်ချုပ်ရေးမှူးရုံး၊ အစည်းအဝေးခန်းမ၊ မိခင်နှင့်ကလေးသားဖွားခန်း၊ စာကြည့်တိုက်နှင့်ဘုန်းကြီးကျောင်း၊ ခရစ်ယာန်ကျောင်းတို့၌ ဖေဖော်ဝါရီ ၂၁ ရက်မှ ၂၂ ရက်အထိ မွေးကင်းစမှ အသက် ငါးနှစ်အရွယ်ကလေးများကို မြို့နယ်ကျန်းမာရေးဦးစီးဌာန၊ မိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်းတို့မှ ဆရာ ဆရာမများက မိမိတာဝန်ကျရာအလိုက် ပိုလီယိုကာကွယ်ဆေးတိုက်ကျွေးခြင်းလုပ်ငန်းများကို အောင်မြင်စွာ ဆောင်ရွက်နိုင်ခဲ့ကြောင်း သိရသည်။

**(မြို့နယ် ပြန်/ဆက်)**

### နွားထိုးကြီးမြို့နယ်အတွင်း မြေရိုင်းဧက ၂၀၀ ကျော်ဖော်ထုတ်

မန္တလေးတိုင်းဒေသကြီး အစိုးရအဖွဲ့၏ အစီအစဉ်ဖြင့် နွားထိုးကြီးမြို့နယ်အတွင်း မြေလွတ်မြေရိုင်းဧက ၂၀၀ ကျော် ဖော်ထုတ်လျက်ရှိကြောင်း သိရသည်။ နွားထိုးကြီးမြို့နယ်တွင် မြေရိုင်းဧက ၁၄၁ ဒသမ ၂၉ ဧကကိုလည်းဆေး ခင်းကြီးရွာအနီးတွင် တောဖောက်ကွင်း၌ ဖော်ထုတ်အပြီး ယခုဒုတိယအကြိမ် ဧက ၇၀ ကို ဆက်လက်ဖော်ထုတ်ခြင်းဖြစ်ကြောင်း သိရသည်။

မန္တလေးတိုင်းဒေသကြီးတွင် တံတားဦး၊ နွားထိုးကြီး၊ စဉ့်ကိုင်၊ မြင်းခြံတို့၌ ဧက ၃၀၀ ကျော် ဖော်ထုတ်နေရာ နွားထိုးကြီးတွင် ဧက ၂၀၀ ကျော် ဖော်ထုတ်နိုင်ပြီဖြစ်ကြောင်း သိရသည်။

**ဌေးမြင့်မောင်**

# ကျေးရွာချင်းဆက်ကွန်ကရစ်တံတား တည်ဆောက်

**ရေစကြို ဖေဖော်ဝါရီ ၂၄**

ပခုက္ကူခရိုင် ရေစကြိုမြို့နယ်တွင် ပခန်းကြီး-ပခန်းငယ်ကျေးရွာချင်းဆက်လမ်းပေါ်ရှိ အမှတ်(၁) နှင့် အမှတ်(၂) ကွန်ကရစ်တံတား နှစ်စင်းသည် ပြီးခဲ့သည့် မြစ်ရေကြီးချိန်က မြစ်ရေတိုက်စားခံရ၍ ပြိုကျပျက်စီးသွားသဖြင့် အဆိုပါပြိုကျပျက်စီးသွားသော ငါးပေအကျယ်ရှိတံတားငယ်များအစား ရေဝင်လမ်းကျယ်၍ ကြာရှည်ခိုင်ခံ့စေရန် အရှည် ပေ ၃၀၊ အကျယ် ၁၄ ပေ၊ အမြင့် ၁၂ ပေရှိ ကွန်ကရစ်တံတားအသစ်နှစ်စင်းကို ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ တည်ဆောက်လျက်ရှိရာ အမှတ်(၁) ကွန်ကရစ်တံတားမှာ ၁၀၀ ရာခိုင်နှုန်းခန့်ပြီးစီးပြီဖြစ်ကာ အမှတ်(၂)တံတားမှာ ၈၀ ရာခိုင်နှုန်းခန့်ပြီးစီးပြီဖြစ်ကြောင်း သိရသည်။

အဆိုပါလမ်းသည် ကျေးရွာချင်းဆက်လမ်းဖြစ်သဖြင့် ပခန်းငယ်ကျေးရွာနှင့် အနီးဝန်းကျင်ရှိကျေးရွာများမှ ပြည်သူများသည် ယင်းလမ်းကိုအသုံးပြုကာ ပခုက္ကူ၊ ရေစကြို၊ မုံရွာ၊ မန္တလေးစသည့်မြို့များသို့ သွားလာနိုင်သော တစ်ခုတည်းသော လမ်းဖြစ်ကြောင်း သိရသည်။

**အိမ့်မွန်ဆွေ(ရေစကြို)**

# ဂျီနီဗာ အပြည်ပြည်ဆိုင်ရာ မော်တော်ကားပြပွဲကြီး

သိပ္ပံစာရေးဆရာကိုကိုအောင်

**အပိုင်း (၂)**

အမေရိကန်ပြည်ထောင်စုနှင့် ဥရောပအမှတ်တံဆိပ် မော်တော်ကားကုမ္ပဏီများသည် ကမ္ဘာ့သက်တမ်းအရှည်ကြာဆုံးနှင့် နည်းပညာအဆင့်အမြင့်မားဆုံးသောကုမ္ပဏီကြီးများဖြစ်ကြသည့်အားလျော်စွာ ၎င်းတို့ထုတ်လုပ်ခဲ့ကြသော အင်ဂျင်မျိုးဆက်တစ်ခုချင်းစီ၏ စွမ်းဆောင်ရည်များ အဆင့်ဆင့်ပြောင်းလဲ တိုးတက်လာခဲ့ပုံကို ဗီဒီယိုဖိုင်များဖြင့်လည်းကောင်း၊ လက်ကမ်းစာစောင်များဖြင့်လည်းကောင်း ပြပွဲလာဧည့်ပရိသတ်များကို ဖြန့်ဝေအသိပေးလျက် ရှိကြသည်။

ထို့ပြင် အဆိုပါကုမ္ပဏီကြီးများက ထုတ်လုပ်ထားကြသည့် နောက်ဆုံးပေါ်နည်းပညာမြင့်အင်ဂျင်မျိုးဆက်တို့၏ စွမ်းရည်ကို ပြပွဲလာပရိသတ်များလွယ်လင့်တကူ ကြည့်ရှုလေ့လာနိုင်အောင် အင်ဂျင်အတွင်းပိုင်း စက်ပစ္စည်းများအားလုံး၏ အသေးစိတ်လှုပ်ရှား လည်ပတ်နေပုံအား ထွင်းဖောက်မြင်နေရသည့် နမူနာပုံစံများဖြင့်လည်း ပြသထားကြသည်။

အချို့သောအမှတ်တံဆိပ် မော်တော်ကားပြခန်းများ၌မူ ယင်းတို့၏ကိုယ်ပိုင်မူပိုင်ဖြင့် ထုတ်လုပ်အသုံးပြုလျက်ရှိကြသော အမောင်းသင်ယာဉ်အတုနှင့် လေ့ကျင့်ရေးယာဉ်အတု(Simulators)များကို ခင်းကျင်းပြသထားကြပြီး ပြပွဲလာဧည့်ပရိသတ်များအနေဖြင့် ကွန်ပျူတာထိန်းချုပ်စနစ်သုံး အဆိုပါ လေ့ကျင့်ရေးယာဉ်အတုများကို စမ်းသပ်မောင်းနှင်နိုင်ကြသည်။

ထို့ပြင် မော်တော်ကားပုံစံတစ်မျိုးချင်းစီအလိုက် ထုတ်လုပ်ထားကြသော ယာဉ်ကိုယ်ထည်အခွံသီးသန့်ကိုလည်း ခင်းကျင်းထားခြင်းဖြင့် ၎င်းတို့ ထုတ်လုပ်ထားကြသည့် မော်တော်ကားများ၏ လုံခြုံစိတ်ချရမှုနှင့် ကြံ့ခိုင်မှုတို့ကို ထုတ်ဖော်ပြသထားလေ့ရှိကြသည်။ ခင်းကျင်းပြသထားကြသော မော်တော်ကားအများစုသည် အလိုအလျောက် အရှိန်ပြောင်းစနစ် (Automatic Transmission) နှင့် စိတ်ကြိုက်အရှိန်ပြောင်းစနစ် (Manual Transmission) နှစ်ခုစလုံးကို ပူးတွဲတပ်ဆင်ထားကြသလို ဂြိုဟ်တုလမ်းပြမြေပုံစနစ် (Global Positioning System) နှင့် Wi-Fi ချိတ်ဆက်အသုံးပြုနိုင်သောစနစ်တို့ကိုပါ ထည့်သွင်းတည်ဆောက်ထုတ်လုပ်ထားကြသည်။

ပြပွဲခန်းမ (၂)ထဲ၌ ဂျပန်အမှတ်တံဆိပ်ဖြစ်သော မစ်ဆူဘီရှီမော်တော်ကားများကို ဥရောပအမှတ်တံဆိပ်ဖြစ်သည့် Quant မော်တော်ကားပြခန်းနှင့် ကပ်လျက်၌လည်းကောင်း၊ Subaru အမှတ်တံဆိပ် မော်တော်ကားများကို ဥရောပအမှတ်တံဆိပ် Seat မော်တော်ကားပြခန်းနှင့်ကပ်လျက်၌လည်းကောင်း တွေ့မြင်နိုင်သလို တောင်ကိုရီးယားအမှတ်တံဆိပ်ဖြစ်သည့် Hyundai မျိုးဆက်သစ်မော်တော်ကားများကိုလည်း ကမ္ဘာကျော် Lamborghini အမှတ်တံဆိပ် မော်တော်ကားပြခန်းနှင့် ကပ်လျက်၌ ခင်းကျင်းပြသထားသည်ကို တွေ့ရှိနိုင်သည်။

ပြပွဲခန်းမ (၁)ထဲ၌ ကမ္ဘာကျော် မော်တော်ကားတာယာ အမှတ်တံဆိပ်များဖြစ်ကြသည့် Goodyear နှင့် Dunlop တို့ကလည်း ယင်းတို့၏ မျိုးဆက်သစ်တာယာများကို မော်တော်ကားပြခန်းများနှင့်အပြိုင် ခင်းကျင်းပြသထားသည်ကို တွေ့ရှိနိုင်သည်။ မြန်နှုန်းမြင့်မောင်းနှင်သည့်အခါ လမ်းကတ္တရာသားသို့တည်းမဟုတ် ကွန်ကရစ်မျက်နှာပြင်တို့နှင့် ထိတွေ့ပွတ်တိုက်မှုကြောင့် ထွက်ပေါ်လာသည့် ဆူညံသံများကို လျော့ကျအောင်ပြုလုပ်ပေးသည့်နည်းပညာဖြင့် ထုတ်လုပ်ထားသော တာယာများ၊ ရေလျှံလမ်းများပေါ်သို့ ဖြတ်သန်းမောင်းနှင်သည့်အခါ ယှဉ်တွဲမောင်းနှင်နေသော အခြားမော်တော်ကားများနှင့် ဘေးပတ်ဝန်းကျင်တို့သို့ ရေများမစင်နိုင်အောင် ခေတ်သစ်ဒီဇိုင်းဖြင့် တီထွင်ဖန်တီးထားသော တာယာများ၊ အရေးပေါ်အခြေအနေကြောင့် အမြန်ခရီးနှင်နေရစဉ်အတွင်း မမျှော်လင့်ဘဲ ရုတ်တရက် တာယာပွင့်ထွက်သည့်တိုင် ရပ်နားရန်မလိုဘဲ နောက်ထပ်ကီလိုမီတာများစွာ ခရီးနှင်နိုင်သော Run Flat တာယာများ စသည်တို့ကို ဧည့်ပရိသတ်များ လေ့လာကြည့်ရှုနိုင်အောင် ခင်းကျင်းပြသထားသည်။





Palexpo Convention Complex ၏ ပြပွဲခန်းမ (၄)ထဲ၌ ဂျပန်မော်တော်ကား အမှတ်တံဆိပ်များဖြစ်ကြသော Honda, Lexus, Toyota, Nissan, Isuzu, Mazda, Suzuki မော်တော်ကားများကို အမေရိကန်နှင့် ဥရောပအမှတ်တံဆိပ်များဖြစ်ကြသော Jeep, Tesla, Renault, Lancia, Dodge, RAM, RUF မော်တော်ကားများနှင့်အပြိုင် ခင်းကျင်းပြသထားသည်။ တောင်ကိုရီးယားမော်တော်ကား အမှတ်တံဆိပ်ဖြစ်သော Ssang Yong မော်တော်ကားများကိုလည်း Isuzu ပြခန်းနှင့် ကပ်လျက်တွင် တွေ့ရှိရသည်။

ပြပွဲခန်းမ (၄)ထဲ၌ ခင်းကျင်းပြသထားသော မော်တော်ကားများထဲတွင် ပြပွဲလာပရိသတ်များ အထူးစိတ်ဝင်စားသော ကားအမျိုးအစားအချို့ကိုလည်း သတိပြုမိသည်။ သာဓကအားဖြင့် Honda ကားကုမ္ပဏီမှထုတ်လုပ်သော ဆလင်ဒါခြောက်လုံးပါ V အင်ဂျင်တပ်ဆင်ထားသည့် NSX ဒုတိယမျိုးဆက်တံခါးနှစ်ပေါက်မော်တော်ကား၊ ဆလင်ဒါလေးလုံးပါ ၂၀၀၀ စီစီ အင်ဂျင်တပ်ဆင်ထားသည့် Civic Type-R ၊ ၁၃၀၀ စီစီ အင်ဂျင်တပ်မျိုးဆက်သစ် Honda Jazz၊ SUV နှင့် Coupe တို့၏ သဘာဝနှစ်မျိုးကို ပေါင်းစပ်ထားသော Honda HR-V တို့သည် ပရိသတ်များ၏ အထူးစိတ်ဝင်စားခြင်းကို ခံကြရသည်။

ထို့အတူ ဆလင်ဒါရှစ်လုံးပါ ၅၀၀၀ စီစီ V အင်ဂျင်ကို တပ်ဆင်ထားသော Lexus GS-F ဆလွန်းကားနှင့် LF - C2 Concept အမိုးဖွင့်ကားတို့ကိုလည်း ပရိသတ်များက အထူးစိတ်ဝင်တစား ကြည့်ရှုကြသည်။ အလားတူပင် Nissan အမှတ်တံဆိပ် တံခါးနှစ်ပေါက်ပါ GT-R Track Edition ကား၏ တစ်မူထူးခြားသောပုံစံကလည်း ပြပွဲလာပရိသတ်များကို စိတ်ဝင်တစား လေ့လာကြည့်ရှုဖြစ်အောင် ဆွဲဆောင်ထားလျက်ရှိသည်။

Nissan ပြခန်းထဲ၌ ပြသထားသော Pulsar 1.6 DIG-T နှင့် ဥရောပနိုင်ငံသားတို့အကြိုက် ထုတ်လုပ်ထားသော e-NV200 Evalia ခုနစ်ယောက်စီးလျှပ်စစ်ကားတို့ကိုလည်း ပရိသတ်များက စိတ်ဝင်တစား ကြည့်ရှုကြသည်။

ကားအမျိုးမျိုးတို့ကို အပြိုင်အဆိုင်ပြသထားသော ပြခန်းအမှတ် (၄)ထဲတွင် ခံ့ညားသောဟန်ပန်ဖြင့် ပရိသတ်တို့ကို ညို့ယူဖမ်းစားနေသော မော်တော်ကားတစ်စီးကိုလည်း တွေ့ရှိရသည်။ ယင်းသည်ကား ပြင်သစ်အခြေစိုက် မော်တော်ကားကုမ္ပဏီကြီးဖြစ်သော Renault မှ ထုတ်လုပ်သည့် Kadjar ကားပင် ဖြစ်သည်။ အလျား ၄ ဒသမ ၄၅ မီတာ ရှိသော Kadjar သည် SUV အမျိုးအစား ဖြစ်ပြီး ရှေ့ဘီးယက်စနစ်နှင့် လေးဘီးယက်စနစ် နှစ်မျိုးအနက် နှစ်သက်ရာကို ရွေးချယ်မှာကြားနိုင်အောင် စီစဉ်ပေးထားသည်။

အဆိုပါ ပြခန်းအမှတ် (၄)ထဲတွင် မြန်မာတို့နှင့် ရင်းနှီးကျွမ်းဝင်ပြီးဖြစ်သော Suzuki Vitara ၏ ပုံစံသစ်ကို အခြားသော Suzuki တံဆိပ်ခွဲများ ဖြစ်ကြသည့် Celerio Concepts iK-2 နှင့် Concepts iM-4 တို့နှင့်အတူ ယှဉ်တွဲပြသထားသည်။ Suzuki Celerio သည် အလျား ၃ ဒသမ ၆ မီတာ မျှသာရှိပြီး ဆလင်ဒါသုံးလုံးတပ် ၁၀၀၀ စီစီ အင်ဂျင်ကိုတပ်ဆင်ထားကာ လောင်စာဆီကုန်ကျနှုန်းအနေဖြင့် ကီလိုမီတာတစ်ရာခရီးတာအတွက် ဓာတ်ဆီ ၃ ဒသမ ၆ လီတာမျှသာ ရှိသည့်အတွက် အိမ်ရှင်မများနှင့် တက္ကသိုလ် ကျောင်းသားကျောင်းသူများက အထူးစိတ်ဝင်စားကြသည်။

တိုယိုတာပြခန်းထဲ၌လည်း စိတ်ဝင်စားဖွယ်ကောင်းသော ကားတစ်စီးကို တွေ့မြင်ရသည်။ ဟိုက်ဒရိုဂျင် လောင်စာရည်သုံး Toyota Mirai တံခါးလေးပေါက်ပါ ဆီဒင်ကားကလေးဖြစ်ပြီး ဥရောပဈေးကွက်အတွက် ရည်မှန်းထုတ်လုပ်ထားသော Fuel Cell ကား ဖြစ်သည်။ ၂၀၁၄ ခုနှစ်အထိ နမူနာရှေ့ပြေးပုံစံအဖြစ်သာ ရှိနေခဲ့ပြီး ၂၀၁၅ ခုနှစ်ရောက်မှသာ လက်တွေ့စီးနင်းအသုံးပြုနိုင်သော Mirai ဆီဒင်ကို ဟိုက်ဒရိုဂျင်လောင်စာ အပြည့်ဖြည့်တင်းရန် အချိန်သုံးမိနစ်သာပေးရပြီး ဖြည့်တင်းထားသော လောင်စာရည်အပြည့်ဖြင့် ခရီးအကွာအဝေး ကီလိုမီတာ ၄၈၀ အထိ လွတ်လပ်ပေ့ါပါးစွာမောင်းနှင်နိုင်သော ခေတ်သစ်ပုံစံကားတစ်စီးဖြစ်သည်။

ထိုပြခန်းထဲ၌ပင် ဆွစ်ဇာလန် ဈေးကွက်အတွက် ရည်ရွယ်ထုတ်လုပ်ထားသော Toyota အမှတ်တံဆိပ် RAV-4 နှင့် Verso Swiss Trend တို့ကိုလည်း ယှဉ်လျက်ပြသထားသည်။ လေးဘီးယက်ကားများဖြစ်ကြသော အဆိုပါ ကားနှစ်စီးသည် SUV နှင့် MPV တို့ ဖြစ်ကြပြီး အဆင့်အတန်းမြင့်မြင့် စီးနင်းအသုံးပြုနိုင်အောင် တပ်ဆင်ထုတ်လုပ်ပေးထားသည့်အတွက် ဆွစ်လူမျိုးတို့က အထူးနှစ်သက်ကြသည်။

ပြပွဲခန်းမ (၅)ထဲ၌မူ ကမ္ဘာ့အကောင်းဆုံးနှင့် ဈေးအကြီးဆုံးသော Rolls-Royce အမှတ်တံဆိပ် မော်တော်ကားပြခန်းကို တွေ့ရှိရသည်။ Rolls-Royce ကားအမှတ်တံဆိပ်ကဲ့သို့ပင် လူကုံထံ အသိုင်းအဝိုင်းက နှစ်သက်သော Alfa Romeo အမှတ်တံဆိပ်ကားများကိုလည်း အဆိုပါ ပြပွဲခန်းမ (၅)ထဲ၌ ပြသထားသည်။



Alfa Romeo အမှတ်တံဆိပ် မော်တော်ကားများထဲ၌ လူငယ်ပရိသတ်များ အလွန်နှစ်ခြိုက်သဘောကျသည့် 4C Spider ဟု အမည်ပေးထားသော အမိုးဖွင့် အဝါရောင်မော်တော်ကားကလေးက အလွန်မျက်နှာပန်းပွင့်လျက်ရှိသည်။ ဆလင်ဒါလေးလုံးတပ် ၁၇၅၀ စီစီ တာဘိုအင်ဂျင်ကို တပ်ဆင်ထားသော 4C Spider ကားကလေးသည် အရွယ်အစားအားဖြင့် သေးသွယ်သည်ဟု ထင်ရသော်လည်း အင်ဂျင်၏စွမ်းအားမှာ မြင်းကောင်ရေ ၂၄၀ ရှိသည့်အတွက် မြန်နှုန်းမြင့်စွမ်းအားမြင့် အမျိုးအစားတစ်ခုပင်ဖြစ်သည်။

ပြပွဲခန်းမ (၅)ထဲတွင် အခြား ဥရောပအမှတ်တံဆိပ် မော်တော်ကားများဖြစ်ကြသော Fiat၊ Volvo၊ Land Rover၊ Ferrari၊ Aston Martin၊ Maserati၊ Abarth စသော မော်တော်ကား အမှတ်တံဆိပ်များကို ခင်းကျင်းပြသထားသည်။

အဆိုပါ မော်တော်ကားအမှတ်တံဆိပ်များအနက် ပရိသတ်များ၏ စိတ်ဝင်စားမှုကို အထူးရရှိသော မော်တော်ကားမှာ Fiat ကုမ္ပဏီမှ ထုတ်လုပ်သည့် Doblo Trekking ကားငယ်ကလေးပင်ဖြစ်သည်။ သွယ်လျသောပုံစံနှင့် ထူးခြားသော ရှေ့မျက်နှာစာသွင်ပြင်တို့ကို ပေါင်းစပ်ထားသည့် အဆိုပါ ကားငယ်ကလေးသည် တံခါးငါးပေါက်ပါ ခုနစ်ယောက်စီးအမျိုးအစားဖြစ်သည်။ သေးငယ်သွယ်လျသည့် ကားပုံစံနှင့်မလိုက်အောင်ပင် လူခုနစ်ဦးသက်သောင့်သက်သာ စီးနင်းနိုင်သော Fiat Doblo သည် လွန်ခဲ့သော နှစ်ပေါင်းလေးဆယ်နီးပါးခန့်အချိန်ကတည်းက သေးသွယ်သော ကားငယ်ကလေးများ ထုတ်လုပ်မှုပုံစံကို စနစ်တကျပြောင်းလဲနိုင်ခဲ့သည့် Fiat အမှတ်တံဆိပ်၏ဂုဏ်ဒြပ်ကို ဖော်ပြလျက်ရှိနေသည်။

စွန့်စွန့်စားစား ခရီးကြမ်းသွားလိုသူများအတွက် လက်တွေ့အသုံးဝင်မည့် မော်တော်ကားအမှတ်တံဆိပ် တစ်မျိုးဖြစ်သော Land Rover Defender ကားသုံးစီးကိုလည်း Land Rover ပြခန်း၌ တန်းစီလျက် ပြသထားသည်။ Defender ၏ မူဟန်အတိုင်း မျိုးဆက်သစ်အင်ဂျင်များကို တပ်ဆင်ထားပြီး Global Positioning System နှင့်အတူ အာရုံခံကိရိယာအများအပြားကို ထည့်သွင်းတည်ဆောက် တပ်ဆင်ထုတ်လုပ်ထားသည့် Defender ကားများကို ယုံကြည်စိတ်ချစွာ သုံးစွဲနိုင်ကြောင်းကိုလည်း ပြခန်းတာဝန်ခံတို့က အားမာန်အပြည့်ဖြင့် ရှင်းလင်းပြောကြားပေးလျက် ရှိသည်။

Aston Martin မော်တော်ကားပြခန်း၌မူ စွမ်းရည်အလွန်မြင့်မားသော ကားတစ်စီးကို ပြသထားသည်။ Vanquish Carbon Edition ဟု အမည်ပေးထားပြီး ဆလင်ဒါ ၁၂ လုံးပါ V အင်ဂျင်တပ်ဆင်ထားသည့် Coupe အမျိုးအစား ခံ့ညားထည်ဝါသော အဆိုပါ Aston Martin နှစ်ယောက်စီးကားတွင် ၆၀၀၀ စီစီ အရွယ်အစားရှိ ဓာတ်ဆီအင်ဂျင်နှင့်အတူ ဂီယာနှစ်ချက်ပါ အလိုအလျောက်အရှိန်ပြောင်းစနစ်ကို ပူးတွဲတပ်ဆင်ပေးထားသည်။

အလားတူပင် Volvo ပြခန်း၌လည်း SUV အမျိုးအစား XC 90 ကားကို ပြသထားသည်။ Volvo ၏ မူဟန်အတိုင်း လူငါးဦးတို့ လွတ်လပ်ချောင်ချိစွာ စီးနင်းအသုံးပြုနိုင်သော အဆိုပါကားသည် ပြပွဲလာပရိသတ်များ၏ စိတ်ဝင်တစား ကြည့်ရှုလေ့လာခြင်းကိုခံရသည်။ ယာဉ်မောင်းသူနှင့် ရှေ့ခန်း၌ လိုက်ပါစီးနင်းသူတို့ နှစ်ဦးအကြား၌ တပ်ဆင်ထားသည့် Console ၏ ထူးခြားသော ပုံစံသည် အဆိုပါကားကို စိတ်ဝင်စားကြခြင်း၏ အကြောင်းရင်းတစ်ရပ်လည်းဖြစ်သည်။ ။

# လူမှုကူညီရေးအသင်းများ ထမနဲထိုးပြိုင်ပွဲနှင့် စုပေါင်းမော်တော်ဆိုင်ကယ်စီးပွဲကြီး ကျင်းပ

**ညောင်ဦး ဖေဖော်ဝါရီ ၂၄**

ပုဂံရှေးဟောင်းယဉ်ကျေးမှုနယ်မြေဒေသတွင် Royal Bagan Foundation နှင့် နာရေးကူညီမှုအသင်း(ရန်ကုန်)တို့ပူးပေါင်း၍ တိုင်းဒေသကြီးနှင့် ပြည်နယ်အသီးသီးမှ ပရဟိတအဖွဲ့များ ပါဝင်ယှဉ်ပြိုင်သည့် ပထမအကြိမ် မြန်မာ့ရိုးရာထမနဲထိုးပြိုင်ပွဲနှင့် ပုဂံ စုပေါင်းမော်တော်ဆိုင်ကယ်စီးပွဲကြီး (Bagan Myanmar Bike Week)ကို ညောင်ဦးမြို့ မြို့ရှောင်လမ်းရှိ ဦးပေါင်းကျားမြင်းစီးကွင်း၌ ဖေဖော်ဝါရီ ၂၃ ရက်က ကျင်းပခဲ့သည်။

ထမနဲထိုးပြိုင်ပွဲဖွင့်ပွဲတွင်ဆရာတော်အရှင်ဆန္ဒာဓိက(ရွှေပါရမီတောရ)က ဩဝါဒစကား မြွက်ကြားကာ နာရေးကူညီမှုအသင်း(ရန်ကုန်) ဥက္ကဋ္ဌ ဦးကျော်သူနှင့် Royal Bagan Foundation ဥက္ကဋ္ဌ ဦးမျိုးမင်းဦးတို့က ထမနဲထိုးပြိုင်ပွဲ ကျင်းပသည့် ရည်ရွယ်ချက်များကို ပြောကြားပြီး ဆရာတော်အရှင်ဆန္ဒာဓိက၊ ညောင်ဦးခရိုင်အုပ်ချုပ်ရေးမှူး ဦးတင်ထူးမောင်၊ နာရေးကူညီမှုအသင်းဥက္ကဋ္ဌ ဦးကျော်သူ၊ ရွှေပါရမီဖောင်ဒေးရှင်း ဥက္ကဋ္ဌ ဦးရှိန်ဝင်း၊ Royal Bagan Foundation နာယက ဒေါ်ခင်မန်းနှင့် ဖောင်ဒေးရှင်းမှ တာဝန်ရှိသူများက ဖဲကြိုးဖြတ်ဖွင့်လှစ်ပြီး ပြိုင်ပွဲကိုစတင်ပေးခဲ့သည်။



ထမနဲထိုးပြိုင်ပွဲသို့ တိုင်းဒေသကြီးနှင့် ပြည်နယ်အသီးသီးရှိ ခရိုင်နှင့် မြို့နယ်များမှ ပရဟိတလူမှုကူညီရေးအသင်းအဖွဲ့ပေါင်း ၃၇ သင်းက အကြိတ်အနယ် ပါဝင်ယှဉ်ပြိုင်ခဲ့ပြီး ပြိုင်ပွဲဝင်အသင်းများ ထိုးထားသော ထမနဲအချို့ကို ဆရာတော် အရှင်ဆန္ဒာဓိကနှင့် ဒကာ ဒကာမများက ပုဂံရှိတန်ခိုးကြီးဘုရား ၁၁ ဆူအား ထမနဲဆွမ်း လှည့်လည်ကပ်လှူခဲ့ကြောင်းနှင့် ပြိုင်ပွဲသို့ လာရောက်ကြည့်ရှုအားပေးကြသည့် ဧည့်ပရိသတ်များကိုလည်း စတုဒိသာအဖြစ် ကျွေးမွေးဧည့်ခံခဲ့ကြောင်း သိရသည်။ ဆုရရှိသော အသင်းများအား ညနေပိုင်းတွင် ဆုများချီးမြှင့်ခဲ့သည်။

ထမနဲထိုးပြိုင်ပွဲအပြီးတွင် Royal Bagan Foundation နှင့် Myanmar Bike Emperor တို့ ပူးပေါင်းကျင်းပသည့် ပုဂံစုပေါင်းမော်တော်ဆိုင်ကယ်စီးပွဲကြီးကို ဆက်လက်ကျင်းပခဲ့သည်။ ဆိုင်ကယ်စီးပွဲတွင် နာရေးကူညီမှုအသင်းဥက္ကဋ္ဌ ဦးကျော်သူနှင့်ဇနီး၊ Royal Bagan Foundation ဥက္ကဋ္ဌ ဦးမျိုးမင်းဦးနှင့် ဇနီးတို့က မြန်မာနိုင်ငံတစ်ဝန်းမှ ဆိုင်ကယ်ချစ်သူများနှင့်အတူ ဆိုင်ကယ်စီးနင်းမောင်းနှင်၍ မြင်းစီးကွင်းတစ်ပတ် လှည့်လည်ခဲ့သည်။ Bagan Myanmar Bike Week (2016) အထိမ်းအမှတ်အဖြစ် Harley Davidson ဆိုင်ကယ်တစ်စီးကို ကံစမ်းမဲအစီအစဉ်ဖြင့် မဲဖောက်ပေးမည်ဖြစ်ကြောင်း၊ ကံစမ်းမဲလက်မှတ်များကို တစ်စောင်လျှင် ကျပ် ၂၀၀၀ နှုန်းဖြင့် ရောင်းချကြောင်း၊ Bike Week အမှတ်တရအင်္ကျီ၊ ခေါင်းစည်းများကိုလည်း ရောင်းချခဲ့ပြီး ရရှိသည့် အကျိုးအမြတ်များအားလုံးကို ပရဟိတအသင်းများသို့ လှူဒါန်းသွားမည်ဖြစ်ကြောင်း သိရသည်။



ဦးပေါင်းကျားမြင်းစီးကွင်းအတွင်း၌ ပထမအကြိမ် မြန်မာ့ရိုးရာထမနဲထိုးပြိုင်ပွဲကြီးနှင့် ပုဂံစုပေါင်းမော်တော်ဆိုင်ကယ်စီးပွဲကြီးအပြင် ရိုးရာလက်ဝှေ့ပြိုင်ပွဲများ၊ ဖျော်ဖြေရေးအစီအစဉ်များအနေဖြင့် မျက်လှည့်ပြပွဲ၊ ရိုးရာခြင်းလုံးအလှခတ်ပွဲ၊ တိုင်းရင်းသားရိုးရာအကများ၊ ကျောက်ဆည်ဆင်အက၊ ရှမ်းအိုးစည်အကများလည်း ပါဝင်ခဲ့ကြောင်း၊ ညနေပိုင်းတွင်လည်း အဆိုတော် ဇော်ဝင်းထွဋ် ဦးဆောင်သော အင်ပါယာတေးဂီတအဖွဲ့က အခမဲ့ဖျော်ဖြေခဲ့ကြောင်း သိရသည်။ **ရဲသူရအောင်(ညောင်ဦး)**

## မြန်မာ့ရိုးရာ ထမနဲထိုးပြိုင်ပွဲများ မြို့နယ်အသီးသီး၌ စည်ကားစွာကျင်းပ

**မြဝတီ**

ကရင်ပြည်နယ် မြဝတီမြို့ ရွှေမြင်းဝန်စေတီတော်ကြီး၌ မြန်မာ့ရိုးရာ ထမနဲထိုးပြိုင်ပွဲကို ဖေဖော်ဝါရီ ၂၂ ရက်က ကျင်းပခဲ့သည်။ ပြိုင်ပွဲတွင် ခရိုင်အုပ်ချုပ်ရေးမှူး ဦးလွင်ကိုဦးက အမှာစကားပြောကြားပြီး အကဲဖြတ်အဖွဲ့ခေါင်းဆောင် ဒေါက်တာစန်းမြင့်က ပြိုင်ပွဲစည်းကမ်းများနှင့်ပတ်သက်၍ ရှင်းလင်းပြောကြားသည်။

ထို့နောက် ပြိုင်ပွဲဝင်အသင်းများက တပျော်တပါး စုပေါင်းထမနဲထိုး ယှဉ်ပြိုင်ခဲ့ကြပြီး ခရိုင်အုပ်ချုပ်ရေးမှူး ဦးလွင်ကိုဦးနှင့် တာဝန်ရှိသူများက လိုက်လံကြည့်ရှုအားပေးခဲ့ကြသည်။ ထမနဲထိုးပြိုင်ပွဲတွင် ပြိုင်ပွဲဝင်အသင်း ၁၁ သင်း ဝင်ရောက်ယှဉ်ပြိုင်ခဲ့ပြီး ပထမဆုကို ပြည်တွင်းကုန်တင်ကုန်ချဦးစီးဌာနအသင်း၊ ဒုတိယဆုကို မီးသတ်ဦးစီးဌာနအသင်းနှင့် တတိယဆုကို အမျိုးသမီးရေးရာနှင့် မိခင်ကလေး ပူးပေါင်းအသင်းတို့က ရရှိခဲ့ကြောင်း သိရသည်။

**ထိန်လင်းအောင်(ပြန်/ဆက်)**

**ဘားအံ**

ကရင်ပြည်နယ် ဘားအံမြို့ စိုက်ပျိုးရေးသိပ္ပံ(ဇွဲကပင်)၌ ပထမအကြိမ် ထမနဲထိုးပြိုင်ပွဲကို ဖေဖော်ဝါရီ ၂၂ ရက်က ကျင်းပခဲ့ပြီး ပြိုင်ပွဲတွင် စိုက်ပျိုးရေးသိပ္ပံ(ဇွဲကပင်)မှ ပထမနှစ်နှင့် ဒုတိယနှစ် ကျောင်းသား ကျောင်းသူ ၁၅၈ ဦး၊ ဆရာ ဆရာမများနှင့် ဝန်ထမ်းများ စုစုပေါင်း ၂၂၀ က အုပ်စု ငါးစုဖွဲ့၍ အပြိုင်အဆိုင် ထမနဲထိုး ယှဉ်ပြိုင်ခဲ့ကြသည်။ ပြိုင်ပွဲတွင် ဆုရရှိသောအဖွဲ့များကို ကျောင်းအုပ်ဆရာမကြီး ဒေါ်ကြည်ကြည်ချိုနှင့် တာဝန်ရှိသူများက ဆုများချီးမြှင့်ခဲ့ကြသည်။

**စောမျိုးမင်းသိန်း(ပြန်/ဆက်)**

**မန္တလေး**

မန္တလေးတိုင်းဒေသကြီး အမရပူရမြို့နယ်အတွင်း တည်ထားသော ကျောက်စိမ်းစေတီတော်ကြီး၌ စေတီတော်ဂေါပကအဖွဲ့က ကြီးမှူး၍ ထမနဲထိုးပြိုင်ပွဲကို ဖေဖော်ဝါရီ ၂၂ ရက်က ကျင်းပခဲ့သည်။

ပြိုင်ပွဲသို့ ဆင်ရွာ၊ မြင်းမှူးရွာ၊ တပ်ကြီးရွာများမှ ဈေးသူ ဈေးသား အဖွဲ့များ ပါဝင်ယှဉ်ပြိုင်ကြပြီး အမျိုးသားအဖွဲ့ ၁၀ ဖွဲ့နှင့် အပျော်တမ်း အမျိုးသမီးတစ်ဖွဲ့အပါအဝင် စုစုပေါင်း ၁၁ ဖွဲ့ရှိကြောင်း၊ ပြိုင်ပွဲဝင်အဖွဲ့တိုင်းအား စေတီတော်ဂေါပကဥက္ကဋ္ဌ ဦးစိုးနိုင်က ဆုငွေငါးသောင်းကျပ်စီ သီးသန့်ချီးမြှင့်ပြီး ပထမဆုရရှိသော အသင်းကို အောင်မြင်သူကုမ္ပဏီက ကျပ်ငါးသိန်း၊ ဒုတိယဆုရအသင်းကို YGM မန်နေဂျာက ကျပ်သုံးသိန်းနှင့် တတိယဆုရအသင်းကို စေတီတော်ဂေါပကအဖွဲ့က ကျပ်နှစ်သိန်းနှင့် နှစ်သိမ့်ဆု ခုနစ်ဆုအတွက် ကျပ်ငါးသောင်းစီ ချီးမြှင့်ခဲ့ကြောင်း သိရသည်။

**မောင်မောင်စိုး(မြစ်ငယ်)**

**မူဆယ်**

ရှမ်းပြည်နယ် မူဆယ်မြို့နယ် မိုင်းယု(၁၀၅)မိုင် ကုန်တင်ကုန်ချကော်မတီရုံး၌ မြန်မာ့ရိုးရာ ထမနဲထိုးပြိုင်ပွဲကို ဖေဖော်ဝါရီ ၂၁ ရက်က ကျင်းပခဲ့သည်။

"ကျွန်တော်တို့ ထမနဲထိုးပြိုင်ပွဲလုပ်တာ အဓိကအချက်က ကျွန်တော်တို့ အလုပ်သမားတွေ စည်းစည်းလုံးလုံး ဖြစ်စေချင်လို့ပါ။ ဒါကြောင့် ကျွန်တော်နဲ့ ရုံးမှာ တာဝန်ထမ်းဆောင်နေတဲ့ အကြီးအကဲတွေတိုင်ပင်ပြီး အခုလို ကလေးတွေအတွက် ပျော်ပွဲရွှင်ပွဲအဖြစ် ကျင်းပခဲ့တာပါ။ ကျွန်တော်တို့ (၁၀၅)မိုင် ကုန်တင်ကုန်ချကော်မတီရုံးအနေနဲ့ ထမနဲထိုးပြိုင်ပွဲလုပ်တာ နှစ်ကြိမ်ရှိပါပြီ။ နောက်နှစ်တွေမှာလည်း ဒီထက် စည်ကားသိုက်မြိုက်အောင် ကြိုးစားပြီး ကျင်းပသွားမှာပါ"ဟု မူဆယ်မြို့နယ် ကုန်တင်ကုန်ချကော်မတီရုံးမှ ဦးစီးအရာရှိ ဦးဝင်းခိုင်ဦးက ပြိုင်ပွဲကျင်းပသည့် ရည်ရွယ်ချက်ကို ရှင်းပြသည်။

ပြိုင်ပွဲတွင် အဖွဲ့ ၂၀ ဝင်ရောက်ယှဉ်ပြိုင်ပြီး ပထမမှ စတုတ္ထအထိ အဖွဲ့များအား ဆုငွေကျပ်တစ်သိန်း၊ ခုနစ်သောင်း၊ ငါးသောင်းနှင့် သုံးသောင်းစီ ချီးမြှင့်ကာ ကျန်အဖွဲ့များအား နှစ်သိမ့်ဆုအဖြစ် ကျပ်နှစ်သောင်းစီကို ဦးစီးအရာရှိနှင့် တာဝန်ရှိသူများက ချီးမြှင့်ခဲ့သည်။

**သန့်ဇင်(မူဆယ်)**





## မြန်မာ-ထိုင်း နယ်ခြားကော်မတီ အစည်းအဝေးပြုလုပ်

**တာချီလိတ် ဖေဖော်ဝါရီ ၂၄**

မြန်မာ-ထိုင်း မြို့နယ်အဆင့် နယ်ခြားကော်မတီ (၈၅)ကြိမ်မြောက် အစည်းအဝေးကို မြန်မာဘက်မှ အိမ်ရှင်အဖြစ် တာချီလိတ်မြို့ ဇန်းမွန်အာခါဟိုတယ် အစည်းအဝေးခန်းမ၌ ဖေဖော်ဝါရီ ၂၂ ရက်က ကျင်းပခဲ့သည်။

အစည်းအဝေးတွင် ချင်းရိုင်ခရိုင် မယ်ဆိုင်မြို့နယ် ဘန့်ဝိန်းဟွမ်ရွာအနီးရှိ မိန်ငမ်းတမံတွင် ထိုင်းနိုင်ငံသားများက သဲအိတ်များ ချောင်းအတွင်းချထားခြင်းနှင့်ပတ်သက်သည့် နယ်စပ်ကိစ္စ၊ လွယ်လန်းနယ်မြေပြဿနာနှင့်ပတ်သက်၍ အထင်အမြင်လွဲမှားမှုမရှိစေရေးအတွက် တပ်စခန်းအရေအတွက် ပူးတွဲကွင်းဆင်းလေ့လာရေးအဖွဲ့ ဖွဲ့စည်းဆောင်ရွက်သွားရန်နှင့် အဆိုပါလွယ်လန်းနယ်မြေကိစ္စအား နှစ်နိုင်ငံပူးတွဲနယ်ခြားကော်မတီ JBC အဆင့်တွင် ဆက်လက်ဆွေးနွေးဖြေရှင်းသွားရန်ကိစ္စ၊ မြန်မာနှင့်ထိုင်း နှစ်နိုင်ငံအကြား နယ်စပ်ဂိတ်များမှ အကြမ်းဖက်သမားများဟုယူဆသူများ ဝင်ရောက်လာမှုမရှိစေရေး အပြန်အလှန် အကြောင်းကြားနိုင်ရန်၊ နယ်စပ်ဖြတ်ကျော်မှုခင်းများ၊ နှစ်နိုင်ငံ လူဝင်လူထွက်၊ မော်တော်ယာဉ်ဝင်ထွက်မှုကိစ္စရပ်များ၊ စွမ်းအင်ဝန်ကြီးဌာန၊ မြန်မာ့ရေနံထွက်ပစ္စည်း ရောင်းဝယ်ရေးလုပ်ငန်းမှ နယ်စပ်ကုန်သွယ်မှုနည်းလမ်းဖြင့် နယ်စပ်ဒေသတွင်း၌ LPG ဂက်စ်တင်သွင်း ဖြန့်ဖြူးရောင်းချရန်ကိစ္စရပ်များ၊ ထိုင်းနိုင်ငံမယ်ဆိုင်တွင် နေထိုင်လျက်ရှိသည့် မြန်မာနိုင်ငံမှ ရွှေ့ပြောင်းအလုပ်သမားများနှင့် ၎င်းတို့၏ သားသမီးများနှင့် ကျောင်းသား ကျောင်းသူများ ထိုင်းနိုင်ငံတွင် နေထိုင်စဉ် လုံခြုံမှုရှိစေရေးဆောင်ရွက်ပေးနိုင်မည့်ကိစ္စရပ်များကို နှစ်နိုင်ငံ ချစ်ကြည်ရင်းနှီးစွာဖြင့် နှစ်ဖက်အိမ်နီးချင်းနိုင်ငံတို့၏ ချစ်ကြည်ရင်းနှီးမှု အခွန့်ရှည်ရေး၊ နှစ်နိုင်ငံမြို့နယ်အဆင့် နယ်ခြားပြဿနာများရှိက ကြီးသောပြဿနာ သေးငယ်အောင်၊ သေးငယ်သော ပြဿနာ ပျောက်ပျက်အောင် အောက်ခြေအဆင့်မှ ရင်းရင်းနှီးနှီးဆွေးနွေးတိုင်ပင်ဖြေရှင်းခြင်း၊ ဆွေးနွေးဖြေရှင်းမရပါက အထက်ဌာနအဆင့်ဆင့်သို့ တင်ပြဆောင်ရွက်ပြီး အဖြေများပြန်ကြားပေးရန် စသည့် ကိစ္စရပ်များကို ဆွေးနွေးခဲ့ကြောင်း သိရသည်။

အစည်းအဝေးသို့ မြန်မာနိုင်ငံဘက်မှ တာချီလိတ်မြို့နယ် နယ်ခြားကော်မတီ ဥက္ကဋ္ဌ ဒုတိယဗိုလ်မှူးကြီးအောင်မြင့်ဦး ဦးဆောင်သည့် ကိုယ်စားလှယ်အဖွဲ့နှင့် ထိုင်းနိုင်ငံဘက်မှ မယ်ဆိုင်မြို့နယ် နယ်ခြားကော်မတီဥက္ကဋ္ဌ ဗိုလ်မှူးကြီး ပါရာဖတ်ပက်(စ်)စူဝမ် ဦးဆောင်သည့် ကိုယ်စားလှယ်အဖွဲ့များ၊ နှစ်နိုင်ငံမှ လေ့လာသူများ တက်ရောက်ခဲ့ကြကြောင်း သိရသည်။ **မြင့်မိုရ်(တာချီလိတ်)**

# ဆံတော်ရှင် မြသပိတ်စေတီတော် (၅၈)ကြိမ်မြောက် ဗုဒ္ဓပူဇနီယပွဲနှင့် မြန်မာ့အကြီးဆုံး နှီးဘုရားရုပ်ပွားတော်မြတ်ကြီး ပူဇော်ပွဲကျင်းပ

**သထုံ ဖေဖော်ဝါရီ ၂၄**

မွန်ပြည်နယ် သထုံမြို့ မြသပိတ်တောင်ထိပ်ရှိ ဆံတော်ရှင် မြသပိတ်စေတီတော်မြတ်ကြီး၏ (၅၈) ကြိမ်မြောက် ဗုဒ္ဓပူဇနီယပွဲတော်နှင့် တောင်ခြေရှိ မြန်မာနိုင်ငံ၌အကြီးဆုံးဖြစ်သော နှီးဘုရားကြီး ဗုဒ္ဓပူဇနီယပူဇော်ပွဲကို ဖေဖော်ဝါရီ ၂၃ ရက်(တပို့တွဲလပြည့်)နေ့ နံနက်က စည်ကားစွာကျင်းပခဲ့သည်။



နံနက် ၅ နာရီအချိန်တွင် တောင်ထိပ်ရှိ ဆံတော်ရှင်စေတီတော်မြတ်ကြီးအား သံဃာတော် ၄၅ ပါးတို့က ဗုဒ္ဓါဘိသေက အနေကဇာတင်ပူဇော်၍ ပန်း၊ ဆီမီး၊ အမွှေးနံ့သာများနှင့် ဆွမ်းပွဲတစ်ထောင်ဖြင့် ကပ်လှူပူဇော်ကြသည်။ ထို့နောက် နံနက် ၇ နာရီမှစတင်ကာ သထုံမြို့နယ်အတွင်းရှိ ကျောင်းတိုက်ပေါင်း ၁၇၄ ကျောင်းမှ သံဃာတော် ၅၄၈ ပါးနှင့် သီလရှင်ကျောင်းတိုက် ၃၆ တိုက်မှ သီလရှင် ၈၈ ပါးတို့အား အလှူရှင်များက ထမနဲ၊ ဆွမ်းဆန်နှင့် လှူဖွယ်ဝတ္ထုအစုစုတို့ကို တောင်ခြေတွင် စည်ကားသိုက်မြိုက်စွာ စုပေါင်းလောင်းလှူခဲ့ကြသည်။

အဆိုပါ ဗုဒ္ဓပူဇနီယပွဲ အထိမ်းအမှတ်အဖြစ် မြသပိတ်စေတီတော်မြတ်ကြီး ရင်ပြင်တော်တွင် ဖေဖော်ဝါရီ ၂၀ ရက်မှစ၍ အသံမစဲ မဟာပဋ္ဌာန်းရွတ်ဆိုပူဇော်ခဲ့ကြပြီး လပြည့်နေ့ ညနေ ၄ နာရီမှစတင်ကာ မြို့တွင်းရှိ စေတနာရှင်များက နိဗ္ဗာန်ဈေးဖြင့် တည်ခင်းကျွေးမွေးကာ စေတီတော်တောင်တက်လမ်းတစ်လျှောက်တွင် ဆီမီး ၉၀၀၀ ဖြင့် ထွန်းညှိပူဇော်ခြင်းနှင့် အငြိမ့်ကဇာတ်များ၊ ပွဲဈေးများ စသည့်အစီအစဉ်များဖြင့် စည်ကားစွာ ကျင်းပခဲ့ကြောင်း သိရသည်။

**သက်ဦး(သထုံ)**

# GBV နှင့် စပ်လျဉ်းသော အသိပညာပေးဆွေးနွေးပွဲသင်တန်းဖွင့်လှစ်

**ဘားအံ ဖေဖော်ဝါရီ ၂၄**

ကျား/မအခြေပြု အကြမ်းဖက်မှု Gender Base Violence (GBV) နှင့် စပ်လျဉ်းသော အသိပညာပေး ဆွေးနွေးပွဲသင်တန်းကို ကရင်ပြည်နယ် ရဲတပ်ဖွဲ့မှူးရုံး ဆင်ဖြူရှင်ခန်းမ၌ ဖေဖော်ဝါရီ ၂၀ ရက်က ဖွင့်လှစ်ခဲ့သည်။

အဆိုပါ ဆွေးနွေးပွဲသင်တန်းကို မြန်မာနိုင်ငံ UNFPA အဖွဲ့၊ MANA ဗဟိုအသင်းနှင့် ဘားအံမြို့နယ် MANA အသင်းတို့ ပူးပေါင်းပြုလုပ်ခြင်းဖြစ်ပြီး ဆွေးနွေးပွဲတွင် ကရင်ပြည်နယ်ရဲတပ်ဖွဲ့မှူး ရဲမှူးကြီး စိန်လွင်က အမှာစကားပြောကြားသည်။ ထို့နောက် မြန်မာနိုင်ငံမူးယစ်ဆေးဝါးဆန့်ကျင်ရေးအသင်း(MANA) ဗဟိုမှ ဒုဥက္ကဋ္ဌ ဦးစောငွေက မြန်မာနိုင်ငံမူးယစ်ဆေးဝါးဆန့်ကျင်ရေးအသင်းက ဆောင်ရွက်နေသော လုပ်ငန်းများအကြောင်းကိုလည်းကောင်း၊ UNFPA မှ Ms.Miriam က ကျား/မ အခြေပြု အကြမ်းဖက်မှု (GBV)နှင့် ပတ်သက်သည့်အကြောင်းအရာများကိုလည်းကောင်း ရှင်းလင်းပြောကြားသည်။



ဆွေးနွေးပွဲသင်တန်းတွင် မြန်မာနိုင်ငံ UNFPA အဖွဲ့မှ Ms. Miriam နှင့် ဒေါ်ချိုချိုလှိုင်တို့က သင်တန်းနည်းပြများအဖြစ် သင်ကြားပို့ချခဲ့ပြီး မြန်မာနိုင်ငံမူးယစ်ဆေးဝါးဆန့်ကျင်ရေးအသင်း(MANA)မှ ဗဟိုအဖွဲ့ဝင်များနှင့် ဘားအံမြို့နယ် MANA အဖွဲ့ဝင်များက ပူးပေါင်းကူညီခဲ့သည်။ သင်တန်းသို့ ကရင်ပြည်နယ်ရဲတပ်ဖွဲ့မှ ရဲတပ်ဖွဲ့ဝင် အမျိုးသား/အမျိုးသမီး ၅၀ တက်ရောက်ခဲ့ကာ အမျိုးသမီးအခြေပြု အကြမ်းဖက်မှုကာကွယ်ရေးဆိုင်ရာ ရည်ရွယ်ချက်များ၊ လုပ်ငန်းစဉ်များနှင့်ပတ်သက်ပြီး ပြည်သူ့ရဲတပ်ဖွဲ့လုပ်ငန်းများတွင် အကောင်အထည် ဖော်ဆောင်နိုင်မှုများအား အုပ်စုဖွဲ့ဆွေးနွေးခဲ့ကြသည်။ **ထွန်းထွန်းထွေး(ဘားအံ)**

# ကျေးရွာများတွင် ရေပြတ်လပ်မှုမရှိစေရန် ကြိုတင်ဆောင်ရွက်

**တောင်တွင်းကြီး ဖေဖော်ဝါရီ ၂၄**

မကွေးတိုင်းဒေသကြီး တောင်တွင်းကြီးမြို့နယ်အတွင်း ကျေးရွာများတွင် အယ်နီညိုရိုက်ခတ်မှုဒဏ်ကြောင့် သောက်သုံးရေပြတ်လပ်မှုမရှိစေရေးအတွက် ရေရှားပါးမှု ကြုံတွေ့နိုင်သည့်ကျေးရွာများသို့ တောင်တွင်းကြီးမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက ဖေဖော်ဝါရီ ၂၂ ရက်က ကွင်းဆင်းပြီး သောက်သုံးရေဖူလုံစွာရရှိရေး ကြိုတင်စီစဉ်ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

၂၀၁၆ ခုနှစ် နွေရာသီတွင် မြန်မာနိုင်ငံအနေဖြင့် အယ်နီညိုသက်ရောက်မှုရှိနိုင်ပြီး အပူချိန်မြင့်မားခြင်း၊ ပူပြင်းခြောက်သွေ့ပြီး ရေရှားပါးခြင်းများ ကြုံတွေ့နိုင်သောကြောင့် တောင်တွင်းကြီးမြို့ပေါ်ရပ်ကွက် ၁၀ ခုနှင့် ကျေးရွာပေါင်း ၂၈၀ တို့မှ ပြည်သူများအနေဖြင့် အဓိကလိုအပ်သည့် သောက်သုံးရေကို အလေအလွင့်မရှိ စနစ်တကျသုံးစွဲရန် လိုအပ်ကြောင်း တောင်တွင်းကြီးမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန လက်ထောက်ညွှန်ကြားရေးမှူး ဦးမင်းမင်းက ပြောကြားသည်။

တောင်တွင်းကြီးမြို့နယ်တွင် ကြက်ဆူတော၊ ဝါးခြမ်းကာ၊ ဝါးသုံးပြူး၊ ကျွန်းတော၊ မြေလမ်းခွဲနှင့် ကံကြီးကုန်းကျေးရွာများသည် ရေရှားပါးမှုကြုံတွေ့နိုင်သော ကျေးရွာများသဖြင့် အဆိုပါကျေးရွာများ၌ သောက်သုံးရေပြတ်လပ်မှု မရှိစေရန်အတွက် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနအနေဖြင့် သက်ဆိုင်ရာဌာနများနှင့်ပူးပေါင်း၍ သောက်သုံးရေဖူလုံစွာရရှိရေးအတွက် ကြိုတင်စီမံဆောင်ရွက်ထားပြီးဖြစ်ကြောင်း သိရသည်။ **(၀၈၅)**

# ကျေးရွာများ လျှပ်စစ်ဓာတ်အားရရှိရေး ဆောင်ရွက်လျက်ရှိ

**ထီးချိုင့် ဖေဖော်ဝါရီ ၂၄**

စစ်ကိုင်းတိုင်းဒေသကြီး ကသာခရိုင် ထီးချိုင့်မြို့နယ်အတွင်းရှိ ကျေးရွာများ၌ ၂၄ နာရီ လျှပ်စစ်မီးရရှိရေးအတွက် မြို့နယ်လျှပ်စစ်ဝန်ထမ်းများနှင့် ကျေးရွာများရှိမီးလင်းရေးကော်မတီအဖွဲ့များပူးပေါင်း၍ ဆက်လက်ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

ထီးချိုင့်မြို့နယ်တွင် ကျေးရွာပေါင်း ၁၁၇ ရွာရှိသည့်အနက် ၂၂ရွာမှာ လျှပ်စစ်မီးရရှိနေပြီဖြစ်ကာ ၂၀ ရွာမှာ လျှပ်စစ်မီးရရှိရေးအတွက် ဆက်လက်ဆောင်ရွက်လျက်ရှိကြောင်း၊ လျှပ်စစ်မီးရရှိရန်ဆောင်ရွက်နေသော ကျေးရွာများတွင် လျှပ်စစ်မီးအမြန်ရရှိအသုံးပြုနိုင်ရန်အတွက် မြို့နယ်မီးလင်းရေးကော်မတီအဖွဲ့နှင့် သက်ဆိုင်ရာ ကျေးရွာများမှ မီးလင်းရေးကော်မတီအဖွဲ့များ ပူးပေါင်းဆောင်ရွက်နေခြင်းဖြစ်ကြောင်း မြို့နယ် လျှပ်စစ်အင်ဂျင်နီယာ ဦးဇော်ဝင်းနိုင်က ပြောသည်။ ထီးချိုင့်မြို့နယ်အတွင်းမှ လျှပ်စစ်မီးမရရှိသေးသော ကျေးရွာများမှာလည်း မိမိတို့အစီအစဉ်ဖြင့် လျှပ်စစ်ဓာတ်အားရရှိရေးအတွက် ဆောင်ရွက်ခဲ့ရာ စပါးခွံဖြင့် ၁၁ ရွာ၊ ဆိုလာစနစ်ဖြင့် ၂၆ ရွာ၊ ဒီဇယ်အင်ဂျင်ဖြင့် ၅၇ ရွာတွင် ဓာတ်အား ရရှိအသုံးပြုနေကြောင်း သိရသည်။ **လှအောင်(ကသာ)**

# လူထုဗဟိုပြုစီမံကိန်းအတွက် လုပ်ငန်း ၂၁ခု အတည်ပြု

**တပ်ကုန်း ဖေဖော်ဝါရီ ၂၄**

နေပြည်တော် တပ်ကုန်းမြို့နယ်အတွင်း မွေးမြူရေး၊ ရေလုပ်ငန်းနှင့် ကျေးလက်ဒေသဖွံ့ဖြိုးရေးဝန်ကြီးဌာန ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ အကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိသော လူထုဗဟိုပြုစီမံကိန်း၏ ဒုတိယနှစ်စီမံကိန်းအတွက် လုပ်ငန်း ၂၁ ခုအား အကောင်အထည်ဖော်ဆောင်ရွက်ရန် အတည်ပြုခဲ့ကြောင်းသိရသည်။

လူထုဗဟိုပြုစီမံကိန်း၏ ဒုတိယနှစ်စီမံကိန်းအတွက် ပထမအကြိမ် မြို့နယ်အဆင့်ဌာနဆိုင်ရာ အစည်းအဝေး (TPIC) ကို ဖေဖော်ဝါရီလ ဒုတိယပတ်အတွင်းက မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန အစည်းအဝေးခန်းမ၌ ပြုလုပ်ခဲ့ပြီး စီမံကိန်းဒုတိယနှစ်တွင် အကောင်အထည်ဖော်ဆောင်ရွက်မည့် လုပ်ငန်းများကို မြို့နယ်အဆင့်ဌာနဆိုင်ရာများနှင့် ဆွေးနွေးညှိနှိုင်းကာ အတည်ပြုခဲ့ခြင်းဖြစ် သည်။ **တင်စိုးလွင်**

## သတင်းတိုများ

### အာမခံအမျိုးအစားများအကြောင်း ပညာပေးဟောပြော

မီးအာမခံနှင့် အမျိုးမျိုးအာမခံအကြောင်း သိကောင်းစရာများ အသိပညာပေးဟောပြောပွဲကို မကွေးမြို့ရှိ တိုင်းဒေသကြီး မြန်မာ့အာမခံလုပ်ငန်းရုံး၌ ဖေဖော်ဝါရီ ၂၂ ရက်က ပြုလုပ်ခဲ့ရာ မြန်မာ့အာမခံလုပ်ငန်း မကွေးတိုင်းဒေသကြီး တာဝန်ခံ ဦးကျော်မျိုးဆွေက မီးအာမခံနှင့် အခြားအာမခံလုပ်ငန်း အမျိုးအစားများအကြောင်း အသေးစိတ်ရှင်းလင်းပြောကြားခဲ့ပြီး ဟောပြောပွဲသို့ မကွေးမြို့မှ စီးပွားရေးလုပ်ငန်းရှင် ၃၀ ခန့် တက်ရောက်ခဲ့ကြသည်။

**သန်းနိုင်ဦး(ငဖဲ)**

# လွိုင်လင်မြို့နယ် တောင်ပေါ်ဒေသများ၌ ကော်ဖီစမ်းသပ်စိုက်ပျိုးမှု အောင်မြင်လျက်ရှိ

**လွိုင်လင် ဖေဖော်ဝါရီ ၂၄**

ရှမ်းပြည်နယ်တောင်ပိုင်း လွိုင်လင်မြို့နယ် ပန်ဝိုး-ဝါးတောကျေးရွာ၌ ဒေသခံတောင်သူများ တစ်ပိုင်တစ်နိုင် စမ်းသပ်စိုက်ပျိုးထားသော ကော်ဖီပင်များ အောင်မြင်ဖြစ်ထွန်းလျက်ရှိကြောင်း သိရသည်။



ပန်ဝိုးကျေးရွာအုပ်ချုပ်ရေးမှူး ဦးခင်မောင်ချင်း (ခေါ်) ဦးတခင်းက ကော်ဖီပင်များကို ပင်းတယဘက်မှ ပျိုးပင်များကို တစ်ပင်ကို ၁၅၀ ကျပ်နှုန်းဖြင့် ဝယ်ယူ၍ ၂၀၁၂ ခုနှစ်က စတင်စိုက်ပျိုးခဲ့ရာ ယခုအခါ သက်တမ်းသုံးနှစ်ကျော်ပြီဖြစ်ကြောင်း၊ ကော်ဖီပင်တစ်ပင်မှ တစ်နှစ်လျှင် ကော်ဖီစေ့ရှစ်ပြည်မှ ၁၀ ပြည်အထိ သီးကြောင်း၊ ကော်ဖီစေ့အခြောက် တစ်ပြည်လျှင် ကျပ် ၁၀၀၀ နှုန်း ရောင်းချရကြောင်း၊ လက်ရှိအခြေအနေမှာ အပင်သုံးဆယ်ခန့် စမ်းသပ်စိုက်ပျိုးထားပြီး ယခုနှစ်တွင် အဆိုပါအပင် ၃၀ မှ ဝင်ငွေကျပ်သုံးသိန်းခန့်ရရှိမည်ဖြစ်ကြောင်း၊ ကော်ဖီပင်များသည် တောင်ပေါ်အအေးဓာတ်နှင့် အပင်ကြီးအရိပ်ကိုကြိုက်ပြီး အထူးတလည် ပြုစုစိုက်ပျိုးရခြင်းမရှိကြောင်း ရှင်းပြသည်။

လွိုင်လင်မြို့နယ်သည် ပင်လယ်ရေမျက်နှာပြင်အထက် အမြင့်ပေ ၄၄၄၇ ပေတွင်တည်ရှိသောကြောင့် ရာသီဥတု အေးမြသဖြင့် အအေးဓာတ်ကြိုက်နှစ်သက်သည့် ကော်ဖီပင်များ ဖြစ်ထွန်းအောင်မြင်ခြင်းဖြစ်ကြောင်း၊ အအေးဓာတ်များပြားသည့် တောင်ပေါ်ဒေသများတွင် ကော်ဖီစိုက်ပျိုးခြင်းဖြင့် ဒေသခံများအနေဖြင့် အပိုဝင်ငွေ ရရှိနိုင်မည်ဖြစ်ကြောင်း သိရသည်။

**မိုးလွင်ဦး(လွိုင်လင်)**

# လက်စတာတို့ နိုင်ပွဲဆက်ဦးမယ့် ပရီမီယာလိဂ်ပွဲစဉ် (၂၇)

ပရီမီယာလိဂ်ပွဲစဉ် (၂၇)ကို လာမယ့် စနေ၊ တနင်္ဂနွေဖြစ်တဲ့ ဖေဖော်ဝါရီ ၂၇ ရက်နဲ့ ၂၈ ရက်တွေမှာ ဆက်လက်ယှဉ်ပြိုင်မှာဖြစ်ပါတယ်။ အကြိတ်အနယ်ရှိလာပြီဖြစ်တဲ့ ဒီပွဲစဉ်တွေဟာ အမှတ်ဆုံးရှုံးမှုမရှိအောင် အပြိုင်အဆိုင်ကြိုးစားကြမှာမို့ ပရိသတ်တွေအတွက်တော့ စိတ်ဝင်စားစရာကောင်းတဲ့ပွဲတွေအဖြစ် မြင်တွေ့ရမှာဖြစ်ပါတယ်။

မိုးမြင့်လင်းလက်

**ဆောက်သမ်တန်နှင့် ချယ်လ်ဆီး**

အားထုတ်မှုကောင်းတဲ့ ဆောက်သမ်တန်တို့ဟာ အခုနောက်ပိုင်းမှာ ချယ်လ်ဆီးကို အနိုင်ကစားနိုင်တဲ့အထိ ခြေစွမ်းတောက်ပြောင်လာပါတယ်။ ဒီနှစ်သင်း နောက်ဆုံးကစားခဲ့တဲ့ သုံးပွဲရလဒ်ကိုကြည့်ရင် ချယ်လ်ဆီးတို့ တစ်ပွဲမှမနိုင်ခဲ့ပါဘူး။ ချယ်လ်ဆီးနည်းပြသစ် ဟစ်ဒင့်လက်ထက်မှာ ရလဒ်ကောင်းတွေပြန်လည်ရှာဖွေတွေ့နိုင်နေတဲ့အတွက် ဆောက်သမ်တန်တို့လည်း အိမ်ကွင်းဆိုပေမယ့် ပွဲမချောင်ပါဘူး။ ဒါပေမယ့် ဆောက်သမ်တန်ဟာ အမှတ်လိုအပ်မှုပြင်းထန်နေတာမို့ ဒီပွဲဟာ ဆောက်သမ်တန်အတွက် အမှတ်ပြည့်ရနိုင်တဲ့ပွဲပါပဲ။

**လက်စတာနှင့် နော့ဝှစ်ချ်**

တန်းစီဇယားထိပ်ဆုံးက လက်စတာတို့ အကောင်းဆုံးခြေစွမ်းတွေပြသနေပါတယ်။ ပြိုင်ဘက်တိုင်းကို နိုင်ပွဲရအောင် စွမ်းဆောင်နိုင်နေတဲ့ လက်စတာဟာ ပြီးခဲ့တဲ့ပွဲစဉ်မှာ အာဆင်နယ်ကို ရှုံးပွဲကြုံခဲ့တာမို့ အခုနော့ဝှစ်ချ်နဲ့ပွဲမှာ နိုင်ပွဲရအောင် ဖော်ဆောင်ပါလိမ့်မယ်။ လက်စတာတို့က နော့ဝှစ်ချ်နဲ့ နောက်ဆုံးသုံးပွဲတွေ့ဆုံခဲ့မှုကိုကြည့်ရင် နော့ဝှစ်ချ်တို့ တစ်ပွဲမှမနိုင်ခဲ့ပါဘူး။ လောလောဆယ်မှာ နော့ဝှစ်ချ်တို့ အဝေးကွင်းတွေမှာ ရှုံးပွဲတွေဆက်နေတာမို့ အခုပွဲမှာ အမှတ်ရဖို့တောင် မလွယ်ပါဘူး။ လက်စတာရဲ့နိုင်ပွဲပါပဲ။

**ဝက်စ်ဟမ်းနှင့် ဆန်းဒါးလန်း**

ခြေရည်တူတဲ့နှစ်သင်းမို့ အပြန်အလှန်ထိုးဖောက်တိုက်စစ်ဆင်မှုတွေနဲ့ အကြိတ်အနယ်နွဲကြမယ့်ပွဲဖြစ်ပါလိမ့်မယ်။ ပရီမီယာလိဂ်သမိုင်းမှာ ဒီနှစ်သင်းဆုံတွေ့ခဲ့တဲ့ပွဲရလဒ်တွေကိုကြည့်ရင် ဝက်စ်ဟမ်းက ၂၃ ပွဲနိုင်ပြီး ဆန်းဒါးလန်းက ၂၄ ပွဲနိုင်ကာ သရေပွဲ ၂၀ ဖြစ်ထားပါတယ်။ ဆန်းဒါးလန်းဟာ မန်ယူကို အနိုင်ရအောင် ကစားနိုင်တဲ့ ခြေစွမ်းရှိနေတာမို့ ဝက်စ်ဟမ်းတို့ ပေါ့ဆလို့မရပါဘူး။ ဒါပေမယ့် အိမ်ကွင်းခြေစွမ်းကောင်းတဲ့ ဝက်စ်ဟမ်းကိုပဲ အားပေးရမှာ ဖြစ်ပါတယ်။

**စတုတ်နှင့် ဗီလာ**

ဗီလာနဲ့ဆုံတိုင်း အနိုင်ရအောင်ကစားနိုင်တဲ့ စတုတ်ဟာ အခုတလော ရှုံးပွဲတွေ ဆက်တိုက်ဖြစ်ပေါ်နေပါတယ်။ စတုတ်တို့က ဘုန်းမောက်နဲ့ပွဲမှာ နိုင်ပွဲပြန်ရပြီး ပုံစံကောင်းရနေပြီဆိုတာကို ဒီပွဲမှာ သက်သေပြဖို့ ကြိုးစားပါလိမ့်မယ်။ စတုတ်တို့ဟာ အိမ်ကွင်းမှာဆိုရင် အမှတ်ပြည့်ရအောင် ကြိုးစားနိုင်တာမို့ အခုပွဲမှာ တန်းစီဇယားအောက်ဆုံးက ဗီလာတို့ မျှော်လင့်ချက်ထားလို့မရတဲ့ပွဲပါပဲ။

**ဝက်ဖို့ဒ်နှင့် ဘုန်းမောက်**

ဒီနှစ်သင်းရဲ့ နောက်ဆုံးသုံးပွဲတွေ့ဆုံမှုကိုကြည့်ရင် ဘုန်းမောက်တို့က တစ်ပွဲနိုင်ပြီး နှစ်ပွဲသရေကျထားပါတယ်။ ဘုန်းမောက်ရဲ့ ထူးခြားမှုက အဝေးကွင်းမှာ နိုင်ပွဲရအောင် စွမ်းဆောင်နိုင်တာဖြစ်ပါတယ်။ ဒါပေမယ့် ဝက်ဖို့ဒ်တို့ကလည်း အိမ်ကွင်းမှာ လျှော့တွက်လို့မရတာကြောင့် ဒီပွဲဟာ ရလဒ်ညီမျှခြင်းကျသွားနိုင်ပါတယ်။

**ဝက်စ်ဘရွန်းနှင့် ခရစ္စတယ်ပဲလေ့စ်**

ဝက်စ်ဘရွန်းဟာ ခရစ္စတယ်ပဲလေ့စ်နဲ့ဆုံတိုင်း ရလဒ်ကောင်းအောင်ကြိုးစားနိုင်တဲ့ ကစားအားပိုင်ဆိုင်ထားပါတယ်။ ပဲလေ့စ်တို့က နောက်ဆုံးတွေ့ဆုံခဲ့တဲ့ပွဲစဉ်မှာ နှစ်ဂိုးပြတ်နိုင်ပွဲရထားတာမို့ အခုပွဲမှာလည်း အနိုင်ရအောင် အားထုတ်ပါလိမ့်မယ်။ တိုက်စစ်ရဲရဲဖွင့် ကစားတတ်တဲ့ ပဲလေ့စ်ကိုပဲ ဒီပွဲမှာယုံကြည်မှုပေးရမယ့် ပွဲပါပဲ။ ။






## အကောင်းဆုံးပြင်ဆင်နေတဲ့ လက်စတာ

ပရီမီယာလိဂ်ဇယားထိပ်ရောက်နေတဲ့ လက်စတာက စနေနေ့မှာနော့ဝှစ်ချ်နဲ့ ကစားမယ့်ပြိုင်ပွဲအတွက် အကောင်းဆုံးပြင်ဆင်မှုတွေ ပြုလုပ်နေပြီလို့ဆိုပါတယ်။ ထိပ်တန်းဂိုးသွင်းတိုက်စစ်မှူး ဗာဒီနဲ့ ကစားဖော်တွေဟာ အကောင်းဆုံးလေ့ကျင့်မှုတွေ ပြုလုပ်နေတယ်လို့ ဆိုပါတယ်။ အသင်းခေါင်းဆောင် ဝက်စ်မော်ဂန်ကတော့ လက်စတာရဲ့ အကောင်းဆုံးခြေစွမ်းအတွက် မအံ့သြဘူးလို့ ဆိုပါတယ်။ လက်စတာအသင်းအနေနဲ့ ပြီးခဲ့တဲ့အပတ်က အာဆင်နယ်ကိုရှုံးသော်လည်း ဇယားထိပ်မှာ နှစ်မှတ်အသာနဲ့ ဆက်လက်ရပ်တည်နေဆဲဖြစ်ပါတယ်။ စပါး၊ အာဆင်နယ်နဲ့ မန်စီးတီးတို့ဟာ ချန်ပီယံလိဂ်မှာ ပွဲပန်းနေတဲ့အတွက် လက်စတာကိုကျော်ဖို့ မဖြစ်နိုင်သေးဘူးလို့ ဆိုပါတယ်။ လက်စတာကစားသမားတွေအနေနဲ့ လာမယ့်ပြိုင်ပွဲမှာ အကောင်းဆုံးခြေစွမ်းပြကစားပြီး နော့ဝှစ်ချ်ကို အနိုင်ယူဖို့ ပြင်ဆင်ထားတယ်လို့ဆိုပါတယ်။

## မန်ယူကိုပြောင်းဖို့ စိတ်ဝင်စားနေတဲ့ ဗစ်ဒဲလ်

ဘိုင်ယန်မြူးနစ်ကွင်းလယ်ကစားသမား အာတူရိုဗစ်ဒဲလ်က သူ့အနေနဲ့ မန်ယူကိုပြောင်းဖို့ စိတ်ဝင်စားနေတယ်လို့ ထုတ်ဖော်ပြောဆိုလိုက်ပါတယ်။ ပြီးခဲ့တဲ့နွေရာသီက ဗစ်ဒဲလ်ကို မန်ယူက ခေါ်ယူဖို့ကြိုးစားခဲ့ပေမယ့် အောင်မြင်မှုမရခဲ့ပါဘူး။ ချီလီကွင်းလယ်ကစားသမား ဗစ်ဒဲလ်ဟာ ပြီးခဲ့တဲ့ ဇူလိုင်လကပေါင် ၂၈ သန်းနဲ့ ဂျူဗင်တပ်စ်အသင်းကနေ ဘိုင်ယန်မြူးနစ်သို့ လေးနှစ်စာချုပ်နဲ့ ပြောင်းရွှေ့ခဲ့သူပါ။ သူက မန်ယူကိုပြောင်းဖို့ တကယ့်အိပ်မက်တွေဖြစ်လာတော့မယ်လို့ ပြောဆိုလိုက်ပါတယ်။ အသက် ၂၈ နှစ်အရွယ်ရှိ ဗစ်ဒဲလ်ဟာ ဂွာဒီယိုလာရဲ့ ဘိုင်ယန်မြူးနစ်မှာ အဓိကခြေစွမ်းပြကစားနေသူလည်းဖြစ်ပါတယ်။ သူဟာ ဒီနှစ်ရာသီမှာ ဘိုင်ယန်မြူးနစ်အတွက် ၂၂ ပွဲ ပါဝင်ကစားခဲ့သူဖြစ်ပါတယ်။ အင်္ဂလန်မှာကစားဖို့ အခွင့်အလမ်းတွေရှိနေဆဲဖြစ်ပါတယ်လို့ ဗစ်ဒဲလ်က ဆိုပါတယ်။ နည်းပြ ဗန်ဟားလ်အနေနဲ့ သူ့အသင်းကို တောင့်တင်းတဲ့အသင်းဖြစ်ဖို့ အတွေ့အကြုံများတဲ့ ကစားသမားကောင်းတွေကို ခေါ်ယူလျက်ရှိပါတယ်။






## အခွင့်အလမ်းတွေရှိနေသေးတယ်ဆိုတဲ့ မန်ယူ

မန်ယူအသင်းအနေနဲ့ ရာသီအစမှာ ရလဒ်တွေမကောင်းခဲ့ပေမယ့် အခွင့်အလမ်းတွေရှိနေဆဲဖြစ်တယ်လို့ နည်းပြ ဗန်ဟားလ်က ပြောဆိုလိုက်ပါတယ်။ အက်ဖ်အေဖလား ပဉ္စမအဆင့်မှာ ရှရီဘူရီကို သုံးဂိုးပြတ်နဲ့ အနိုင်ရပြီးနောက် နည်းပြ ဗန်ဟားလ်က ပြောဆိုလိုက်တာပါ။ မန်ယူအနေနဲ့ အဓိကပြိုင်ပွဲသုံးပွဲကစားဖို့ အခွင့်အလမ်းတွေရှိနေဆဲပါပဲလို့ ဗန်ဟားလ်က ဆိုပါတယ်။ ပရီမီယာလိဂ်အပြင် အက်ဖ်အေဖလားမှာလည်း မျှော်လင့်ချက်ရှိနေသေးတယ်လို့ ဗန်ဟားလ်က ဆိုပါတယ်။ မန်ယူအနေနဲ့ ယူရိုပါလိဂ်၊ ပရီမီယာလိဂ်နဲ့ အက်ဖ်အေဖလားပြိုင်ပွဲတွေမှာ အခွင့်အလမ်းတွေရှိနေသေးတယ်လို့ ဆိုပါတယ်။ ကျွန်တော်တို့အသင်းအနေနဲ့ အက်ဖ်အေမှာ ကွာတားတက်လာနိုင်ခဲ့သလို ပရီမီယာလိဂ်မှာလည်း ထိပ်ဆုံးနံပါတ် ၄ နေရာတက်ဖို့ အခွင့်အလမ်းတွေရှိနေဆဲဖြစ်ပါတယ်လို့ ဗန်ဟားလ်ကဆိုပါတယ်။ မန်ယူအနေနဲ့ အက်ဖ်အေကွာတားမှာ ဝက်စ်ဟမ်းအသင်းနဲ့ ကစားရမှာဖြစ်ပါတယ်။ မန်ယူကစားသမားတွေ မတ်လအတွင်းမှာ လူစုံတက်စုံကစားနိုင်မှာဖြစ်တဲ့အတွက် ပြိုင်ပွဲသုံးခုစလုံးမှာ အခွင့်အလမ်းတွေရှိနေတယ်လို့ ဗန်ဟားလ်ကဆိုပါတယ်။

ကောင်းမြတ်သူ - စုစည်းသည်။

CB SECURITIES

## CB Securities Limited တွင် Myanmar Thilawa SEZ Holdings Public Limited ၏ အစုရှယ်ယာရှင်များ ငွေကြေးသက်သေလက်မှတ်၊ ဝယ်ရောင်းစာရင်း စတင်ဖွင့်လှစ်နိုင်ပြီဖြစ်ကြောင်း ကြေငြာခြင်း

ယခုအခါ မြန်မာသီလဝါ အက်(စ်)အီးဇက်ဟိုး(လ်)အင်း(စ်)ပတ်ပလစ်လီမိတက် (Myanmar Thilawa SEZ Holdings Public Limited - MTSH) အားရန်ကုန်စတော့အိတ်ချိန်း (Yangon Stock Exchange- YSX) တွင် စာရင်းဝင်မှတ်ပုံတင်နိုင်ရန် လိုအပ်သည်များကို CB Securities Limited မှ Underwriter အဖြစ် ပြင်ဆင်ဆောင်ရွက်ပေးလျက်ရှိပါသည်။ အစုရှယ်ယာရှင်များအနေဖြင့် ရန်ကုန်စတော့အိတ်ချိန်း (Yangon Stock Exchange- YSX) တွင် အစုရှယ်ယာ အရောင်းအဝယ်ပြုလုပ်နိုင်ရန် နှင့် နောက်နောင် အမြတ်ဝေစုလက်ခံရရှိစေနိုင်ရန်အတွက်

၁)ငွေချေးသက်သေခံလက်မှတ် ဝယ်ရောင်းစာရင်း (Securities Trading Account) ဖွင့်လှစ်ရန်နှင့်

၂)မိမိတို့ပိုင်ဆိုင်သည့်အစုရှယ်ယာလက်မှတ်များကိုအစုရှယ်ယာသက်သေခံလက်မှတ်စာရွက် မလိုအပ်သောစနစ် (Scripless Electronic System) သို့ပြောင်းလဲရန် လိုအပ်ပါသည်။

အထက်ပါလိုအပ်ချက် (၂) ရပ်အား CB Securities Limited က ဖေဖော်ဝါရီလ (၂၅) ရက်နေ့မှစ၍အောက်ဖော်ပြပါCB Securities ရုံးချုပ် နှင့် CBဘဏ်၏ မြန်မာတစ်ဝှမ်းလုံးရှိဘဏ်ခွဲများတွင်ဆောင်ရွက်ပေးမည်ဖြစ်ပါသည်။

MTSH ၏ အစုရှယ်ယာရှင်များသာမကရန်ကုန်စတော့အိတ်ချိန်းတွင် အစုရှယ်ယာအရောင်းအဝယ်ပြုလုပ်ရန် စိတ်ဝင်စားသော အခြားမည်သူမဆို (နိုင်ငံခြားသားများ မှအပ) CB Securities Limited တွင် ငွေချေးသက်သေခံလက်မှတ် ဝယ်ရောင်းစာရင်း (Securities Trading Account)စတင်ဖွင့်လှစ်နိုင်ပြီဖြစ်ပါသည်။

### Securities Trading A/C ဖွင့်လိုလျှင်လိုအပ်သည့်စာရွက်စာတမ်းများ

- **OPENING INDIVIDUAL/JOINT TRADING ACCOUNT**
  **(တစ်ဦးချင်း (သို့) ပူးတွဲ စာရင်းဖွင့်လှစ်ခြင်း)**
  1.မှတ်ပုံတင်မူရင်း + မိတ္တူ
  2.သန်းခေါင်စာရင်းမိတ္တူ
  3.ကိုယ်စားစေလွှတ်လျှင် ကိုယ်စားလှယ်လွှဲစာမူရင်း
  4.ကိုယ်စားလှယ်လွှဲသူ၏ မှတ်ပုံတင်မူရင်း+မိတ္တူ
  5.ဘဏ်အမည်နှင့်ငွေစာရင်းအမှတ်

- **OPENING CORPORATE TRADING ACCOUNT**
  **(ကုမ္ပဏီစာရင်းဖွင့်လှစ်ခြင်း)**
  1.ကုမ္ပဏီမှတ်ပုံတင်မူရင်း + မိတ္တူ
  2.Form VI (ပုံစံ ၆)၊ Form XXVI (ပုံစံ ၂၆) နှင့် Form E (ပုံစံ E) - မိတ္တူများ
  3.ဒါရိုက်တာအဖွဲ့အစည်းအဝေးမှတ်တမ်းတွင် Securities Trading Account ဖွင့်ရန်ဆုံးဖြတ်ချက်၊ လုပ်ငန်းဆောင်ရွက်ရန်ခွင့်ပြုထားသောသူများ၏အမည် နှင့် စာရင်းဖွင့်ရန် မည်သူ့ကိုကိုယ်စားစေလွှတ် ကြောင်း ပါဝင်ရမည်။ (မူရင်း)
  4.လုပ်ငန်းဆောင်ရွက်ရန်ခွင့်ပြုထားသောသူများ၏ မှတ်ပုံတင်မူရင်း + မိတ္တူ
  5.ကိုယ်စားလှယ်၏မှတ်ပုံတင်မူရင်း + မိတ္တူ

- **DEMATERIALIZATION REQUEST (SCRIPLESS ELECTRONIC SYSTEM)**
  **(အစုရှယ်ယာသက်သေခံလက်မှတ်မလိုသောစနစ်သို့ပြောင်းလဲရန်)**
  1. အစုရှယ်ယာရှင်၏ အစုလက်မှတ်မူရင်း
  2. အစုရှယ်ယာရှင်၏ မှတ်ပုံတင်မူရင်း+မိတ္တူ
  3. ကိုယ်စားစေလွှတ်လျှင် ကိုယ်စားလှယ်လွှဲစာမူရင်း
  4. ကိုယ်စားလှယ်လွှဲသူ၏ မှတ်ပုံတင်မူရင်း+မိတ္တူ

### Securities Trading A/C ဖွင့်လှစ်နိုင်သောဘဏ်ခွဲများ

ရန်ကုန်မြို့ - CB Securities Limited ရုံးချုပ်သိမ်ဖြူ (UFC) (၀၁ - ၈၆၁၀၃၀၉-၁၃)

ရန်ကုန်မြို့ - CB Bank ရုံးချုပ်( ၀၁-၃၇၂၆၄၆၊ ၃၇၂၆၅၅ )၊ သိမ်ဖြူ (UFC) ဘဏ်ခွဲ၊ မြန်မာပလာဇာဘဏ်ခွဲ ၊ ဆရာစံဘဏ်ခွဲ ( ၅၅၉၀၀၆ ) ရွှေပုန်းညက်ဘဏ်ခွဲ (၀၁-၅၃၁၄၉၃)၊ လမ်းမတော် (၆) လမ်းဘဏ်ခွဲ (၀၁-၂၃၀၁၆၇၅ ~၂၃၀၁၆၇၆ )၊ သဃ်န်းကျွန်းဘဏ်ခွဲ (၀၁-၈၅၅၁၂၈၂) စမ်းချောင်း (ဗားဂရာ)ဘဏ်ခွဲ (၀၁-၂၃၀၄၈၉၃၊ ၂၃၀၄၈၉၄) ၊ သန်လျင်ဘဏ်ခွဲ (၀၅၆-၂၃၃၀၄ ~ ၂၃၃၀၆)၊ ကျိုက်ဂိုင်းဘဏ်ခွဲ။ မန္တလေးတိုင်း - မန္တလေး၂၆လမ်းဘဏ်ခွဲ(၀၂-၆၇၁၈၄၊ ၆၇၁၈၅)၊ မနော်ဟရီဘဏ်ခွဲ (၀၂-၈၂၁၉၁၊ ၈၂၁၉၂ )၊ ပြင်ဦးလွင်ဘဏ်ခွဲ ( ၀၈၅-၂၈၄၀၅၊ ၂၈၄၀၄၊ ) မိုးကုတ်ဘဏ်ခွဲ(၀၈၆-၂၀၅၂၅) ၊ နေပြည်တော်- ဥတ္တရသီရိဘဏ်ခွဲ (၀၆၇-၄၁၇၈၄၈) လယ်ဝေးဘဏ်ခွဲ(၀၆၇-၃၀၉၇၁၊၃၀၉၇၂ )၊ ရောဝတီတိုင်း - ပုသိမ်ဘဏ်ခွဲ( ၀၄၂-၂၃၆၁၇၊၂၃၆၁၈ )၊ မြောင်းမြဘဏ်ခွဲ ( ၀၄၂-၇၀၅၂၈၊ ၅၀၅၂၉ )၊ မအူပင်ဘဏ်ခွဲ (၀၄၅-၃၀၂၂၅ ) ၊ တောင်ငူဘဏ်ခွဲ ( ၀၅၄-၂၃၉၁၄ )၊ ဖြူးဘဏ်ခွဲ(၀၅၄-၄၀၈၄၇၊ ၄၀၈၅၂ )၊ ညောင်လေးပင်ဘဏ်ခွဲ ( ၀၅၂-၅၀၄၇၂၊ ၅၀၄၇၃ )။ စစ်ကိုင်းတိုင်း - စစ်ကိုင်းဘဏ်ခွဲ (၀၇၂-၂၂၉၃၄ ~၂၂၉၃၃ )၊ မုံရွာဘဏ်ခွဲ (၀၇၁-၂၆၁၈၁၊ )၊ ကလေးဘဏ်ခွဲ ( ၀၇၃-၂၂၇၉၈၊ ၂၂၇၉၉ )။ ရှမ်းပြည်နယ် - တောင်ကြီးဘဏ်ခွဲ (၀၈၁-၂၀၂၀၁၂၊ ၂၀၂၀၁၃ )၊ လားရှိုးဘဏ်ခွဲ(၀၈၂-၂၆၇၄၉၊ ၂၆၇၅၀ ) ၊ မူဆယ်ဘဏ်ခွဲ (၀၈၂-၅၂၅၄၄၊ ၅၂၅၄၅ )။ ကရင်ပြည်နယ် - ဘားအံဘဏ်ခွဲ(၂) - (၀၅၈-၂၃၃၅၇၊ )၊ မြဝတီဘဏ်ခွဲ(၀၅၈-၅၁၃၀၊၅၁၃၀၈)၊ တနင်္သာရီတိုင်း - မြိတ်ဘဏ်ခွဲ (၀၅၉-၄၂၆၄၅ )၊ထားဝယ်ဘဏ်ခွဲ (စည်ပင်ဈေးဘဏ်ခွဲ) (၀၅၉-၂၃၂၂၀၊ ၂၄၀၇၅)။ မကွေးတိုင်း - မကွေးဘဏ်ခွဲ (၀၆၃-၂၈၅၇၀၊ ၂၈၆၇၉ )၊ပခုက္ကူဘဏ်ခွဲ (၀၆၂-၂၂၄၇၉၊ ၂၂၄၈၉) ကချင်ပြည်နယ် - ဗန်းမော်ဘဏ်ခွဲ(၀၇၄-၅၁၃၁၉၊ ၅၁၃၂၀ )၊ ကယားပြည်နယ် - လွိုင်ကော်ဘဏ်ခွဲ (၀၈၃-၂၂၉၈၀၊ ၂၂၄၃၉)။

လိပ်စာအသေးစိတ်ကို CB Securities နှင့် CB Bank တို့၏ Facebook စာမျက်နှာများတွင် ဖော်ပြပေးပါမည်။



## သီတဂူရွှေပြည်ဟိန်းစက္ခုဒါနဆေးရုံ အလှူရှင်များ ဂုဏ်ပြုမှတ်တမ်း

သီတဂူစက္ခုဒါနဆေးရုံ၏ အာယုဒါန၊ အလင်းဒါနအတွက် အသုံးပြုနိုင်ရန် ပဒေသာပင်စိုက်ထူသောအားဖြင့် စမ်းချောင်းမြို့နယ်၊ ဇေယျဝတီစာသင်တိုက်၊ သုခါဝါသီကျောင်း ဦးဇာဂရမှ ကျပ်ငွေ (၁၀)သိန်းလှူဒါန်းခြင်းနှင့် ကချင်ပြည်နယ်၊ မိုးညှင်းမြို့နယ်၊ အင်းကုန်းဗိုလ်ကုန်း သဒ္ဓမ္မဇောတိကတိုက်ကျောင်း ရေစက်ချမွှေ သဘင်၌ ကျပ်ငွေ (၂၅)သိန်းလှူဒါန်းကြသော ဦးအောင်မင်း + ဒေါ်ချောဆုံ နှင့် ဓမ္မ မောင်နမတို့က ရွှေပြည်ဟိန်းဆရာတော်ထံ လှူဒါန်းကြသည်ကို ဂုဏ်ပြုမှတ်တမ်း တင်ပါသည်။

ဆက်သွယ်လှူဒါန်းနိုင်သောဌာန – ရွှေပြည်ဟိန်းကျောင်း
သီတဂူ–ရွှေပြည်ဟိန်း စက္ခုဒါနဆေးရုံ – ၁၆ ရပ်ကွက်၊ ပြည်သာယာ၊ ရန်ကင်း၊
[ကျိုက္ကဆံစူပါဝမ်း၊ တာမွေလေးသံလမ်းအနီး] ဖုန်း ၅၄၁၄၉၃၊ ၀၉–၇၃၀၅၆၅၆၉
**ရွှေဂုံတိုင်ကမ္ဘောဇဘဏ် အရှင်ခေမာသီရိလင်္ကာရ** (AccountNo.00730200701690301)



## ကိုးဘွဲ့ရရိပ်သာ၌ အမြတ်ဆုံး သိမ်၊ ဘုရား၊ ကျောင်း ဒကာခံယူပါ။

နိုင်ငံကျော် ဓမ္မကထိက၊ ကိုးဘွဲ့ရဆရာတော် အရှင်အာစာရာလင်္ကာရအရှင်သူမြတ် တည်ဆောက်သော ဝိပဿနာရိပ်သာ၌ (၁) မြေ ငါးပေပတ်လည် ငါးသောင်းကျပ်၊ (၂)ကျောင်း ငါးပေပတ်လည် ငါးသောင်းကျပ်၊ (၃)သိမ် ငါးပေပတ်လည် ငါးသောင်းကျပ်၊ (၄)ဘုရားစေတီ ငါးပေပတ်လည် ငါးသောင်းကျပ်၊ (၅)အုတ်တံတိုင်း ဆယ်ပေတစ်ခန်း ငါးသောင်းကျပ်၊ (၆)ပစ္စည်းလေးပါးပဒေသာပင် ငါးသောင်းကျပ်နှုန်းဖြင့်– ရန်ကုန်၊ မြောက်ဒဂုံ၊ (၄၂)ရပ်ကွက်၊ ဗိုလ်မှူးဗထူးလမ်း၊ ကိုးဘွဲ့ရကျောင်းသို့ဖြစ်စေ၊ အရှင်အာစာရာလင်္ကာရ– မြောက်ဥက္ကလာ ကမ္ဘောဇဘဏ်၊ အကောင့်နံပါတ် ၀၇၀–၁၂–၁၀၀–၇၃–၇၃၃ သို့ဖြစ်စေ လှူဒါန်းနိုင်ကြပါပြီ။
(ဖုန်း–၀၉ ၂၁ ၁၀ ၃၀၅ ၊ ၀၉ ၇၈၇ ၆၆၆၆ ၇၀၊ ၀၉ ၇၈ ၇၈ ၇၇ ၉၆၉၊ ၀၉ ၂၆ ၃၂ ၄၄၄ ၆၆ )

## တိပိဋကဓရ(ယော)ဆရာတော်ကြီး၏ တိပိဋကဘွဲ့ရ(၃၁)နှစ်ပြည့်ကုသိုလ်ပွဲ ရိပ်သာကျောင်းတိုက်တည်(၁၈)နှစ်ပြည့်ဓမ္မအောင်ပွဲပူဇော်ပွဲ ပရိယတ္တိစာသင်တိုက်တည်(၅)နှစ်ပြည့်ဓမ္မအောင်ပွဲပူဇော်ပွဲ စာအောင်သံဃာတော်များအား ချီးကျူးဂုဏ်ပြုပူဇော်ပွဲ

### အလှူတော်မင်္ဂလာဖိတ်ကြားလွှာ

ရွှေဥမင်ဓမ္မသုခတောရရိပ်သာနှင့် ပရိယတ္တိစာသင်တိုက်၏ ဦးစီးပဓာနနာယက တိပိဋကဓရ၊ တိပိဋကကောဝိဒ ဓမ္မဘဏ္ဍာဂါရိက အဂ္ဂမဟာပဏ္ဍိတ(ယော)ဆရာတော် ကြီး၏ တိပိဋကဘွဲ့ရ သုံးဆယ်တစ်နှစ်ပြည့် ကုသိုလ်ပွဲမင်္ဂလာ၊ ရွှေဥမင်ဓမ္မသုခတောရရိပ်သာတည် ထောင်ဖွင့်လှစ်ခြင်း(၁၈)နှစ်ပြည့် ဓမ္မအောင်ပွဲပူဇော်ပွဲ၊ စာသင်တိုက် တည်(၅)နှစ်ပြည့်ဓမ္မအောင်ပွဲပူဇော်ပွဲနှင့်စာအောင်သံဃာတော်များအား ချီးကျူးဂုဏ်ပြုပူဇော်ပွဲများကို ကျင်းပပြုလုပ် ကုသိုလ်ရယူပူဇော်ကြရာတွင် ပင့်သံဃာအပါး (၁၀၀) နှင့်သီလရှင် ဆရာလေးအပါး(၅၀) တို့အား လှူဒါန်းဖွယ်ရာအဖြာဖြာတို့ကို ဆက်ကပ်လှူဒါန်းခြင်းနှင့်ဆွမ်းဆန်စိမ်းလောင်းလှူခြင်းများကို (၁၃၇၇ခုနှစ် တပို့တွဲလပြည့်ကျော် ၁၂ရက်) ၆–၃–၂၀၁၆ရက်(တနင်္ဂနွေနေ့) နံနက် ၈း၀၀ နာရီတွင်ကျင်းပပြုလုပ် ပူဇော်ကြမည်ဖြစ်ပါ၍ ကျောင်းတိုက်၏ ပစ္စည်း (၄)ပါး ဒါယကာ၊ ဒါယိကာမများကုသိုလ် စေတနာရှင်များအတူတကွ ကုသိုလ်အမျှရယူကြပါရန်လေးမြတ်စိတ်ထားဂါရဝတရားဖြင့် ဖိတ်ကြားအပ် ပါသည်။

**ဝေယျာဝစ္စ အကျိုးတော်ဆောင်အဖွဲ့**
**ရွှေဥမင်ဓမ္မသုခတောရရိပ်သာနှင့်ပရိယတ္တိစာသင်တိုက်**
**အောင်မြေသာယာလမ်း၊ ကုန်းတလပေါင်းစံပြကျေးရွာ**
**မင်္ဂလာဒုံမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး**

ဖုန်း–၀၉–၇၃၀၉၆၀၇၂၊ ၀၉–၇၃၁၅၂၆၄၂

## မြောင်းမြမြို့နယ်အသင်း နှစ်ပတ်လည်အစည်းအဝေးနှင့် သက်ကြီးပူဇော်ပွဲ ပညာရည်ချွန်ဆုပေးပွဲ ကျင်းပမည်

မြောင်းမြမြို့နယ်အသင်း (ရန်ကုန်)၏ နှစ်ပတ်လည်အစည်းအဝေးနှင့်သက်ကြီးပူဇော်ပွဲ၊ ပညာရည်ချွန်ဆုပေးပွဲကို ၂၀၁၆ခုနှစ် မတ် ၁၃ရက် တနင်္ဂနွေနေ့ နံနက် ၉း၀၀နာရီမှ ၁၂း၀၀ နာရီအထိ ကြားတောရလမ်း၊ ဗဟန်းမြို့နယ်၊ ရွှေတိဂုံဘုရားအရှေ့ဘက်မုခ်ရှိ ဇရာဝတီတိုင်းဒေသကြီး ဓမ္မာရုံတွင် ကျင်းပပြုလုပ်မည်ဖြစ်ပါသောကြောင့် သက်ကြီးပူဇော်ခံပုဂ္ဂိုလ်များ၊ ပညာရည်ထူးချွန်သူများနှင့် ပညာရေးသင်ကြား ထောက်ပံ့ဆုယူမည့်သူများ ကိုယ်တိုင်တက်ရောက်၍ လက်ခံရယူကြပါရန်နှင့် မြို့နယ်သား/မြို့နယ်သူ၊ အသင်းသား/အသင်းသူများ စုံညီကြွ ရောက်ကြပါရန် ဖိတ်ကြားအပ်ပါသည်။

မြောင်းမြမြို့နယ်အသင်းဝင်များ၏ သားသမီး၊ ပညာသင်ထောက်ပံ့ကြေးရလိုသူများနှင့် ဂုဏ်ထူး (၃)ဘာသာအထက် ရရှိကြသူများ၏ အမည်၊ မိဘအမည်၊ ဂုဏ်ထူးရဘာသာ၊ ကျောင်း စသည့်အချက်အလက်များကို ဥက္ကဋ္ဌ ဦးဝင်းကြည် ဖုန်း–၀၁–၅၇၃၀၇၄၊ ဦးစန်းရွှေ၊ အတွင်းရေးမှူး ဖုန်း–၀၁–၃၈၉၂၆၅၊ ၀၉–၇၃၀၉၈၅၈၄၊ ဒေါ်မြင့်မြင့်သန်း ဖုန်း–၀၉–၅၀၉၄၉၁၁နှင့် ဒေါ်သန်းသန်းနွယ် ဖုန်း–၀၉–၈၅၃၇၃၈၅နှင့် ၀၉–၅၀၉၅၄၃၇တို့ထံ (၅–၃–၂၀၁၅)ရက် ထက် နောက်မကျဘဲ အမည်စာရင်းပေးပို့ကြရန် တိုက်တွန်းနှိုးဆော်အပ်ပါသည်။
**(သီးခြား ဖိတ်စာပို့ပေးမည်မဟုတ်ပါ။)**

**မြို့နယ်အသင်းအမှုဆောင်အဖွဲ့**

## ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် 7J/8941 Daihat Hijet P/U (4x2) (R) ယာဉ်လက်ဝယ်ရှိသူ Daw SEIN LEI SOE ၉/ပကခ(နိုင်)၀၂၃၁၄၅ က (ကမ–၃)ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသောအထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ၁၅ရက်အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင်လာရောက်ကန့်ကွက်နိုင်ပါသည်။
**ကညန၊ ခရိုင်ရုံး (မန္တလေးတောင်ပိုင်း)၊ မန္တလေးမြို့**

## ဖခင်အမည်မှန်

သံဖြူဇရပ်မြို့နယ်၊ ကျိုက္ခမီမြို့ အထက တက္ကသိုလ်ဝင်တန်းမှ မောင်အောင်ခန့်ဖြိုးနှင့် သတ္တမတန်းမှ မောင်သီဟဖြိုး၏ ဖခင်အမည်မှန်မှာ ဦးထွန်းလူ ၁၀/သဖရ (နိုင်) ၀၈၇၁၄၃ ဖြစ်ပါကြောင်း။
**ဦးထွန်းလူ ၁၀/သဖရ(နိုင်) ၀၈၇၁၄၃**

## ဖောင်ကြီး သူရ (၁၀) နှစ် (၄၀)ပြည့်မြောက် တွေ့ဆုံပွဲ ဖိတ်ကြားခြင်း

၁၉၇၆–၁၉၇၇ သူရ (၁၀)သင်တန်းဆင်း သူငယ်ချင်းများတွေ့ဆုံပွဲကို ၄–၃–၂၀၁၆ရက် (သောကြာနေ့) နံနက် ၉ နာရီတွင် ခွဲခွာသွားကြသည့် သူငယ်ချင်းများအား ရည်စူး၍ ဆွမ်းကပ်အမျှဝေလှူဒါန်းခြင်းနှင့် အာစရိယပူဇော်ပွဲ ပြုလုပ်မည်ဖြစ်ပါသဖြင့် ရွှေတိဂုံဘုရားမြောက်ဘက်မုခ်၊ မူလကမ္ဘာအေးလေးကျောင်းသို့ သူငယ်ချင်းများ၏ မိသားစုများ ဖိတ်စာရသည်ဖြစ်စေ၊ မရသည်ဖြစ်စေ တက်ရောက်ကြပါရန်နှင့် ထိုနေ့ ၁၈း၀၀နာရီတွင် ဗဟန်းမြို့နယ်၊ ရွှေဂုံတိုင်လမ်း၊ အမှတ် ၂၂၁/၂၂၃ရှိ (တော်ဝင်နှင်းဆီ)တွင် ပြုလုပ်မည့် မိတ်ဆုံစားပွဲသို့ အနယ်နယ်အရပ်ရပ်မှ သူငယ်ချင်းများ ဖိတ်စာမရသော်လည်း မပျက်မကွက် တက်ရောက်ကြပါရန် ဖိတ်ကြားအပ်ပါသည်။

**သူရ (၁၀)တွေ့ဆုံပွဲကျင်းပရေးကော်မတီ**
**ထွန်းလွင် (အတွင်းရေးမှူး) ဖုန်း–၀၉–၄၂၁၀၆၂၉၈၂**

## အကောက်ခွန်ဝန်ထမ်းဟောင်းများအသင်း (၃၁)ကြိမ်မြောက် နှစ်ပတ်လည်အစည်းအဝေး ဖိတ်ကြားလွှာ

အကောက်ခွန်ဝန်ထမ်းဟောင်းများအသင်း၏ သင်းလုံးကျွတ်နှစ်ပတ်လည် အစည်းအဝေး အခမ်းအနားကို အောက်ပါအစီအစဉ်အတိုင်း ကျင်းပပြုလုပ်မည်ဖြစ်ပါ၍ အသင်းဝင်များ မပျက်မကွက် ကြွရောက်ကြပါရန် လေးစားစွာ ဖိတ်ကြားအပ်ပါသည်။(သီးခြားဖိတ်စာမပို့ပါ။)

**ကျင်းပမည့်နေ့ရက်** – ၂၈–၂–၂၀၁၆ရက် (တနင်္ဂနွေနေ့)
**ကျင်းပမည့်အချိန်** – နံနက် ၀၈း၀၀နာရီ
**ကျင်းပမည့်နေရာ** – အကောက်ခွန်သင်တန်းကျောင်းခန်းမ၊ လမ်း (၅၀)၊ ဗိုလ်တထောင်မြို့နယ်။

**အထူးအစီအစဉ်** – တက်ရောက်လာကြသော အသင်းဝင်များအနက် အသက် (၈၀) အထက် ပုဂ္ဂိုလ်များအား ကန်တော့မည်ဖြစ်ပါသည်။ လှူဒါန်းလိုသော စေတနာရှင်များအနေဖြင့် အသင်းသို့ ဆက်သွယ်လှူဒါန်းနိုင်ပါသည်။

**အလုပ်အမှုဆောင်အဖွဲ့**

## ရွှေပါရမီသွေးလှူဒါန်းပွဲ

ရွှေပါရမီတောရဆရာတော် အရှင်ဆန္ဒာဓိကနှင့် တပည့်ဒါယကာ၊ ဒါယိကာမများ၏ (၃၃)ကြိမ်မြောက် ဒါနဥပပါရမီ စုပေါင်းသွေးလှူဒါန်းပွဲကို မတ်လ (၆)ရက် (တနင်္ဂနွေနေ့) တွင် ရန်ကုန်ပြည်သူ့ဆေးရုံကြီး၊ အမျိုးသားသွေးဌာန၌ နံနက် ၈ နာရီမှ မွန်းလွဲ ၂ နာရီအထိ ကျင်းပပြုလုပ်မည်ဖြစ်ရာ မည်သူမဆို ဆရာတော်နှင့်အတူ လာရောက်လှူဒါန်းနိုင်ပါသည်။

သွေးလှူဒါန်းသူများအဆင်ပြေစေရန် ၂၆–၂–၂၀၁၆ နေ့မှ စတင်၍ ဖုန်း ၀၁–၃၇၀၀၅၆၊ ၃၇၀၂၆၀၊ ၃၇၂၇၅၃ သို့ ကြိုတင်စာရင်းပေးသွင်းနိုင်ပါသည်။

## စစ်တွေမြို့နယ်အသင်း(ရန်ကုန်) နှစ်ပတ်လည်အစည်းအဝေးနှင့် ပညာရည်ချွန်ဆုချီးမြှင့်ပွဲ အခမ်းအနား ဖိတ်ကြားခြင်း

ဖော်ပြပါအခမ်းအနားအား အောက်ပါအစီအစဉ်အတိုင်း ကျင်းပပြုလုပ်ပါမည်။ နာယကများ၊ အလုပ်မှုဆောင်အဖွဲ့ဝင်များ၊ အသင်းသူ/သားများနှင့် စာရင်းပေးထားသော ပညာရည်ချွန်ကျောင်းသား/သူများ၊ မိဘအုပ်ထိန်းသူများနှင့်အတူ ဖိတ်စာရသည်ဖြစ်စေ၊ မရသည်ဖြစ်စေ တက်ရောက်ကြပါရန် လေးစားစွာ ဖိတ်ကြားအပ်ပါသည်။

**နေ့ရက်** – ၂–၃–၂၀၁၆ရက် (ဗုဒ္ဓဟူးနေ့၊ တောင်သူလယ်သမားနေ့)
**အချိန်** – မွန်းလွဲ ၁၂း၃၀နာရီ
**နေရာ** – ရခိုင်ပြည်နယ်ဓမ္မာရုံ၊ အာဇာနည်လမ်း၊ ဗဟန်းမြို့နယ်၊ ရန်ကုန်

**အလုပ်အမှုဆောင်အဖွဲ့**

## ငွေချက်ထုတ်ရန်သမ္မန်စာ

(တရားမကျင့်ထုံး ဥပဒေအမိန့်–၅၊ နည်းဥပဒေ–၂၀)
ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ်တရားရုံး၌
၂၀၁၅ခုနှစ် တရားမကြီးမှုအမှတ်–၉၂

ဦးအောင်မျိုးထွဋ်(၎င်း၏အခွင့်ရ ကိုယ်စားလှယ် ဒေါ်လှမြတ်ကျော်) **နှင့်** ဦးတင်ဆောင်
**တရားလို** **တရားပြိုင်**

ရန်ကုန်တိုင်းဒေသကြီး၊ ဒဂုံမြို့သစ်(အရှေ့ပိုင်း)မြို့နယ်၊ (၂)ရပ်ကွက်၊ သီတဂူလမ်း၊ အမှတ် (၆၁၃)နေ တရားပြိုင် ဦးတင်ဆောင် (ယခုနေရပ်လိပ်စာမသိသူ) သိစေရမည်။

သင့်အပေါ်၌ တရားလို ဦးအောင်မျိုးထွဋ်က ပဋိညာဉ်အတိုင်း မြေနှင့်အိမ်အရောင်းအဝယ် စာချုပ်ကို မှတ်ပုံတင်စာချုပ်ချုပ်ဆိုပေးစေလိုမှု လျှောက်ထားစွဲဆိုချက်ရှိသည်ဖြစ်၍ သင်ကိုယ်တိုင်ဖြစ်စေ၊ သို့တည်းမဟုတ် ၎င်းအမှုနှင့်စပ်လျဉ်း၍ အရေးကြီးသည့်စကားအရပ်ရပ်တို့ကို ချေပပြောဆိုနိုင်သူ သင့်ကိုယ်စားလှယ်ရုံးအခွင့်အမိန့်ရရှေ့နေဖြစ်စေ၊ သို့တည်းမဟုတ် ၎င်းအမှုနှင့်စပ်ဆိုင်သည့်အချက်များကို ချေပပြောဆိုနိုင်သူ တစ်ဦးတစ်ယောက် ၎င်းရှေ့နေနှင့်ပါစေ၍ဖြစ်စေ ၂၀၁၆ခုနှစ် မတ် ၄ရက် (၁၃၇၇ခုနှစ် တပို့တွဲလပြည့်ကျော် ၁၀ရက်) မွန်းမတည့်မီ ၁၀နာရီတွင် အထက်ကအမည်ရေးသားပါရှိသူ တရားလို၏စွဲဆိုချက်ကို ထုချေရှင်းလင်းရန် ရုံးတော်သို့လာ ရောက်ရမည်။ ၎င်းအပြင် သင်သိစေရမည်မှာ အထက်ကဆိုခဲ့သည့်ရက်တွင် သင်မလာမရောက် ပျက်ကွက်ခဲ့လျှင် သင့်ကွယ်ရာတွင် ငြင်းချက်များကို ထုတ်ပေးလိမ့်မည်။ ၎င်းအပြင် တရားလိုက ကြည့်ရှုလိုသည်များနှင့် သင်က ထုချေတင်ပြအမှီပြုလိုသည့် စာချုပ်စာတမ်းအစရှိသည်တို့ကို သင်နှင့်အတူ ယူဆောင်လာရမည်။ သို့တည်းမဟုတ် သင့်ကိုယ်စားလှယ်ရှေ့နေလက်တွင် ထည့်အပ်ပို့လိုက်ရမည်။ သင်ကထုချေလွှာတင်သွင်းလိုလျှင် အမှုမဆိုင်မီလေးရက်က တင်သွင်းရမည်။

၂၀၁၆ခုနှစ် ဖေဖော်ဝါရီ ၁၉ ရက်တွင် ဤရုံးတံဆိပ်ရိုက်နှိပ်၍ ကျွန်ုပ်လက်မှတ်ရေးထိုး ထုတ်ပေးလိုက်သည်။

**(ဇင်မာဦး)**
**တွဲဖက်မြို့နယ်တရားသူကြီး(၂)**
**ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ်တရားရုံး**

## အယူခံမှုဆိုင်ရန် ချိန်းဆိုသည့်နေ့ရက်ကို အယူခံတရားပြိုင်သို့ ကြားသိစေသည့် အကြောင်းကြားစာ

(တရားမကျင့်ထုံး ကိုဓဥပဒေအမိန့်–၄၁၊ နည်းဥပဒေ–၁၄)
မန္တလေးတိုင်းဒေသကြီးတရားလွှတ်တော်
၂၀၁၅ခုနှစ် တရားမပထမအယူခံမှု–၃၈၄

ဒေါ်သူဇာမြင့် **နှင့်** ဒေါ်မြသိန်း ပါ–၃
**အယူခံတရားလို** **အယူခံတရားပြိုင်များ**

၂၀၁၅ခုနှစ် အောက်တိုဘာ ၂၃ ရက်စွဲပါ မန္တလေးခရိုင် နယ်တရားရုံးတော် မကြီး ၂၆၆/၂၀၁၃ ကို အယူခံမှု။

အယူခံတရားပြိုင် ၁။ ဒေါ်မြသိန်း။ ၂။ မောင်စစ်သူ၊ ၃။ မောင်စစ်ပိုင်(အတူနေသားအမိများ)အမှတ် ၆၂၊၃၉ လမ်း၊ ၈၀×၈၁ လမ်းကြား၊ မဟာအောင်မြေမြို့နယ်၊ မန္တလေးမြို့ (ယခုနေရပ်လိပ်စာမသိသူ) သိစေရမည်။

ယခုအမှုတွင် မန္တလေးခရိုင်တရားရုံးက ချမှတ်ပေးသည့် ဒီကရီကို ဒေါ်သူဇာမြင့်က အယူခံရာ ဤရုံးတွင် မှတ်ပုံစာရင်းတင်သွင်းပြီး ဤအယူခံမှုကို ၂၀၁၆ခုနှစ် မတ် ၁ ရက် (၁၃၇၇ခုနှစ် တပို့တွဲလပြည့်ကျော် ၇ ရက်)တွင်ဆိုင်ရန် ဤရုံးက ချိန်းဆိုလိုက်သည်။ သင်ကိုယ်တိုင်ဖြစ်စေ၊ သင့်ရှေ့နေဖြစ်စေ၊ ဤအယူခံမှုတွင် သင့်အတွက်ဆောင်ရွက်ရန် တရားဥပဒေအရ ခွင့်ပြုထားသူ ကိုယ်စားလှယ်ဖြစ်စေ၊ မလာမရောက်ရှိခဲ့လျှင် ဤအယူခံမှုကို သင်မရှိသည့်အခါတွင် တစ်ဖက်သတ်ပြုလုပ်၍ စီရင်ဆုံးဖြတ်လိမ့်မည်။

ထို့ပြင် သင်ကအယူခံနိုင်ခွင့်ရှိသော ဤအမှုတွင် ဒီကရီကိုအမိန့်–၄၁၊ နည်းဥပဒေ–၂၂ အရ ကန့်ကွက်လိုလျှင် အမိန့်–၄၁၊ နည်းဥပဒေ–၂၂အရ ချိန်းထားသည့်အချိန်အတွင်း ဤကဲ့သို့ သင်က ကန့်ကွက်လိုကြောင်း ဤအယူခံရုံး၌ အကြောင်းကြားအစီရင်ခံစာသွင်းရမည်။

၂၀၁၆ ခုနှစ် ဖေဖော်ဝါရီ ၁၀ ရက်တွင် ဤရုံးတံဆိပ်ရိုက်နှိပ်၍ ကျွန်ုပ် လက်မှတ်ရေးထိုး ထုတ်ပေးလိုက်သည်။

**အမိန့်အရ–**

**(တင်ထွေးဦး)**
**ဒုတိယညွှန်ကြားရေးမှူး**
**မန္တလေးတိုင်းဒေသကြီးတရားလွှတ်တော်**

## (ဒုတိယအကြိမ်)အာစရိယပူဇော်ပွဲ ရေးမြို့နယ် အစင်စံပြကျေးရွာ

ရေးမြို့နယ်၊ အစင်စံပြကျေးရွာအခြေခံပညာမူလတန်းကျောင်းမှ အထက်တန်းကျောင်းထိခေတ်အဆက်ဆက် တာဝန်ထမ်းဆောင်ခဲ့ကြသော အငြိမ်းစား ကျောင်းအုပ် ဆရာကြီး/ဆရာမကြီးများနှင့် ဆရာ/ဆရာမ(ငြိမ်း)များခင်ဗျား ဒုတိယအကြိမ်မြောက် အာစရိယပူဇော်ပွဲကို ကျင်းပမည်ဖြစ်၍ နေရပ်လိပ်စာနှင့် ဖုန်းနံပါတ်များကို အောက်ပါတပည့် များနှင့်ဆက်သွယ်ပေးကြပါရန် တပည့်ဟောင်းများက လေးစားစွာဖြင့် တောင်းခံအပ်ပါသည် ခင်ဗျား–

| | |
|---|---|
| ၁။ ဒေါ်ခင်အုန်းမြင့်(အစင်) | ဖုန်း–၀၉–၄၂၅၃၆၄၀၇၈ |
| ၂။ ဒေါ်မိသန်း(ခ)ဒေါ်သန်းပို(အစင်) | ဖုန်း–၀၉–၂၅၅၇၉၂၅၁၅ |
| ၃။ ဦးဖေမြင့်(အစင်) | ဖုန်း–၀၉–၄၂၅၃၆၈၅၅၅ |
| ၄။ ဦးဖေသန်း(အစင်) | ဖုန်း–၀၉–၈၇၂၇၃၁၇ |
| ၅။ ဦးလှအောင်(အစင်) | ဖုန်း–၀၉–၉၆၁၈၉၀၈၁၇ |
| ၆။ ဒေါ်ခင်မြင့်လွင်(ရန်ကုန်) | ဖုန်း–၀၉–၄၂၅၃၄၆၆၂၇ |
| ၇။ ဦးဖေဆန်း(ရန်ကုန်) | ဖုန်း–၀၉–၅၁၁၈၆၀၁ |

(ကျင်းပမည့်ရက်ထပ်မံအကြောင်းကြားပါမည်။)

## ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် 7F/3254 Honda ACTY HA7 P/U(4×4) ® ယာဉ်လက်ဝယ်ရှိသူ ဦးကျော်ရဲမင်း ၁၂/ဒဂရ(နိုင်)၀၂၇၂၄၄ က (ကမ–၃)ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသောအထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ၁၅ ရက်အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင်လာရောက် ကန့်ကွက်နိုင်ပါသည်။ **ကညန၊ ခရိုင်ရုံး (ရန်ကုန်အရှေ့ပိုင်း)၊ ရန်ကုန်မြို့**

# မင်္ဂလာဦးဆွမ်းကျွေးနှင့် မင်္ဂလာဧည့်ခံပွဲကျေးဇူးတင်လွှာ

ရန်ကုန်တိုင်းဒေသကြီး၊ ပုဇွန်တောင်မြို့နယ်၊ စံပယ်လမ်း၊ အမှတ် ၁၀နေ
ဦးလှမြင့်(D.S.A 17th)(ဒုတိယညွှန်ကြားရေးမှူး-ငြိမ်း၊ ဘဏ္ဍာ/အခွန်)(အေးချမ်းသာကျောက်မျက်လုပ်ငန်း)-
ဒေါ်အေးခိုင်တို့၏တစ်ဦးတည်းသောသား

**မောင်ရဲလင်းအောင် B.A(Business Management)**

**Aye Chan Thar Company Limited**

နှင့်

ရန်ကုန်တိုင်းဒေသကြီး၊ တောင်ဥက္ကလာပမြို့နယ်၊ သူရလမ်း၊ အမှတ် ၈၇/ကနေ
(ဦးစိုးဝင်း)-ဒေါ်ခင်ဦးသွင်(မန်နေဂျာ-ငြိမ်း၊ အမှတ်-၁၊ စက်မှုဝန်ကြီးဌာန)တို့၏တစ်ဦးတည်းသောသမီး

**မစိုးမာလာ(ခ)ဆူဇီ**

**B.A(English)**

**Bonanza City Company Limited**

တို့၏ ၆-၁-၂၀၁၆ရက်တွင် မင်္ဂလာမော်ကွန်းတင်လက်မှတ်ရေးထိုးပေးပါသော ရန်ကုန်တိုင်းဒေသကြီးတရားလွှတ်တော် တရားသူကြီး ဦးလှအေးအားလည်းကောင်း၊ ၂၃-၁-၂၀၁၆ရက်တွင် ရန်ကုန်မြို့၊ ဒက္ခိဏာရုံကျောင်းတိုက်၌ ကျင်းပခဲ့သော မင်္ဂလာဦးဆွမ်းကျွေးနှင့် ၁၄-၂-၂၀၁၆ရက်တွင် Sedona Hotel Grand Ballroom၌ ကျင်းပသော မင်္ဂလာဧည့်ခံပွဲတွင် မင်္ဂလာအောင်စံပယ်ပန်းကုံးချီးမြှင့်ပေးပါသော ရန်ကုန်တိုင်းဒေသကြီးဝန်ကြီးချုပ် ဦးမြင့်ဆွေနှင့်ဇနီး ဒေါ်ခင်သက်ငွေတို့အားလည်းကောင်း၊ မင်္ဂလာလက်စွပ်ချီးမြှင့်ပေးပါသော ကာကွယ်ရေးဦးစီးချုပ်(လေ)ဗိုလ်ချုပ်ကြီးမြတ်ဟိန်း(ငြိမ်း)နှင့်ဇနီး ဒေါ်ထွေးထွေးညွန့်၊ မင်္ဂလာရွှေဆွဲကြိုးချီးမြှင့်ပေးပါသော သမ္မတရုံး ပြည်ထောင်စုဝန်ကြီး သရေစည်သူ ဦးစိုးမောင်နှင့်ဇနီး ဒေါ်နန်းဖြူဖြူအေး၊ မင်္ဂလာရွှေဟန်းချိန်းချီးမြှင့်ပေးပါသော လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး(ငြိမ်း) ဝဏ္ဏကျော်ထင် ဦးခင်ရီနှင့်ဇနီး ဒေါ်ခင်မေစိုးတို့အားလည်းကောင်း၊ မေတ္တာဖြင့် မင်္ဂလာလက်ဖွဲ့ပေးပို့ပေးကြပါသော တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်နှင့်ဇနီး ဒေါ်ကြူကြူလှ၊ ပြည်ထဲရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒုတိယဗိုလ်ချုပ်ကြီးကိုကိုနှင့်ဇနီး ဒေါ်စဝ်နွန်းခွန်ဆမ်၊ မွေးမြူရေး၊ ရေလုပ်ငန်းနှင့် ကျေးလက်ဒေသဖွံ့ဖြိုးရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး သရေစည်သူ ဦးအုန်းမြင့်နှင့်ဇနီး ဒေါ်နုနုထွေး၊ အားကစားဝန်ကြီးဌာန ဒုတိယဝန်ကြီး ဇေယျကျော်ထင်ဦးဇော်ဝင်းနှင့်ဇနီး ဒေါ်ခင်လေးမြင့်၊ ကာကွယ်ရေးဝန်ကြီးဌာန ဒုတိယဗိုလ်ချုပ်ကြီးကျော်ဆွေနှင့်ဇနီး ဒေါ်ဝင်းဝင်းမော်၊ ဟိုတယ်နှင့်ခရီးသွားလာရေးလုပ်ငန်းဝန်ကြီးဌာန ဝန်ကြီး(ငြိမ်း)ဗိုလ်ချုပ်စိုးနိုင်နှင့်ဇနီး ဒေါ်တင်တင်လတ်၊ မင်္ဂလာဧည့်ခံပွဲသို့ တက်ရောက်ချီးမြှင့်ပေးပါသော သမ္မတရုံးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးတင်နိုင်သိန်းနှင့်ဇနီး၊ သတ္တုတွင်းဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးသန်းထွန်းအောင်နှင့်ဇနီး ဒေါ်မို့မို့နွယ်၊ အကျဉ်းဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးသန်းငွေနှင့်ဇနီး ဒေါ်ဥမ္မာလှိုင်တို့အားလည်းကောင်း၊ စစ်တက္ကသိုလ် အမှတ်စဉ်(၁၇)မှ အရာရှိကြီးများနှင့်ဇနီးများ၊ အကျဉ်းဦးစီးဌာနမှ အရာရှိများနှင့်ဇနီးများအားလည်းကောင်း၊ မင်္ဂလာအခမ်းအနားမှူးအဖြစ်ဆောင်ရွက်ပေးပါသော ဦးကျော်စိုးဦး၊ မင်္ဂလာအခါတော်ပေးသီချင်းသီဆိုပေးပါသော တေးသံရှင်ရတနာဦး၊ မင်္ဂလာတေးသံသာများကို တီးခတ်သီဆိုပေးပါသော Cupid Bandနှင့် တေးသံရှင်များအားလည်းကောင်း၊ မင်္ဂလာပန်းကြဲပေးပါသော မနှင်းနန္ဒာထွန်း၊ မင်္ဂလာအောင်စံပယ်ပန်းကုံးကိုင်ဆောင်ပေးပါသော မမေသဇင်ကျော်၊ မင်္ဂလာရွှေလက်စွပ်၊ ရွှေဆွဲကြိုးနှင့်ရွှေဟန်းချိန်းများ ကိုင်ဆောင်ပေးပါသော မနှင်းဒါလီ မမကို၊ မင်္ဂလာသတို့သားအရံ မောင်မင်းသက်ကိုနှင့် ဒေါက်တာဇေယျာဖြိုး၊ မင်္ဂလာသတို့သမီးအရံ မချမ်းမြေအေးနှင့်ဒေါက်တာသဲသက်ဆု၊ မင်္ဂလာဝတ်စုံနှင့် မိတ်ကပ်အလှဆင်ပေးပါသော မိတ်ကပ်မေဦးနှင့်အဖွဲ့သားများ၊ ပန်းအလှဆင်ပေးပါသော အန်တီစနေ(Pro-Florist)၊ မေတ္တာဖြင့် လက်ဝတ်ရတနာဆင်မြန်းပေးပါသော စကြာရွှေရည်(စိန်ရွှေရတနာဆိုင်)၊ ဓာတ်ပုံ/ဗီဒီယိုမှတ်တမ်းတင်ပေးပါသော ပီတာမင်းဆက်(The Bridal Garden)နှင့်အဖွဲ့သားများ၊ Pre Wedding Photoများ ရိုက်ကူးပေးပါသော ကိုကျော်ရွှေမင်း(Dior Photo Studio)၊ ပီတာမင်းဆက်(The Bridal Garden)နှင့် Steven Minn (Photography)၊ မင်္ဂလာဖိတ်စာများရိုက်နှိပ်ပေးပါသော ငွေစံလင်းပုံနှိပ်တိုက်နှင့် ဧည့်ခံကျွေးမွေးပေးပါသော Sedona Hotel Yangonမှ မလီလီ၊ မသီဂီနှင့် ဝန်ထမ်းများအားလည်းကောင်း၊ မင်္ဂလာညစာစားပွဲ၌ ကူညီပေးကြပါသော ရွှေရှမ်းကန်(အင်းလျား)မှ မန်နေဂျာကိုစိုးထွဋ်နှင့်ဝန်ထမ်းများအားလည်းကောင်း၊ ဤမင်္ဂလာပွဲဖြစ်မြောက်ရေးအတွက် အဘက်ဘက်မှ ဝိုင်းဝန်းကူညီပေးကြပါသော စစ်ဘက်၊ နယ်ဘက်မှ အကြီးအကဲများ၊ နှစ်ဖက်သော ဆွေမျိုးမိတ်သင်္ဂဟများအားလုံးနှင့် ကျေးဇူးတင်ထိုက်သူအားလုံးတို့အား လှိုက်လှဲစွာကျေးဇူးဥပကာရ အထူးတင်ရှိပါသည်။

**နှစ်ဖက်သောမိဘများနှင့်**
**မောင်ရဲလင်းအောင်-မစိုးမာလာ**

# ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ
## နယ်စပ်ရေးရာဝန်ကြီးဌာန
## ဝန်ကြီးရုံး
## ရုံးအမှတ်(၄၂)၊ နေပြည်တော်
## လူတွေ့စစ်ဆေးဖြေဆိုမည့်ရက် ကြေညာခြင်း

၁။ နယ်စပ်ရေးရာဝန်ကြီးဌာန၊ ဝန်ကြီးရုံးနှင့်နယ်စပ်ဒေသနှင့်တိုင်းရင်းသား လူမျိုးများဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနတွင် အငယ်တန်းစာရေးရာထူး (လစာနှုန်းကျပ် ၁၅၀၀၀၀-၂၀၀၀-၁၆၀၀၀၀)နေရာများအတွက် ၇-၂-၂၀၁၆ရက်တွင် နေပြည်တော်၌ ကျင်းပပြုလုပ်ခဲ့သည့် ရေးဖြေစာမေးပွဲ ဝင်ရောက်ဖြေဆိုသူများအနက် အောက်ပါခုံနံပါတ်များသည် ရေးဖြေအောင်မြင်ပြီး ဖြစ်သဖြင့် သတ်မှတ်ရက်အတိုင်း လူတွေ့စစ်ဆေးခံရန် ဖြစ်ပါသည်-

**(က) ၇-၃-၂၀၁၆ရက်(တနင်္လာနေ့)**

၀၀၀၈၊ ၀၀၁၃၊ ၀၀၃၅၊ ၀၀၅၀၊ ၀၀၆၃၊ ၀၁၆၄၊ ၀၂၃၂၊ ၀၂၇၂၊ ၀၂၈၆၊ ၀၃၀၄၊ ၀၃၀၉၊၀၃၁၁၊ ၀၃၂၅၊ ၀၃၂၇၊ ၀၃၃၇၊ ၀၃၅၂၊ ၀၃၆၂၊ ၀၃၆၆၊ ၀၄၂၇၊ ၀၄၅၈၊ ၀၄၉၂၊ ၀၅၁၀၊ ၀၅၁၄၊ ၀၅၆၀၊ ၀၆၀၀၊ ၀၆၀၈၊ ၀၆၁၂၊ ၀၆၂၃၊ ၀၆၃၃၊ ၀၆၃၈၊ ၀၆၄၃၊ ၀၆၅၄၊ ၀၆၆၇၊ ၀၆၉၃၊ ၀၆၉၆၊ ၀၆၉၉၊ ၀၇၁၀၊ ၀၇၆၁၊ ၀၇၇၉၊ ၀၇၈၁၊ ၀၇၉၀၊ ၀၇၉၄၊ ၀၈၁၀၊ ၀၈၃၈၊ ၀၈၉၀၊ ၀၉၈၂၊ ၁၀၀၇၊ ၁၀၂၅၊ ၁၀၉၀၊ ၁၀၉၃၊ ၁၁၂၀၊ ၁၁၄၁၊ ၁၁၄၉၊ ၁၁၉၆၊ ၁၂၀၆။

**(ခ) ၈-၃-၂၀၁၆ရက်(အင်္ဂါနေ့)**

၀၀၀၁၊ ၀၀၀၃၊ ၀၀၀၆၊ ၀၀၅၆၊ ၀၀၅၈၊ ၀၀၈၇၊ ၀၁၂၂၊ ၀၁၆၀၊ ၀၁၈၃၊ ၀၂၁၅၊ ၀၂၂၅၊ ၀၂၄၀၊ ၀၂၄၁၊ ၀၂၇၀၊ ၀၂၉၄၊ ၀၃၁၄၊ ၀၃၄၀၊ ၀၃၆၃၊ ၀၄၃၃၊ ၀၄၄၄၊ ၀၄၅၅၊ ၀၄၇၁၊ ၀၅၂၇၊ ၀၅၇၄၊ ၀၅၈၈၊ ၀၅၉၅၊ ၀၆၃၉၊ ၀၆၄၇၊ ၀၆၅၅၊ ၀၆၆၈၊ ၀၆၈၃၊ ၀၆၉၁၊ ၀၇၃၅၊ ၀၇၅၁၊ ၀၇၆၉၊ ၀၈၆၆၊ ၀၉၀၈၊ ၀၉၁၁၊ ၀၉၂၁၊ ၀၉၂၇၊ ၀၉၄၅၊ ၀၉၅၉၊ ၁၀၀၄၊ ၁၀၄၇၊ ၁၀၆၂၊ ၁၀၇၀၊ ၁၀၉၁၊ ၁၁၁၃၊ ၁၁၂၁၊ ၁၁၂၄။

**(ဂ) ၉-၃-၂၀၁၆ရက်(ဗုဒ္ဓဟူးနေ့)**

၀၀၁၅၊ ၀၀၁၈၊ ၀၀၅၁၊ ၀၀၅၄၊ ၀၀၈၅၊ ၀၀၈၈၊ ၀၀၉၃၊ ၀၀၉၈၊ ၀၁၅၂၊ ၀၁၉၁၊ ၀၂၀၄၊ ၀၂၂၁၊ ၀၂၅၂၊ ၀၂၇၆၊ ၀၂၈၈၊ ၀၃၀၂၊ ၀၃၁၆၊ ၀၃၃၄၊ ၀၃၅၅၊ ၀၄၀၅၊ ၀၄၁၆၊ ၀၄၂၂၊ ၀၄၆၉၊ ၀၄၈၈၊ ၀၅၀၄၊ ၀၅၁၆၊ ၀၅၈၃၊ ၀၅၈၉၊ ၀၅၉၀၊ ၀၆၀၅၊ ၀၆၁၃၊ ၀၆၆၂၊ ၀၆၈၄၊ ၀၆၈၆၊ ၀၇၁၆၊ ၀၇၃၆၊ ၀၇၄၃၊ ၀၇၅၆၊ ၀၇၈၉၊ ၀၇၉၁၊ ၀၇၉၈၊ ၀၈၀၇၊ ၀၈၂၇၊ ၀၈၃၀၊ ၀၈၃၄၊ ၀၈၅၀၊ ၀၈၆၀၊ ၀၈၇၃၊ ၀၈၈၁၊ ၀၈၉၇၊ ၀၉၀၆၊ ၀၉၂၄၊ ၀၉၂၆၊ ၀၉၃၂၊ ၀၉၆၄၊ ၀၉၆၆၊ ၀၉၇၇၊ ၁၀၁၈၊ ၁၀၃၁၊ ၁၀၅၂၊ ၁၀၆၅၊ ၁၁၀၅၊ ၁၁၁၂၊ ၁၁၄၃၊ ၁၂၀၇။

၂။ သို့ဖြစ်ပါ၍ ခုံနံပါတ်ပါဝင်သူများသည် သတ်မှတ်ရက်အတိုင်း နံနက် ၉ နာရီတွင် နယ်စပ်ဒေသနှင့်တိုင်းရင်းသားလူမျိုးများ ဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာန၊ ရုံးအမှတ် ၄၂၊ နေပြည်တော်သို့ ရုံးချိန်အတွင်း မိမိ၏ နိုင်ငံသားစိစစ်ရေးကတ်ပြား၊ ဘွဲ့လက်မှတ်၊ တက္ကသိုလ်ဝင်တန်းအောင်လက်မှတ်(မူရင်း)များ ယူဆောင်၍ လာရောက်သတင်းပို့ရန် အကြောင်းကြားပါသည်။

၃။ သတ်မှတ်ရက်ထက်နောက်ကျပြီး လာရောက်သတင်းပို့သူများကို လူတွေ့စစ်ဆေးခြင်းပြုလုပ်မည် မဟုတ်ပါ။

၄။ အသေးစိတ်သိရှိလိုပါက ရုံးချိန်အတွင်း ဖုန်း-၀၆၇-၄၀၉၃၅၅၊ ၀၆၇-၄၀၉၄၀၀ တို့သို့ စုံစမ်းမေးမြန်းနိုင်ပါသည်။


STI MYANMAR UNIVERSITY
University of Bedfordshire

**STI MU နှင့် University of Bedfordshire (UK) တို့ ပူးပေါင်း၍အောက်ပါ ဘွဲ့ကြို ဘွဲ့လွန်သင်တန်းများ ဖွင့်လှစ်မည်။**

**Faculty of Health Science** NEW!

1. Master of Business Administration (Hospital & Health Services Management)
2. Master of Nutrition and Dietetics
3. Master of Public Health

သင်တန်းအောင်မြင်သူများ အောက်ပါအဖွဲ့အစည်းများတွင် အသင်းဝင်အဖြစ်လျှောက်ထားနိုင်ပါသည်။

- Royal Society for Public Health (RSPH) UK
- Association for Nutrition (AfN) UK

**Faculty of Education & Linguistics**

Master of Education in Leadership and Management

ENROLL NOW

**ဘွဲ့ကြိုသင်တန်းဝင်ခွင့်လိုအပ်ချက်**

- တက္ကသိုလ်ဝင်တန်းဖြေဆိုအောင်မြင်ပြီးသူများ
- IGCSE ဖြေဆိုအောင်မြင်ပြီးသူများ
- ဒုတိယနှစ် (သို့မဟုတ်) နောက်ဆုံးနှစ်လျှောက်ထားလိုသူများသည် STI MU မှ ဒီပလိုမာ/အဆင့်မြင့်ဒီပလိုမာ (သို့မဟုတ်) HND (သို့မဟုတ်) ABE (သို့မဟုတ်)
- ဘွဲ့တစ်ခုခုရရှိပြီးသူများ လျှောက်ထားနိုင်ပါသည်။

**ဘွဲ့လွန်သင်တန်းဝင်ခွင့်လိုအပ်ချက်**

- ဘွဲ့တစ်ခုခုရရှိပြီးသူများ လျှောက်ထားနိုင်ပါသည်။
အင်္ဂလိပ်ဘာသာကျွမ်းကျင်ရန်လိုအပ်ပြီး သင်တန်းများ၏ဝင်ခွင့်ထောက်ခံချက်လိုအပ်ပါသည်။

**Faculty of Business**

1. Bachelor of Arts (Honours) Business Administration
2. Bachelor of Arts (Honours) Accounting
3. Master of Business Administration

သင်တန်းအောင်မြင်သူများ အောက်ပါအဖွဲ့အစည်းများတွင် အသင်းဝင်အဖြစ်လျှောက်ထားနိုင်ပါသည်။

- Chartered Institute of Marketing UK (CIM)
- The Association of International Accountants UK (AIA)
- The Association of Chartered Certified Accountants UK (ACCA)

**Faculty of Engineering**

1. Bachelor of Engineering (Honours) Civil Engineering
2. Bachelor of Engineering (Honours) Architectural Engineering
3. Bachelor of Engineering (Honours) Electronic Engineering
4. Bachelor of Engineering (Honours) Civil & Architectural Engineering
5. Bachelor of Arts (Honours) Architectural Design
6. Bachelor of Science (Honours) Construction Management
7. Master of Business Administration (Engineering Management)

သင်တန်းအောင်မြင်သူများ အောက်ပါအဖွဲ့အစည်းများတွင် အသင်းဝင်အဖြစ်လျှောက်ထားနိုင်ပါသည်။

- Chartered Institute of Building UK (CIOB)
- Institution of Civil Engineers UK (ICE)

Block-10, MICT Park, လှိုင်တက္ကသိုလ်၊ ရန်ကုန်
Ph: 507151/52, 377988, 09 250064451
https://www.facebook.com/STIMyanmarUni
www.stiedu.net

# ရာဇဂြိုဟ်ရေလှောင်တမံ ဘက်စုံစီမံကိန်း ပေါ်ထွက်လာတော့မည်



ရာဇဂြိုဟ်ရေလှောင်တမံဘက်စုံစီမံကိန်း တည်ဆောက်ပြီးစီးမှုကို တွေ့ရစဉ်။

**သတင်းဆောင်းပါး**
**တင်မောင်လွင်(မြန်မာ့အလင်း)**
**ဓာတ်ပုံ-ဝင်းအောင်(လယ်/ဆည်)**

မကြာမီ စစ်ကိုင်းတိုင်းဒေသကြီး ကလေးမြို့နယ် ရာဇဂြိုဟ်ရွာလေးမှ နေ၍ ခြိမ့်ခြိမ့်သဲသဲဖြင့် ထွက်ပေါ်လာမည့် အောင်စည်အောင်မောင်း တေးသံသာများသည် အနီးဝန်းကျင်ရှိ ချင်းတောင်တန်းများဆီ ထိအောင် ပျံ့လွင့်လာတော့မည်။ အကြောင်းမှာ ရာဇဂြိုဟ် ရေလှောင်တမံဘက်စုံ စီမံကိန်း တည်ဆောက်ပြီးစီးခြင်း အထိမ်းအမှတ်ကြောင့်ပင် ဖြစ်သည်။

အဆိုပါ ရာဇဂြိုဟ်ရေလှောင် တမံဘက်စုံစီမံကိန်းသည် ကလေးမြို့နယ်ရှိ အိန္ဒိယ-မြန်မာ ချစ်ကြည်ရေး လမ်းမဖြစ်သော ကလေး-တမူး လမ်းအနီးရှိ ကလေးမြို့နယ် ရာဇဂြိုဟ်ကျေးရွာ၏ မြောက်ဘက်နှစ်မိုင်ခန့်အကွာ နေရဥ္စရာမြစ်ပေါ်တွင် တည်ဆောက်ထားပြီး ယခုအခါ တည်ဆောက်ရေး လုပ်ငန်းများ အားလုံးပြီးစီးပြီ ဖြစ်သောကြောင့် မကြာမီဖွင့်လှစ်ရန် စီစဉ်ထားကြောင်း သိရသည်။

*စာမျက်နှာ ၁၀ ကော်လံ ၁* ●

**ယနေ့ ဖတ်စရာ**

**နီပေါ၌ လေယာဉ်ငယ် တစ်စင်းပျက်ကျပြီး ခရီးသည်များသေဆုံး**
စာမျက်နှာ » ၄

**ဒေးဒရဲမြို့၏ တောင်-အရှေ့တောင်ဘက် ၁၅ မိုင်ခန့် အကွာကို ဗဟိုပြု၍ အင်အားအနည်းငယ်ရှိ မြေငလျင်လှုပ်**
စာမျက်နှာ » ၉

## ဧရာဝတီမြစ်အထက်ပိုင်းမြင့်တက်ခဲ့သော မြစ်ရေများ လက်ရှိရေမှတ်များထက် မြင့်တက်လာနိုင်

**နေပြည်တော် ဖေဖော်ဝါရီ ၂၄**

ဧရာဝတီမြစ်ရေသည် ဖေဖော်ဝါရီ ၂၂ ရက်က မြစ်ကြီးနားမြို့၌ ၁၆ နာရီအတွင်း ၁၂ ပေခန့်မြင့်တက်ခဲ့ပြီး ဖေဖော်ဝါရီ ၂၄ ရက် မွန်းလွဲ ၁၂ နာရီခွဲတိုင်းထွာချက်အရ နှစ်ရက်အတွင်း ငါးပေခန့် ပြန်လည်ကျဆင်းခဲ့ပြီဖြစ်သည်။ အဆိုပါမြစ်ရေသည် ဗန်းမော်မြို့၌ နှစ်ရက်အတွင်း ရှစ်ပေခန့်နှင့် ကသာမြို့၌ တစ်ရက်အတွင်း သုံးပေခန့်မြင့်တက်ခဲ့သည်ကို တွေ့ရှိရသည်။

ဧရာဝတီမြစ်အထက်ပိုင်းတွင် မြင့်တက်ခဲ့သော မြစ်ရေများသည် နောက်တစ်ရက်မှ နှစ်ရက်အတွင်း ကသာမြို့၌ ငါးပေခန့်၊ နောက်နှစ်ရက်မှ လေးရက်အတွင်း မန္တလေးမြို့၊ စစ်ကိုင်းမြို့၊ မြင်းမူမြို့၊ ပခုက္ကူမြို့နှင့် ညောင်ဦးမြို့တို့တွင် ငါးပေမှ ခြောက်ပေခန့်နှင့် နောက်ငါးရက်မှ ၁၀ ရက်အတွင်း ချောက်မြို့၊ မင်းဘူးမြို့၊ မကွေးမြို့၊ အောင်လံမြို့၊ ပြည်မြို့၊ ဆိပ်သာမြို့၊ ဟင်္သာတမြို့နှင့် ဇလွန်မြို့တို့တွင် လေးပေမှ ငါးပေခန့် လက်ရှိရေမှတ်များအထက် မြင့်တက်လာနိုင်သည်။

သို့ဖြစ်၍ မြစ်ကြောင်းများအတွင်းသွားလာနေကြမည့် ရေယာဉ်၊ လှေ၊ သင်္ဘောများအနေဖြင့် ဂရုပြုသင့်ပါကြောင်းနှင့် မြစ်ရေနည်းစဉ် သဲသောင်ခုံများတွင် စိုက်ပျိုးနေထိုင်ကြသူများအနေဖြင့်လည်း မြစ်ရေ ရုတ်တရက်တိုးလာနိုင်မှုကို ဂရုပြုနေထိုင်သင့်ပါကြောင်း အကြံပြုအပ်ပါသည်။ **(မိုး/ဇလ)**

**ပြင်ဆင် ဖတ်ရှုပါရန်**

ဖေဖော်ဝါရီ ၂၄ ရက် မြန်မာ့အလင်းသတင်းစာ ကျောဖုံးပါ "တပ်မတော်က ရှမ်းပြည်နယ်မြောက်ပိုင်း နမ့်ဆန်၊ ကျောက်မဲမြို့နယ်များ အတွင်း ရှင်းလင်းလျက်ရှိ" သတင်းတွင်ပါရှိသည့် SSA (ရွက်ဆစ်)အဖွဲ့ (အစား) **ရှမ်းပြည်ပြန်လည်ထူထောင်ရေးကောင်စီ/ရှမ်းပြည်တပ်မတော် (တောင်ပိုင်း) (RCSS/SSA-S)** ဟု ပြင်ဆင်ဖတ်ရှုပါရန်။ **(သတင်းစဉ်)**

## AFC Cup ပြိုင်ပွဲတွင် ရန်ကုန်အသင်း ပွဲဦးထွက်အနိုင်ရ

သတင်း-ညီမြတ်သော်တာ
ဓာတ်ပုံ-ဖိုးသော်ဇင်

**ရန်ကုန် ဖေဖော်ဝါရီ ၂၄**

၂၀၁၆ AFC Cup ပြိုင်ပွဲ အုပ်စု (G) ပထမနေ့ပွဲစဉ် အဖြစ် ရန်ကုန်အသင်းနှင့် တောင်တရုတ်(ဟောင်ကောင်) အသင်းတို့ ယနေ့ ညနေပိုင်းက သုဝဏ္ဏကွင်း၌ ယှဉ်ပြိုင်ရာ ရန်ကုန်အသင်းက နှစ်ဂိုး-တစ်ဂိုးဖြင့် အနိုင်ရရှိခဲ့သည်။

MNL အမှတ်ပေးချန်ပီယံ ရန်ကုန်အသင်းမှာ အုပ်စု အဖွင့်ပွဲစဉ်တွင် အမှားအယွင်းမရှိ နိုင်ပွဲရယူပြီး ပွဲဦးထွက် အမှတ်ပြည့် ရယူနိုင်ခဲ့သည်။ တောင်တရုတ်အသင်း၏ ကစားပုံကောင်းမွန်မှုကြောင့် ရန်ကုန်အသင်း ခက်ခက်ခဲခဲ ကစားခဲ့ရသလို ပယ်နယ်တီတစ်ကြိမ်၊ အနီကတ်ဖြင့် တစ်ဦး ထုတ်ပယ်ခံခဲ့ရသောကြောင့် အနိုင်သုံးမှတ်ရရှိရန် ရုန်းကန်ခဲ့ရသည်။ အမာခံကစားသမားအချို့ ပါဝင်နိုင်ခြင်းမရှိသော်လည်း *စာမျက်နှာ ၁၄ ကော်လံ ၁* ■



**ရန်ကုန်အသင်းနှင့် တောင်တရုတ်အသင်းတို့ ယှဉ်ပြိုင်နေစဉ်။**

mmalin.npt @ gmail.com,
www.facebook.com/MYANMAALINNNEWS
မြန်မာ့အလင်း

